


မိုးကျော်သူ
တားရယ်ဖြင်းရှယ်
ဗိန်းကာလေးရယ်
ဒုတိယပိုင်း
ဇာတ်သိမ်း

အတန်ကြာငြိမ်သက်နေရာမှ ....

မူစန်းလင်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဒီကိစ္စမှာ နဂါးစိမ်းဂိုဏ်းနဲ့ပတ်သက်တယ်လို့ထင်နေလား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ကျွန်တော် လဆန်းဆယ်ရက်မှာ ဟန်ကျူးကိုရောက်တယ်၊ တည်းခိုခန်းမှာမြင်းနဲ့ဝန်စည်စလယ်ထားခဲ့ပြီး ညနေပိုင်း ကောင်းသုံးကောင်းထမင်းဆိုင်မှာထမင်းသွားစားတယ်"

"အဲဟိုမှာ ညမွှေးပန်းနဲ့တွေ့တယ်လို့ကျုပ်တို့ကြားတယ်"

"ဟုတ်ပါတယ် .... ညမွှေးပန်းဟာ ခြေရာဖျောက်ထားတဲ့ တစ်ကိုယ်တော်ဓားပြလို့ပြောပါတယ်၊ ဒါလောက် စည်ကားတဲ့နေရာကို သူမလာသင့်ဘူး၊ ဒါပေမယ့် အဲဒီနေ့မှာပဲ သူရောက်လာခဲ့တယ်"

ထွန်းယို့သည် တွေးရင်းတစ်ချက်ပြုံးလိုက်၏။

ပြီးမှ စကားဆက်လိုက်ပြန်သည်။

"သူ့ကို သူများမမြင်မှာစိုးရိမ်လို့နဲ့တူပါတယ်၊ သူက လှေဝမ်းထဲမှာနေပြီး အပြင်ဘက်ကိုခေါင်းပြူထားလိုက်သေးတယ်"

မူစန်းလင်က အနည်းငယ်စဉ်းစားပြီး ....

"အင်း .... ဒီတစ်ချက်ကတော့ထူးဆန်းနေတယ်"

ထွန်းယို့ကဆက်၍ ....

"အဲဒီအချိန်မှာဘဲ သံမဏိဘုန်းကြီး တပည့်တွေက သူ့ကို တွေ့ကြတယ်၊ ပိုပြီးရှင်းရှင်းပြောရရင် ကျုပ်ရှိနေတဲ့အချိန်မှာရွေးပြီး သူ့ကိုတွေ့ကြတယ်ဆိုပါတော့"

မူစန်းလင်က သူ့အားတစ်ချက်မော့ကြည့်လိုက်ပြီး ....

"ဒီကိစ္စမှာ သူတို့ ကြိုတင်အကွက်ဆင်ထားတယ်လို့ ခင်ဗျား ဆိုလိုတာလား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... နို့မဟုတ်ရင် ဒါလောက်တိုက်ဆိုင်မယ် မဟုတ်ပါဘူး"

မူစန်းလင်က အနည်းငယ်စဉ်းစားလိုက်ပြီး ....

"ဒါဖြင့် သံမဏိဘုန်းကြီးနဲ့ ညမွှေးပန်းတို့ဟာ တစ်ကျိတ်ထဲ တစ်ဉာဏ်ထဲဆိုပါတော့"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်လာမယ့်အချိန်ကိုက်ပြီး ဇာတ်ထုပ်ခင်း ပြတယ်လေ"

အတန်ကြာငြိမ်သက်စွာနားထောင်နေသော ဝါဝါဘုန်းသည်



ရုတ်တရက်သက်ပြင်းချလိုက်ပြီး ....

"ကိုယ့်ကိုယ်ကို အာဇာနည်သူရဲကောင်းလိုဘဝင်မြင့်နေတဲ့ လူငယ်တစ်ယောက်၊ အရက်ကလဲ သောက်ထားတယ်၊ သူ့မျက်စိရှေ့ မှာလူဆိုးတွေက မိန်းကလေးကိုစော်ကားနေတာတွေ့ရတော့ ဘယ် နေနိုင်တော့မလဲဗျ၊ နောက်ပြီး ညမွှေးပန်းကလဲ အတော်ကိုလှတယ် မဟုတ်လား"

ထွန်းယို့သည် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ မဲ့၍သာပြုံးနေ ရလေသည်။

မူစန်းလင်သည် မျက်မှောင်ကုပ်လိုက်ပြီး ....

"သူတို့ ဒီလိုအကွက်ဆင်တာဟာ ဘာရည်ရွယ်ချက်များရှိ လို့လဲ"

ထွန်းယို့က အတန်ငယ်စဉ်းစားလိုက်ပြီး ....

"ပထမ သူတို့လူရှောက်ယင်းကို အကြောင်းတစ်ခုကြောင့် သတ်ဖို့ရည်ရွယ်ထားတာနဲ့တူတယ်၊ အဲဒီတော့ .... သူတို့က ကျုပ်ကို တရားခံအဖြစ်ဖန်တီးလိုက်တာပေါ့"

လူကောက်၏မျက်နှာသည် ဖြူဖပ်ဖြူလျော်ဖြစ်သွားလေ သည်။ ထွန်းယို့ကဆက်၍ ....

"ဒါကြောင့် .... ညမွှေးပန်းက ကျုပ်ရဲ့ဂေျာက်စိမ်းဓားကို ခိုးထားခဲ့တယ်"

မူစန်းလင်သည် လူကောက်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး ....

"သူတို့က ဘယ်လိုပဲဖြစ်ဖြစ် လူကောက်က သူ့သားအတွက် ခင်ဗျားကို ကလဲ့စားချေလိမ့်မယ်လို့တွက်ထားတယ်"

ထွန်းယို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ရဲ့အကြံဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့အကြံပါပဲ"

မူစန်းလင်က တစ်စုံတစ်ခုကိုသတိရလာရင်း ....

"နေပါဦး၊ လူရှောက်ယင်းရဲ့ပုလဲလုံးနဲ့ကျောက်စိမ်းပြားဟာ ညမွှေးပန်းက ခင်ဗျားကိုသက်သက်မဲ့ လက်ဆောင်ပေးလိုက်တာပဲလား"

ထွန်းယို့ကခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး၊ သူပေးရင် ကျုပ်လက်ခံမယ်မဟုတ်ဘူးဆိုတာ သူတို့သိတယ်၊ ဒါကြောင့် .... သူက အင်မတန်ပါးနပ်တဲ့ နည်းပရိယာယ်ဆင်သွားတာပါ"

သူသည် နောက်ပိုင်းကျမှ ညမွှေးပန်းသည် သူတွေးထင်ထားသည့်မိန်းကလေးမျိုးမဟုတ်ဘဲ ....

သူမသည် လွန်စွာပရိယာယ်ကြွယ်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းနားလည်လာလေသည်။



လူကောက်က သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ပြောစမ်းပါဦးဗျ၊ သူဘယ်လိုပရိယာယ်ဆင်သလဲဆိုတာ"

ထွန်းယို့သည် ဝါဂါဘုန်းအားတစ်ချက်မော့ကြည့်လိုက်၏။

ဝါဝါဘုန်းသည် ....

သူ့အားမကြည့်ဘဲ တစ်ဖက်သို့မျက်နှာလွှဲထားသည်။

"သူဆင်လိုက်တဲ့ပရိယာယ်ကရိုးရိုးလေးပါ၊ သူက ကျုပ်မြင်သာအောင် ကျုပ်ဆီကပစ္စည်းတွေကိုခိုးယူထားလိုက်တယ်လေ"

သူကပင် ဆက်၍ပြောသည်။

"အဲ၊.... ဘယ်သူဖြစ်ဖြစ် ကိုယ့်ပစ္စည်းအခိုးခံရတာတော့ မကျေနပ်ကြဘူးပေါ့၊ ပြန်ခိုးချင်တဲ့စိတ်လဲပေါ်လာမှာဘဲ၊ အဲဒီလို စိတ်သဘောကိုနားလည်ထားတဲ့ညမွှေးပန်းက ကျုပ်ပြန်ခိုးနိုင်အောင် အိပ်ပျော်ဟန်ဆောင်နေလိုက်တာပေါ့၊ ကျုပ်လက်ထဲရောက်မှ ကျုပ်မပိုင်တဲ့အပိုပစ္စည်းပါလာတာတွေ့ရင် ဘယ်လိုလုပ်ကြမလဲ၊ ချက်ချင်း ပြန်ပို့မယ်ထားဦး၊ သူကတော့ရှိမှာမဟုတ်တော့ဘူး၊ နောက်ပြီး ကျုပ်က လူစိမ်းဆိုတော့ နေရာကိုမှတ်မိမှာမဟုတ်ဘူးဆိုတဲ့အချက်လဲ သူတို့တွက်ထားဟန်ရှိတယ်"

မူစန်းလင်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လူရှောက်ယင်းကလဲ ခင်ဗျားနဲ့ဇနီးလောင်းလုဘက်ဖြစ်တယ်၊ သူအသတ်ခံရတယ်၊ သူ့ဆီကပစ္စည်းတွေ ခင်ဗျားဆီ

မှာတွေ့တယ်၊ အဲဒီတော့ အဖေလုပ်တဲ့လူက သားအတွက် ခင်ဗျား ကိုသတ်မှာသေချာတယ်၊ သူတို့ရဲ့အကြံဟာအတော်ပိရိပါလားဗျာ”

မူစန်းလင်၏စကားကြောင့် ....

ထွန်းယို့ကပြုံးလိုက်သည်။

“ဟုတ်ပါတယ်၊ သူတို့အကြံဟာ အတော်စေ့စပ်ပါတယ်၊ ဒါ ပေမယ့် သူတို့တစ်ခုအတွက်လိုသွားတယ်”

မူစန်းလင်ကမျက်မှောင်ကုပ်လိုက်သည်။

“ဟုတ်လား၊ ဘယ်လိုများအတွက်လိုသွားပါလိမ့်”

ထွန်းယို့ကပြုံးလိုက်ပြီး ....

“ကျုပ်ကမမျှော်လင့်ဘဲ ဖဲဝိုင်းမှာလူကောက်နဲ့မိတ်ဆွေတွေ ဖြစ်ခဲ့ရတယ်လေ”

လူကောက်က အတန်ကြာစဉ်းစားပြီး ....

“သံမဏိဘုန်းကြီးလဲ ကျုပ်ရဲ့မိတ်ဆွေပဲ၊ သူ ဘာဖြစ်လို့ ည မွှေးပန်းနဲ့ပေါင်းသင်းနေလဲဆိုတာ ကျုပ်စဉ်းစားလို့မရဘူး”

ထွန်းယို့က မျက်နှာတည်ငြိမ်စွာဖြင့် ....

“သံမဏိဘုန်းကြီးက ညမွှေးပန်းနဲ့ပေါင်းတာမဟုတ်ဘူးဗျ၊ သူပေါင်းတာကနဂါးစိမ်းဂိုဏ်းဗျ”

ထွန်ယို့ကတစ်ချက်ပြုံးလိုက်ပြီး ....

“ကျုပ်ရှင်းပြမယ် .... သံမဏိဘုန်းကြီးနဲ့ပတ်သက်ပြီး ကျုပ်



လေ့လာကြည့်တယ်၊ သူဟာ ရှောင်လင်ဘုန်းကြီးကျောင်းမှာ ဘုရား သားတော်အဖြစ်ခံယူခဲ့တယ်၊ ဒါပေမယ့် သူဟာ ရှောင်လင်ဘုန်းကြီး ကျောင်းရဲ့သိုင်းပညာရပ်များတွေကို အဆင့်အတော်မြင့်အောင်တတ် မြောက်ခဲ့ပေမယ့် သူ့အဆင့်ကမတိုးခဲ့ဘူး၊ ဒါကြောင့် သူကရှောင်လင် ကျောင်းကိုပုန်ကန်ပြီးထွက်လာတယ်၊ နောက် လူဝတ်လဲလိုက်တယ်”

လူကောက်က မျက်မှောင်ကုပ်သွားပြန်သည်။

“ဒါတွေ ကျုပ်အားလုံးသိထားပြီးပါပြီဗျ”

ထွန်းယို့ကရယ်မောကာ ....

“ဟုတ်ကဲ့ ... ကျုပ်ဆက်ရှင်းပြမယ်၊ သူလူဝတ်လဲပြီးနောက် မခံချင်စိတ်ပေါ်လာတာနဲ့ သူတစ်ဂိုဏ်းထောင်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒီ အချိန်မှာဘဲ နဂါးစိမ်းဂိုဏ်းက သူ့ကိုလာပြီးစည်းရုံးလိုက်တယ်ပေါ့၊ နဂါးစိမ်းဂိုဏ်းဟာ ငွေဆိုငွေ၊ ရွှေဆိုရွှေရှိတယ်မဟုတ်လား”

လူကောက်ကခေါင်းညိတ်လိုက်သည်။

ထို့နောက် သက်ပြင်းရှည်တစ်ချက်ချလိုက်လေသည်။

“ကျုပ်မိတ်ဆွေတစ်ယောက် ဒီလိုဇာတ်သိမ်းသွားတယ်ဆို တာ ကျုပ်ဝမ်းနည်းလို့မဆုံးပါဘူးဗျာ”

မူစန်းလင်သည် အတန်ကြာငြိမ်သက်နေပြီးမှ ....

“ဒီကိစ္စမှာ နဂါးစိမ်းဂိုဏ်းကသံမဏိဘုန်းကြီးကိုတာဝန်ပေး ထားတယ်လို့ ခင်ဗျားယူဆသလား”

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

မူစန်းလင်က မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် သံမဏိဘုန်းကြီးဟာ ဒီနယ်ရဲ့နဂါးစိမ်းဂိုဏ်းခွဲမှူး ဖြစ်နေမှာပေါ့"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"ပထမတော့ ကျုပ်လဲဒီလိုထင်ခဲ့တယ်"

"အခုကော ...."

"သူ မဖြစ်နိုင်ဘူး၊ အခြားလူတစ်ယောက်ရှိရဦးမယ်၊ သံမဏိဘုန်းကြီးက ဒီလူခိုင်းတာကိုလုပ်နေရတယ်၊ ဒါကြောင့် သူတို့အကြံမအောင်မြင်တာနဲ့ သံမဏိဘုန်းကြီးကို သူတို့က သတ်လိုက်တာဖြစ်ရမယ်"

မူစန်းလင် မျက်လုံးပြူးကျယ်သွားသည်။

"သူတို့က ဘာဖြစ်လို့ သံမဏိဘုန်းကြီးကိုသတ်လိုက်ရတာလဲဗျ"

ထွန်းယို့ကမျက်နှာခပ်တည်တည်ဖြင့် ....

"အင်း ပထမအချက်ကတော့ နှုတ်ပိတ်လိုက်တဲ့သဘောပါပဲ၊ ဒုတိယအကြောင်းကတော့ အာဏာပြလိုက်တာဖြစ်ရမှာပေါ့"

မူစန်းလင် မျက်မှောင်ကုပ်သွားပြန်သည်။

"အာဏာပြတာဟုတ်လား"



ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နဂါးစိမ်းဂိုဏ်းအတွက် အလုပ်လုပ်ပေးတဲ့လူတွေဟာ ပေးလိုက်တဲ့တာဝန်ကို အောင်မြင်အောင်မလုပ်နိုင်ရင် သေဖို့တစ်လမ်းဘဲရှိတယ်၊ ဒါကြောင့်လဲ နဂါးစိမ်းဂိုဏ်းအတွက် အလုပ်လုပ်ပေးတဲ့လူမှန်သမျှ အစွမ်းကုန်လုပ်ကြရတာပေါ့"

မူစန်းလင် ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့်လဲ နဂါးစိမ်းဂိုဏ်းဟာ လုပ်သမျှအောင်မြင်နေတာပေါ့"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"ဒါပေမယ့် ဒီကိစ္စမှာ သူတို့မအောင်မြင်ဘူးဗျ"

မူစန်းလင်ကရယ်မောကာခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားလဲမသေသေးဘူး၊ ထွက်သွားမယ်ဆိုရင်လဲ ခင်ဗျားကိုဟန့်တားမဲ့လူမရှိတော့ဘူး"

ထွန်းယို့က မူစန်းလင်၏စကားမဆုံးမီ ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်ကသာ ဒီလိုနဲ့ထွက်သွားရင် သူတို့က အောင်မြင်သွားမှာပေါ့"

မူစန်းလင် မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ထွန်းယို့က အတန်ကြာစဉ်းစားလိုက်ပြီး ....

"သူတို့ရဲ့အကြံက ကျုပ်နဲ့လူရှောက်ယင်းကိုအပြတ်ရှင်းဖို့ပဲ"

မှူစလင်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်"

"အခု လူရှောက်ယင်းသေသွားပြီ"

"ဒါလဲဟုတ်တယ်"

"ကျုပ်လဲ အသက်ရှင်သန်နေပေမဲ့ သေသွားတာနဲ့ အတူတူပဲမဟုတ်လား"

မှုစန်းလင် မျက်မှောင်ကုပ်သွားပြန်သည်။

"ခင်ဗျားစကားကို ကျုပ်နားမလည်ဘူး"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"အခြေအနေအရ ကျုပ်ဟာ လူရှောက်ယင်းကိုသတ်တဲ့လူသတ်သမားတစ်ယောက်ဖြစ်နေတယ်၊ အနည်းဆုံးတော့ ကျုပ်အနေနဲ့ လူသတ်သမားမဟုတ်ပါဘူးဆိုတာ သက်သေမပြနိုင်ခဲ့ဘူး၊ အဲဒီတော့ ကျုပ် ပုလဲကျေးရွာကိုသွားရင် သူတို့က ကျုပ်ကိုဘယ်လိုဆက်ဆံကြမလဲ"

မှူစန်းလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လူသတ်တရားခံလို့သံသယဖြစ်နေတဲ့ လူတစ်ယောက်ကို သူတို့က ဘယ်လက်ခံနိုင်မှာလဲ"



ထွန်းယို့က မဲ့ပြုံးပြုံးလိုက်ပြီး ....

"လူသတ်သမားလို့စွပ်စွဲခံရတဲ့လူတစ်ယောက်ဟာ ဘယ်ကိုပဲရောက်ရောက်၊ ဘယ်သူကအရေးထားမလဲ၊ တစ်နေ့မဟုတ်တစ်နေ့မှာ သူ့ကိုတစ်ယောက်ယောက်ကသတ်သွားရင်လဲ ဘယ်သူကမှ သူ့ကိုသနားမှာမဟုတ်ဘူးပေါ့"

မှုစန်းလင်သည် ထွန်းယို့၏စကားကိုနားထောင်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်ထောက်ခံလိုက်လေ၏။

"ဟုတ်တယ်၊ ခင်ဗျား ဘယ်ကိုဘဲသွားသွား သူတို့ကတော့ နည်းအမျိုးမျိုးနဲ့လိုက်သတ်မှာပဲဗျ"

ထွန်းယို့ကသက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဒါတင်ဘယ်ကမလဲဗျာ၊ သူတို့က ကျုပ်ကိုချောင်းသတ်ပြီး လူကောက်ရဲ့ခေါင်းပေါ်အပြစ်ပုံချမှာဘဲ၊ အကြောင်းပြချက်ကတော့ လူကောက်ဟာ သူ့သားအတွက်ကလဲ့စားချေတယ်ပေါ့"

မှူစန်းလင်သည် ထွန်းယို့အားစေ့စေ့ကြည့်လိုက်ပြီး ....

"အင်း .... ကျုပ်အစက ခင်ဗျားကိုအထင်သေးခဲ့တယ်"

ထွန်းယို့ မျက်လုံးပြူးသွားသည်။

"ကျုပ်ကိုအထင်သေးတယ်၊ ဟုတ်လား"

မှူစန်းလင်ကရယ်မောလိုက်ပြီး ....

"ဟုတ်တယ်၊ အစတုန်းကတော့ ခင်ဗျားဟာ သူငွေးသားမို့

ပျော်မယ်၊ ပါးမယ်၊ သုံးဖြုန်းမယ်၊ ဒါပဲသိမယ်လို့ထင်နေတာ၊ အခု တော့ ကျုပ်တို့ထက် အများကြီးပါးနပ်နေပါလားလို့အံ့သြမိတယ်ဗျို့"

မူစန်းလင်၏စကားကြောင့် ဝါဝါဘုန်းမှာ မနေနိုင်တော့ဘဲ ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... သူကတော့ကြည့်ရတာ နုံတုံ တုံအတတနဲ့ အမှန်တော့သိပ်လျှင်တဲ့လူဗျ၊ သူ့ကိုအထင်သေးရင် မှား သွားမှာပေါ့"

မူစန်းလင်ကလည်း ရယ်မောလိုက်သည်။

"ကျုပ်သာ ပုလဲကျေးရွာကကျူခွမ်းဖြစ်ရင် သူ့ကိုသားမက် လောင်းအဖြစ်ရွေးမှာအသေအချာပဲဗျ"

ဝါဝါဘုန်း၏မျက်နှာသည် ရုတ်တရက်တင်းမာသွားကာ ...

"အင်းလေ .... ခင်ဗျားက ပုလဲကျေးရွာက ကျူခွမ်းမဟုတ် တော့လဲ ခက်တာပေါ့"

သူမ၏စကားကြောင့် အားလုံးပင် ဝါးခနဲပွဲကျသွားကြလေ တော့သည်။

ooo



မှောင်စပြုလာပြီဖြစ်၍ လေညှင်းကလေးသည် အနည်းငယ် အေးစိမ့်လာသည်ဟုထင်ရသည်။

ဤကဲ့သို့သောရာသီမျိုးတွင် ....

ချောင်းဆိုးဝေဒနာရှိနေသော လူကောက်အဖို့ ချောင်းတ ဟွပ်ဟွပ်ဆိုးနေရလေတော့သည်။

သူသည် အမှောင်ထဲ၌ ရပ်၍နေသည်။

သူ၏သက်ပြင်းချသံများသည် ကြားရသူအဖို့ ကရုဏာစိတ် များ တဖွားဖွားပေါ်လာစေလေသည်။

သူသည် အဝေးဆီသို့ငေးမောရင်း ....

"ကျုပ်သားတော့ဆုံးသွားရှာပါပြီ"

ဟု တစ်ယောက်တည်းရေရွတ်နေလေသည်။

သူသည် သူတို့ဘက်သို့ဖြည်းဖြည်းချင်းလှည့်လိုက်သည်။

"ကျုပ်သားဟာ သိပ်ပြီးပါးနပ်လိမ်မာမှုမရှိပေမယ့် လူဆိုး သူခိုးတော့မဟုတ်ပါဘူး"

သူ၏စကားကို အားလုံးက ငြိမ်သက်စွာပင် နားထောင်နေကြလေသည်။ သူကဆက်ပြော၏။

"ကျုပ်မှာဒီသားတစ်ယောက်ထဲရှိတယ်၊ သူဟာမာနရှိတယ်၊ စွန့်စားချင်တဲ့စိတ်ရှိတယ်၊ မခံချင်တဲ့စိတ်လဲရှိတယ်၊ သူ့အမေက ကျုပ်ကိုဂရုစိုက်ဖို့အတန်တန်မှာခဲ့ရှာတယ်၊ ဒါပေမယ့် ကျုပ်က သူ့အပေါ်တာဝန်မကျေခဲ့ဘူး"

ထွန်းယို့သည် ခေါင်းငိုက်စိုက်ကျသွားသည်။

သူ၏မိခင်ကိုလည်း သတိရလာသည်။

မိခင်သည် သားသမီးများအတွက်အမြဲလိုလိုပူပင်သောကရှိတတ်ကြသည်မဟုတ်ပါလော။

ယခု သူ့မိခင်လည်း သူ့အတွက်စိတ်ပူနေရှာရော့မည်။

သူသည် ဤသို့တွေးရင်း လူကောက် ဆက်ပြောနေသော စကားများကိုပင်မကြားလိုက်ရတော့ချေ။

သူသတိပြန်ရလာသောအခါ ....

လူကောက်က သူ၏ပခုံးကိုကိုင်လျက် ....

"ကျုပ် ဒါတွေပြောပြတာက ကျုပ်ဟာ ကျုပ်သားအတွက် တရားခံအစစ်ဖော်ထုတ်ဖို့ဆန္ဒပြင်းပြတယ်ဆိုတာ ခင်ဗျားနားလည်စေချင်လို့ပါ"

ထွန်းယို့ကခေါင်းငိုက်စိုက်ချလျက် ....



"ဟုတ်ကဲ့၊ ကျုပ်နားလည်ပါတယ်"

"ဒါပေမယ့် သက်သေအထောက်အထားမရသေးခင် ဘယ်သူ့ကိုမှသံသယမဖြစ်စေနဲ့"

"ဟုတ်ကဲ့၊ ကျုပ်သဘောပေါက်ပါပြီ"

"ခင်ဗျား သဘောမပေါက်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ဆိုလိုတာက နဂါးစိမ်းဂိုဏ်းကိုသွားပြီး သံသယမဖြစ်စေဖို့ပါပဲ"

ထွန်းယို့ကခေါင်းမော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

လူကောက်ကအေးစက်စွာဖြင့် ....

"ကျုပ်တို့ တစ်ယူသန်စိတ်မထားရဘူး၊ တစ်ယူသန်အစွဲရှိရင် တို့မှားသွားနိုင်တယ်၊ နဂါးစိမ်းဂိုဏ်းဟာ အင်အားအလွန်တောင့်တင်းတယ်၊ နယ်ကျယ်တယ်၊ တို့သာ လမ်းတစ်ချက် မှားသွားတာနဲ့ သူတို့က တို့ကိုမျိုသွားမှာပဲ"

ထွန်းယို့သည် ယခုမှ လူကောက်၏ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်သဘောပေါက်လေတော့သည်။

"ဟုတ်ကဲ့၊ ခင်ဗျားဆိုလိုတာကို ကျုပ်သဘောပေါက်ပါပြီ၊ ကျေးဇူးလဲတင်ပါတယ်"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"အင်း .... ခင်ဗျားသဘောပေါက်ရင် အကျိုးရှိပါလိမ့်မယ်"

သူသည် ဤသို့ပြောပြီး ပဝါဖြင့်ပါးစပ်အုပ်ကာချောင်းဆိုးနေပြန်လေသည်။ ဤတစ်ကြိမ်တွင် သူသည် ခါးကုန်းသွားအောင်ပြင်းထန်စွာချောင်းဆိုးနေ၏။

ရုတ်တရက် .... ဝှေ့ယမ်းလာသောလေထဲ၌ သက်ပြင်းချသံသဲ့သဲ့ကြားလိုက်ရသည်။

ooo

ထိုနေရာသည် သစ်ပင်များထူထပ်စွာရှိသောနေရာဖြစ်၏။ ထိုသက်ပြင်းချသံသည် ထိုသစ်ပင်များကြားမှထွက်ပေါ်လာခြင်းဖြစ်ပေသည်။

သက်ပြင်းချသံကြားလိုက်သည်နှင့် လူကောက်၏မျက်နှာကွက်ခနဲပျက်သွားသည်။

"ဘယ်သူလဲ"

ဟုအော်ဟစ်မေးလိုက်သည်။ ယင်းသို့အော်ဟစ်မေးသည်နှင့်တစ်ဆက်တည်းမှာပင် သူ၏ခန္ဓာကိုယ်သည် ရှေ့သို့တစ်ဟုန်ထိုးခုန်၍ထွက်သွားလေတော့သည်။



ရောဂါဝေဒနာထူထပ်သောလူကောက်သည် ထိုတစ်ဒင်္ဂအချိန်လေးတွင် သန်မာဖျတ်လတ်သောသိန်းငှက်တစ်ကောင်ပမာ လေထဲသို့ဝဲပျံထွက်သွားလေသည်။

ထို့နောက် သစ်ကိုင်းများ၊ သစ်ရွက်များ၏ လှုပ်ရှားသံများတရှပ်ရှပ်ပေါ်ထွက်လာလေသည်။ ထွန်းယို့၊ ဝါဝါဘုန်း၊ မူစန်းလင်နှင့်ရှာချောင်တို့ကလည်း လူကောက်နောက်မှ လိုက်၍ထွက်သွားကြလေသည်။

လူကောက်၏ကိုယ်ဖော့ပညာ လျင်မြန်လွန်းလှသည်။

သို့သော် သက်ပြင်းချခဲ့သောလူ၏ကိုယ်ဖော့ပညာက သူတို့ထက်ပို၍လျင်မြန်သည်ဟုထင်ရသည်။ လူကောက် ရောက်သွားသည့်အချိန်တွင် ထိုလူအားမတွေ့လိုက်ရတော့ချေ။

ထွန်းယို့တို့လူစုရောက်ရှိလာကြသည့်အခါ လူကောက်တစ်ယောက်တည်းငိုင်၍ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သူ၏မျက်နှာထားမှာလည်း ထူးထူးခြားခြားဖြစ်နေ၏။

ထွန်းယို့ကမနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"ဘယ်သူလဲဗျ"

လူကောက်သည် အတန်ကြာစဉ်းစားနေပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။

သို့သော် ချက်ချင်းပင်ခေါင်းခါပြလိုက်ပြန်သည်။

လူကောက်၏သဘောကိုကား မည်သူမျှသိမည်မဟုတ်ပါချေ။ သို့သော် လူကောက် မဖြေလိုသောအကြောင်းအရာကို မည်သူကမျှ ထပ်မံမမေးကြတော့ပါ။

ထိုလူကား မည်သူဖြစ်နေသနည်း။

သူဘာကြောင့် သစ်ပင်ကြားမှချောင်းနေရသနည်း။

သူ အဘယ်ကြောင့် သက်ပြင်းချနေရသနည်း။

လူကောက်ကတော့ သိချင်သိလိမ့်မည်။

သို့သော် ပြောရန်ဘာကြောင့်ငြင်းဆန်နေသနည်း။

ထွန်းယို့သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ဘယ်သူပဲဖြစ်ဖြစ် တို့ကိုအန္တရာယ်ပြုဖို့မဟုတ်ဘူးဆိုတာတော့သေချာတယ်"

ဝါဝါဘုန်းက အသံခပ်အုပ်အုပ်ဖြင့် ....

"ဟိုလူများဖြစ်နေမလား"

"ဘယ်သူလဲ"

"သူ့ကိုကျုပ်ရိပ်ခနဲမြင်လိုက်တယ်၊ မျက်နှာတော့မသဲကွဲဘူး၊ ဒါပေမယ့် သူကကျုပ်အင်္ကျီကိုဝတ်ထားတယ်"

ထွန်းယို့မျက်လုံးပြူးသွားသည်။

"ခင်ဗျားအင်္ကျီ"

ဝါဝါဘုန်းခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ် .... ကျုပ်ဝတ်တဲ့အစိမ်းနုရောင် အပေါ်အင်္ကျီ၊ ယောက်ျားအင်္ကျီဗျာ"

ထွန်းယို့သည် ဘာမျှထပ်မံမပြောတော့ပါချေ။

ဝါဝါဘုန်းကအသံတိုးတိုးဖြင့် ....

"ခင်ဗျားလဲသိတယ်မဟုတ်လား၊ ကျုပ်ကိုမလိမ်ချင်စမ်းပါနဲ့"

ထွန်းယို့ကပြုံးပြလိုက်ပြီး ....

"ခင်ဗျားက သူ့မျက်နှာကိုသဲသဲကွဲကွဲမှမမြင်ရဘဲ၊ အရမ်းမစွပ်စွဲသင့်ဘူးထင်တယ်"

ဝါဝါဘုန်းကမဲ့ပြုံးပြုံးလိုက်ပြီး ....

"သူ့ကိုစွပ်ကိုစွပ်စွဲရလိမ့်မယ်၊ သူသာ မဟုတ်တာမလုပ်ရင် ခိုးချောင်ခိုးဝှက်လုပ်စရာမလိုဘူး၊ ဒါကြောင့် သူဟာသံသယရှိသင့်တဲ့လူတစ်ယောက်ဖြစ်တယ်၊ နဂါးစိမ်းဂိုဏ်းကလဲဖြစ်ချင်ဖြစ်နိုင်တယ်"

ထွန်းယို့ပါးစပ်ပိတ်ထားလိုက်ရသည်။ သူ့ဖခင် ပေးထားသောစည်းကမ်းခုနစ်ချက်ထဲသို့ သူက နောက်ထပ်စည်းကမ်းတစ်ချက်တိုးထားလိုက်သည်။ ထိုစည်းကမ်းချက်မှာ ....

"ဘယ်တော့မှ ဝါဝါဘုန်းနှင့်အငြင်းအခုန်မလုပ်ရ"

ဟူ၍ဖြစ်ပါသည်။

ooo

သို့သော် ....

ထွန်းယို့က ဘာမှပြန်မပြောသော်လည်း ဝါဝါဘုန်းကအလွတ်မပေးချေ။ သူမသည် မဲ့၍ပြုံးလိုက်ပြီး ....

"သူများက ခင်ဗျားကိုပါးနပ်တယ်၊ ဉာဏ်ကောင်းတယ်လို့ပြောလိုက်တာနဲ့ ဘဝင်မြင့်သွားပြီဟုတ်လား၊ ခင်ဗျားက ခင်ဗျားသာပါးနပ်ပြီး ကျန်တဲ့လူအားလုံးကနုံတယ်၊ အ,တယ်များထင်နေလား"

ထွန်းယို့သည် ဝါဝါဘုန်း၏စကားကို ဟုတ်သည်လည်းမဖြေမဟုတ်ဘူးဟူ၍လည်းမငြင်းဘဲ ဆိတ်ဆိတ်သာနေလေသည်။

ထွန်းယို့ စကားပြန်မပြောလေလေ ဝါဝါဘုန်းက ပို၍ဒေါသကြီးလာလေလေဖြစ်လေတော့သည်။

သူမသည် ခါးထောက်လိုက်ပြီး ....

"ခင်ဗျားကိုယ်ခင်ဗျား သိပ်လျင်ပြီလို့ထင်ရင်မှားသွားမှာပေ့ါ တကယ်တော့ ခင်ဗျားလျင်တယ်ဆိုတာ ကျုပ်အိပ်နေသလောက်ပဲရှိတယ်ဆိုတာသိထားပါ"

ထွန်းယို့သည် ပြုံး၍သာနေသည်။

ပါးစပ်ပိတ်မြဲ ပိတ်ထား၏။

မူစန်းလင်ကရယ်မော၍ ....

"ဆိုပါဦး၊ ခင်ဗျားက ဘာများလျင်သလဲဆိုတာ"

ရှာချောင်ကလည်း ရယ်မောပြီး ....



"ဟုတ်တယ်၊ ခင်ဗျားလဲပြောပြဦးမှ ကျုပ်တို့က ခင်ဗျားတို့နှစ်ယောက် ဘယ်သူကိုလျင်တယ်ဆိုတာဆုံးဖြတ်ပေးနိုင်မှာပေ့ါ"

ဝါဝါဘုန်းသည် ထွန်းယို့အားမကျေမနပ်ဖြင့် ....

"ကျုပ်ကပြောဖို့စိတ်မကူးခဲ့ပါဘူး၊ ဒါပေမယ့် သူက ဘဝင်ကိုင်လွန်းလို့ ကျုပ်ကပြောရတော့မှာ"

မူစန်းလင်သည် သူမ၏စကားကိုထောက်ခံသလိုအနေဖြင့် ခေါင်းညိတ်လိုက်သည်။ ဝါဝါဘုန်းကဆက်၍ ....

"ဒီပြဿနာဟာ ထွေထွေထူးထူးလိုက်နေစရာမလိုပါဘူး၊ လွယ်လွယ်လေးရယ်၊ ကျုပ်က သူဘာလုပ်မလဲဆိုတာစောင့်ကြည့်နေတာ၊ အလကား တတ်ယောင်ကားနဲ့ တောင်စဉ်ရေမရလျှောက်ပြောဖို့ပဲတတ်တယ်"

မူစန်းလင်၏မျက်နှာတွင် တက်ကြွသည့်အရိပ်အယောင်များပေါ်လွင်လာသည်။

"ဒီလိုဆိုပြောစမ်းပါဦး .... ခင်ဗျား ဘာလုပ်ဖို့ စိတ်ကူးထားသလဲဆိုတာ"

ဝါဝါဘုန်းကပြုံးလိုက်ပြီး ....

"ဒီအရုပ်တော်ပုံဟာ ညမွှေးပန်းကစခဲ့တယ်၊ ဒါကြောင့် ဒီအရုပ်တော်ပုံကိုရှင်းချင်ရင် ညမွှေးပန်းကပဲရှင်းနိုင်မယ်မဟုတ်လား"

မူစန်းလင်က သဘောတူထောက်ခံလိုက်သည်။

ကန့်ကွက်မည့်သူလုံးဝမရှိပါချေ။ ဝါဝါဘုန်း၏ဝိုင်းစက်သော မျက်လုံးအစုံသည် သူတို့အားဝေ့ကြည့်လိုက်ပြီး ....

"ဒါပေမယ့် .... ခင်ဗျားတို့ ညမွှေးပန်းကိုရှာလို့မတွေ့ဘူး မဟုတ်လား၊ ခင်ဗျားတို့ထဲက ဘယ်သူကော ညမွှေးပန်းဘယ်မှာရှိတယ်ဆိုတာသိကြသလဲ"

မူစန်းလင်သည် ဝါဝါဘုန်း၏စကားကြောင့် မျက်လုံးများတဖိတ်ဖိတ်တောက်ပနေလေသည်။ သူသည် စူးစမ်းသည့်အနေဖြင့် ....

"ခင်ဗျားက ညမွှေးပန်းဘယ်မှာရှိတယ်ဆိုတာကိုသိထားတယ်ဟုတ်လား"

ဝါဝါဘုန်းသည် မျက်စောင်းထိုးကာ ထွန်းယို့အား တစ်ချက်ကြည့်လိုက်ပြီး ....

"ကျုပ်ကသိပါတယ်လို့ပြောရင် ခင်ဗျားတို့က ယုံမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကဘယ်သူလဲ၊ ကျုပ်ကဘာဖြစ်လို့ ခင်ဗျားတို့ထဲမှာဝင်ပြီးရောနေတယ်ဆိုတာ ခင်ဗျားတို့သိကြတာမှမဟုတ်လို့ဘဲ"

ဝါဝါဘုန်း၏စကားကြောင့် အားလုံးသည် ထွန်းယို့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ထွန်းယို့သိသည်ဟု အားလုံးကထင်ကြသည်။

သို့သော် .... ထွန်းယို့ကမူ၍သာပြုံးပြပြီး ခေါင်းခါယမ်းလိုက်လေသည်။



သူသည်လည်း ဝါဝါဘုန်းနှင့်ပတ်သက်၍ ဘာမျှသိခဲ့သည်မှမဟုတ်ဘဲ။

အတန်ကြာအောင်ပင် အားလုံးကငြိမ်သက်နေကြသည်။

ဝါဝါဘုန်းက မဲ့၍ပြုံးလိုက်ပြန်သည်။

"ခင်ဗျားတို့အားလုံးက သူထင်သလို ကျုပ်ဟာနေရာတကာမှာအငြင်းအခုံသန်တဲ့မိန်းကလေးတစ်ယောက်လို့ ထင်နေကြမှာပဲ"

သူမသည် ထပ်မံပြုံးပြပြန်လေသည်။

"ဒါပေမယ့် ခင်ဗျားတို့ ကျုပ်ကိုထည့်ပြီးစဉ်းစားဖို့ကောင်းတယ်၊ ဥပမာ ကျုပ်ဘယ်ကလာသလဲ၊ ဘာ့ကြောင့် မဆီမဆိုင် ခင်ဗျားတို့ယောကျ်ားတွေကြားမှာလာနေရသလဲ၊ အခုဖြစ်နေတဲ့ကိစ္စဟာ ကျုပ်နဲ့သာမဆိုင်ရင် ကျုပ်ကဘာဖြစ်လို့နေရာတကာမှာဝင်စွက်နေမှာလဲဆိုတာ စဉ်းစားဖို့ကောင်းတယ်"

မှန်ပါ၏။

သူမ ရှင်းပြတော့မှ ဝါဝါဘုန်းအပေါ် သူတို့ဥပေက္ခာပြုထားသည်ကိုသတိရလာမိသည်။ ဤသို့ဆိုလျှင် ဝါဝါဘုန်းကား ဘယ်သူဖြစ်ပါသနည်း။

သူမ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင် သူတို့အရှုပ်တော်ပုံထဲပါဝင်လာရပါသနည်း။

လူကောက်ပါစိတ်ဝင်စားလာလေသည်။

သူသည် ဝါဝါဘုန်းအား သေသေချာချာအကဲခပ်ရင်း ....

"ဒီလိုဆို မိန်းကလေးကဘယ်သူပါလိမ့်"

ဝါဝါဘုန်းသည် လူကောက်၏မေးခွန်းအား ဖြေသင့် မဖြေသင့်ဟု ချင့်ချိန်နေသည်။

အတန်ကြာမှ ....

သူမသည် ပြောပြရန်ဆုံးဖြတ်လိုက်လေသည်။

"ခင်ဗျားတို့ နေပြည်တော်တရားရုံးမှာ တစ်ဦးတည်းသော အမျိုးသမီးအမှုထမ်းတစ်ယောက်ရှိတယ်ဆိုတာ ကြားဖူးကြသလား"

လူကောက် အနည်းငယ်စဉ်းစားလိုက်ပြီး ....

"နေပြည်တော်မှာ နာမည်ကြီးတဲ့အမျိုးသမီးအာဏာသား တစ်ယောက်ရှိတယ်လို့တော့ကြားဖူးတယ်၊ သူ့နာမည်ကိုတော့ မသိဘူး၊ အားလုံးက သူ့ကို 'ခြေသည်းခုနစ်ချောင်းသိမ်းငှက်' လို့ခေါ်ကြတယ်လို့ကြားဖူးတယ်'

မူစန်းလင်ကလည်း ခေါင်းညိတ်ကာ ....

"ဟုတ်တယ် .... သူက တရားခံကိုဖမ်းတဲ့နေရာမှာ အင်မတန်နာမည်ကြီးနေတယ်၊ အခုဆိုရင် တရားရုံးမှာ နာမည်ကြီးတဲ့ အာဏာသားသုံးယောက်ထဲက သူ အတော်ဆုံးလို့ နာမည်ကြီးနေတယ်"

ဝါဝါဘုန်းက မျက်နှာထားအေးစက်စက်ဖြင့် ....



"ခင်ဗျားတို့ သူ့ကိုတွေ့ဖူးကြသလား"

ထွန်းယို့အပါအဝင်အားလုံးက ခေါင်းခါပြလိုက်သည်။

ဝါဝါဘုန်းသည် ရင်ကိုကော့လိုက်ပြီး ....

"ကဲ .... အခု ခင်ဗျားတို့ သူ့ကိုတွေ့မြင်လိုက်ရပြီလို့ မှတ်လိုက်ကြပေတော့"

မူစန်းလင် ထိတ်လန့်တုန်လှုပ်သွားကာ ....

"ဗျာ .... ခင် .... ခင်ဗျားက ခြေသည်းခုနစ်ချောင်းသိမ်းငှက်ဟုတ်လား"

ဝါဝါဘုန်းက ခါးကိုင်းညွတ်လိုက်ပြီး ....

"ဟုတ်ပါတယ်၊ ကျုပ် ခြေသည်းခုနစ်ချောင်းသိမ်းငှက်ပါ"

လူကောက်၊ ရှာချောင်တို့သာမက ထွန်းယို့ပါ မျက်လုံးပြူးကာ သူမအားငေး၍ကြည့်မိလေတော့သည်။

လူကောက်က ချောင်းအနည်းငယ်ဟန့်လိုက်ပြီး ....

"ဒါဖြင့် ခင်ဗျား အခုဟန်ကျူးရောက်လာတာဟာ ညမွေးပန်းကိုဖမ်းဖို့ပေါ့ဟုတ်လား"

ဝါဝါဘုန်းခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် သူက အမှုအခင်းတွေများနေလို့ အထက်က သူ့ကိုဖမ်းနိုင်ဖို့ ကျုပ်ကိုတာဝန်ပေးလိုက်တာပါ"

မူစန်းလင်က သက်ပြင်းတစ်ချက်ချ၍ မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျုပ်တို့က အတော်လျင်လှပြီလို့ ကိုယ့်ကိုယ်ကိုယုံကြည်နေကြတာဗျ၊ တကယ့် တကယ်တမ်းမှာတော့ ကျုပ်တို့ ဘာမှမသိခဲ့ကြဘူး၊ မိန်းကလေးကလဲ သိပ်ပြီးလျှို့ထားတာကိုး"

ဝါဝါဘုန်းသည် သူ၏တာဝန်ဝတ္တရားများကို ဆက်လက်ရှင်းပြလေသည်။

"ညမွှေးပန်းရဲ့ အမှုတွေဟာ တစ်နေ့တစ်ခြားများလာတယ်၊ နောက်ပြီး သူက အတိမ်းအရှောင်ကလဲ သိပ်ကောင်းနေတော့ သူ့ကိုဖမ်းမိဖို့မလွယ်ဘူးပေ့ါ၊ ဒါကြောင့် အထက်က ကျုပ်ကိုလွှတ်လိုက်တာပါ၊ အခု သူဘယ်မှာရှိတယ်ဆိုတာ သိထားပြီးပါပြီ၊ ဒါပေမယ့် ကျုပ်အဖော်တစ်ယောက် မရောက်သေးတာနဲ့ ...."

မှုစန်းလင်က ဝါဝါဘုန်းအား စိုက်ကြည့်လိုက်ပြီး ....

"ဒါဖြင့် ညမွှေးပန်းကိုဖမ်းဖို့ အချိန်စောင့်ရဦးမှာပေ့ါ"

"ပထမတော့ ကျုပ်က အဖော်ရောက်လာမှ သူ့ကိုဖမ်းမယ်လို့စိတ်ကူးထားတယ်၊ ဒါပေမယ့် ...."

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အခုတော့ ကျုပ်က မခံချင်လွန်းလို့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြောလိုက်မိပြီ၊ အဲဒီတော့ ကျုပ်အနေနဲ့ အဖော်ကိုစောင့်လို့ မဖြစ်တော့ဘူး"

မှုစန်းလင်က ကိုယ့်ရင်ဝကိုလက်ဖြင့်ပုတ်လိုက်သည်။



"ဟုတ်တယ်၊ မိန်းကလေး ကျုပ်ဆီက အကူအညီလိုချင်ရင် အချိန်မရွေးပြောပါ၊ ကူညီပါ့မယ်"

ဝါဝါဘုန်းသည် ထွန်းယို့အပါအဝင်အားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

"ခင်ဗျားတို့ကော"

ဟုမေးလိုက်သည်။

လူကောက်ကခေါင်းညိတ်လိုက်သည်။

"ကျုပ်မှာကူညီဖို့တာဝန်ရှိပါတယ်"

ထွန်းယို့နှင့်ရှာချောင်တို့ကလည်း ကူညီပါမည်ဟု ကတိပြုလိုက်ကြလေသည်။

မှုစန်းလင်ကဆက်၍ ....

"မိန်းကလေး ဘယ်အချိန် ညမွှေးပန်းကို သွားဖမ်းမယ်လို့ စိတ်ကူးထားသလဲ"

ဝါဝါဘုန်း၏မျက်နှာသည် အလွန်တည်ကြည်၍ လေးနက်သောအသွင်ကိုဆောင်နေလေသည်။

"ခင်ဗျားတို့အားလုံးကိုတော့ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် သတင်းမပေါက်ကြားမီ အမိဖမ်းရလိမ့်မယ်၊ ဒါကြောင့် ဒီကနေ့ညဖမ်းဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ပြဿနာ တစ်ခုတော့ရှိတယ်၊ အခုချိန်ကစပြီး ဒီလျှို့ဝှက်ချက်ကြားသိရတဲ့လူမှန်သမျှ ကျုပ်အနားက ထွက်

မသွားရဘူး၊ တခြားလူနဲ့လဲ စကားမပြောရဘူး၊ ဒါပဲ”

ယခု ဝါဝါဘုန်းသည် လုံးဝပြောင်းလဲသွားလေပြီ။

ခါတိုင်း ရယ်ရယ်မောမောနေလေ့ရှိသော မိန်းကလေးတစ်ယောက်သည် ယခုတော့ ဝါရင့်သည့် နေပြည်တော်အမှုတော်ထမ်းတစ်ဦးအသွင်ဖြင့် ခန့်ညားထယ်ဝါနေသည်။

တည်ငြိမ်ရဲရင့်နေသည်။

လူကောက်သည် သူမအား လေးစားရိုသေဟန်ဖြင့် ....

“ကျုပ်နဲ့ကျုပ်တို့မိတ်ဆွေအားလုံးဟာ မိန်းကလေးရဲ့အမိန့်ကိုနာခံဖို့အဆင်သင့်ရှိနေပါတယ်”

ဟုပြောလိုက်လေသည်။

ဝါဝါဘုန်းကမျက်နှာခပ်တည်တည်ဖြင့် ....

“ကျေးဇူးတင်ပါတယ်၊ ညမွှေးပန်းကိုဖမ်းမိတဲ့အခါ ခင်ဗျားတို့ကိုမှတ်တမ်းတင်မှာပါပဲ၊ ဒါပေမယ့် ....”

လူကောက်၊ မူစန်းလင်နှင့် ရှာချောင်တို့သည် ပြိုင်တူမေးလိုက်ကြသည်။

“ဘာများလိုအပ်ပါသေးသလဲ”

ဝါဝါဘုန်းကမျက်မှောင်တစ်ချက်ကုပ်လိုက်ပြီး ....

“ဝမ်ဟွီးတစ်ယောက်ကျန်သေးတယ်၊ သူ့ဆီကလဲအကူအညီတောင်းရလိမ့်မယ်”



မူစန်းလင်ကရယ်မောလိုက်ပြီး ....

“ဒီအတွက်တော့မပူပါနဲ့ ဝမ်ဟွီးကိုကျုပ်ဆိုင်မှာသွားရှာရင်တွေ့ပါလိမ့်မယ်”

ဝါဝါဘုန်းက အားလုံးကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး ....

“ကဲ .... ဒါဖြင့် ဝမ်ဟွီးဆီသွားကြမယ်၊ အားလုံးလိုက်ခဲ့ကြ”

ဝါဝါဘုန်းသည် ဤသို့ပြောပြီး ရှေ့ဆုံးမှထွက်သွားလေတော့သည်။

ooo

ဝါဝါဘုန်းသည် ရှေ့မှဦးဆောင်ထွက်ခွါသွားပြီဖြစ်သည်။

ထွန်းယို့သည် ပခုံးတစ်ချက်တွန့်ကာ နောက်မှလိုက်ပါသွားလေသည်။

ကျန်လူများကလည်း ဆက်၍လိုက်သွားကြလေတော့၏။

သူတို့သည် မူစန်းလင်ထမင်းဆိုင်၌ ဝမ်ဟွီးအားတွေ့ရှိကြလေသည်။ ချောမောလှပသောထမင်းဆိုင်ရှင်သည် သူ့အနားတွင်ထိုင်လျက် ....

“ဟော့ဝမ်ဟွီး .... မင်း ဒီမှာ ရိုးရိုးထမင်းလာစားတာလား၊ ငါ့မိန်းမကိုလာပြီး ရစ်နေတာလား”

မှူစန်းလင်သည် ခရီးရောက်မဆိုက်ပင် ဝမ်ဟွီးအား ခနဲ့လိုက်လေသည်။

"ဟ .... ဘုရားဖူးရင်း လိပ်ဥတူးရင်းဆိုတဲ့စကား မင်းမကြားဖူးဘူးလား"

မှူစန်းလင်က သူ့အားဆွဲခေါ်လိုက်သည်။

"ဒါတွေထားလိုက်ပါ၊ ကျုပ်အရေးကြီးတဲ့ကိစ္စတစ်ခုရှိတယ်"

ဟုပြောပြီး သူ့နားသို့ကပ်၍တိုးတိုးပြောလိုက်လေသည်။

ဝမ်ဟွီးကလည်း ဝါဝါဘုန်းအား အံ့သြစွာဖြင့်လှည့်ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေလေသည်။ ....

"ရှင်တို့ ဘာတွေရှုတ်ရှုတ်လုပ်ဦးမလို့လဲ"

မှူစန်းလင်ကပြုံးပြလိုက်ပြီး ....

"နည်းနည်းကိစ္စရှိလို့ပါ"

ဟုပြန်ပြောပြီး သူတို့သည် ထမင်းဆိုင်မှထွက်လာခဲ့ကြလေတော့သည်။ နေပူကျဲကျဲမှ ရုတ်တရက်မှောင်မည်း၍လာလေသည်။

တိမ် ဒိုင်တိမ်ခဲများသည် ကောင်းကင်တစ်ခုလုံးကို ပိတ်ဖုံးလျက်ရှိသည်။ ထို့နောက် မိုးပေါက်များသည် တဖြောက်ဖြောက်ရွာချလိုက်လေတော့သည်။

ooo



မိုးကတဖြည်းဖြည်း သည်းလာသည်။

တံစက်မြိတ်မှကျလာနေသောမိုးရေများကိုကြည့်ကာ အားလုံးမျက်မှောင်ကုပ်ထားကြလေသည်။

ဝါဝါဘုန်းကမူ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား မိုးရွာလိုက်တာဟန်ကျတာပဲ"

မှူစန်းလင်ကမျက်မှောင်ကုပ်၍ သူမအားကြည့်ပြီး ....

"ခင်ဗျား မိုးကိုနှစ်သက်နေလို့လား"

ဝါဝါဘုန်းကပြုံးလိုက်ပြီး ....

"သည့်ပြင်အချိန်မှာ မိုးရွာရင် ကျုပ်လဲမကြိုက်ဘူး၊ ဒါပေမယ့် အခုမိုးရွာတာသိပ်ဟန်ကျတယ်"

မှူစန်းလင်က နားမလည်နိုင်သောမျက်လုံးဖြင့်ကြည့်ကာ..

"ဘာဖြစ်လို့လဲဗျ"

ဝါဝါဘုန်းကပြုံး၍ ....

"ခင်ဗျားတို့ကဒီနယ်သားတွေပဲ၊ ဒီတော့ အားလုံးက ခင်ဗျားတို့ကိုသိနေကြတယ်၊ ခင်ဗျားတို့ ဘယ်သွားသွား အသိမိတ်ဆွေတွေနဲ့ ကင်းနိုင်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် မိုးရွာချလိုက်တော့ ဟန်ကျတယ်လို့ပြောတာပေါ့"

လူကောက်ကလည်း မျက်မှောင်ကုပ်သွားကာ ....

"မိန်းကလေးက ဘာ့ကြောင့်ဟန်ကျတယ်လို့ပြောတာလဲ"

ဝါဝါဘုန်းက နံရံပေါ်၌ ချိတ်ထားသောမိုးကာနှင့်ခမောက်များယူချလိုက်သည်။ ထို့နောက် သူတို့အားလုံးကို မိုးကာနှင့်ခမောက်တစ်လုံးစီပေးလိုက်ပြီး ....

"ခင်ဗျားတို့ ဒါတွေဝတ်ထားရင် ဘယ်သူကမှခင်ဗျားတို့ကို မှတ်မိမှာမဟုတ်တော့ဘူး"

ထွန်းယို့သည် သူမ၏ကြို့တင်စီစဉ်ထားရှိမှုများကို ချီးကျူးသောမျက်လုံးဖြင့် သူမအားမော့ကြည့်လိုက်လေသည်။

ooo



အနောက်ကန်သည် မိုးရွာသည့်အခါဖြစ်စေ ....

နေပူသည့်အခါဖြစ်စေ ....

နှင်းကျသည်အခါဖြစ်စေ ....

လှပမြဲလှပနေလေ့ရှိပေသည်။

ထိုအချိန် အနောက်ကန်၏တစ်ဖက်ရှိ တောင်ကုန်းပေါ်သို့ တက်ရာမြေလမ်းကလေးပေါ်၌ မိုးကာအင်္ကျီဝတ်ပြီးခမောက်ဆောင်းထားသောလူတစ်စုသည် ....

ချောနေသော ရွှံ့ဗွက်ထဲ၌ ခြေထောက်မြဲမြဲနင်းကာ တောင်ကုန်းပေါ်တက်နေကြလေသည်။

ဤသို့မိုးရွာသည့်အချိန်၌ တောင်ကုန်းပေါ်တက်သူ လွန်စွာရှားပါးလှ၏။

လမ်းကလေးလည်း ကျဉ်းပြီး ရွှံ့ဗွက်ကလည်းထူထပ်သဖြင့် သူတို့သည် တစ်ကိုယ်လုံးရွှံ့များဖြင့်လူးနေလေတော့သည်။

သို့သော် ညမွေးပန်းအား အမိဖမ်းရန်အားခဲထားကြသဖြင့် တောလမ်းခရီးသည် မည်မျှကြမ်းတမ်းနေသော်လည်း မည်သူကမျှ ညည်းညူခြင်းမရှိပေ။

နေဝင်ပြီဖြစ်သဖြင့် ဝန်းကျင်တစ်ခုလုံး မှောင်အတိကျနေလေသည်။

မိုးသည် ပို၍သည်းလာလေသည်။

မကြာပါချေ။

သူတို့သည် တောင်ကုန်းပေါ်သို့ရောက်ရှိလာလေသည်။

အဝေးဆီမှ သစ်သားအိမ်တစ်လုံး မှုန်ဝါးဝါးတွေ့မြင်လိုက်ရသည်။ ဝါဝါဘုန်းက လက်ထောင်ပြလိုက်သည်နှင့် အားလုံးခြေလှမ်းရပ်တန့်သွားကြလေတော့သည်။

သစ်သားအိမ်ကလေး၏ပြတင်းပေါက်မှ မီးရောင်မှိန်မှိန်တစ်ခုပေါ်ထွက်လာသည်။

လူကောက်၊ ထွန်းယို့နှင့်ရှာချောင်တို့၏ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာလေ၏။

ဤအိမ်ကလေးထဲတွင် ညမွှေးပန်းရှိနေလိမ့်မည်ဟုလည်း ယုံကြည်သည်။ ရုတ်တရက် ခြေသံတစ်ခုကြားလိုက်ရသည်။

ဝါဝါဘုန်းသည် အားလုံးကိုလက်တစ်ချက်ပြပြီး မြေပေါ်သို့ဝပ်ချလိုက်သည်။

ခြေသံသည် တဖြည်းဖြည်းနီးကပ်လာလေသည်။

မကြာပါချေ။

အဘိုးအိုတစ်ဦးသည် လက်တစ်ဖက်က မီးအိမ်ကိုကိုင်လျက် ကျန်တစ်တစ်ဖက်တွင်အရက်အိုးဆွဲကာ လျှောက်လာနေသည်ကိုမြင်တွေ့လိုက်ရလေသည်။

အဘိုးအိုသည် သူတို့အနီးမှဖြတ်၍ တောင်အောက်သို့ဆင်း



သွားလေသည်။ ထိုအခါမှ ဝါဝါဘုန်းက မတ်တတ်ထရပ်လိုက်သည်။ မှုစန်းလင်တို့လူစုကလည်း မတ်တတ်ရပ်လိုက်ကြပြီး အကျီ၌ပေကျံနေသောမြို့ဖွက်များအား ခါချကြလေသည်။

ဝါဝါဘုန်းက လက်ဝှေ့၍အချက်ပြလိုက်ပြန်သည်။

ထို့နောက် .... သူတို့လူစုသည် အိမ်ကလေးဆီသို့ ဦးတည်၍သွားနေကြပြန်၏။

အိမ်ကလေးနှင့်ကိုက်ငါးဆယ်ခန့်အကွာသို့ အရောက်တွင် ဝါဝါဘုန်းကလက်ဝါးထောင်ပြလိုက်ရာ အားလုံးခြေလှမ်းရပ်တန့်သွားကြပြန်လေသည်။

ဝါဝါဘုန်းသည် အိမ်ကလေးဆီသို့ အတန်ကြာငေးကြည့်နေပြီးမှ အသံခပ်အုပ်အုပ်ဖြင့် ....

"ကျုပ်အရင်ဝင်မယ်၊ ခင်ဗျားတို့က အိမ်ကလေးကိုဝိုင်းထားလိုက်ကြ"

ဟုမှာကြားလိုက်သည်။

ထို့နောက် သူသည် ကိုယ်ခန္ဓာတစ်ချက်လှုပ်လိုက်သည်။

သူမ၏ခန္ဓာကိုယ်သည် မီးခိုးရောင်တန်းတစ်ခုပမာ အိမ်လေးဆီသို့ ဝဲပျံသွားလေတော့သည်။

"ကောင်းလိုက်တဲ့ကိုယ်ဖော့ပညာ"

ဝမ်းဟွီးက လွှတ်ခနဲပြောလိုက်လေသည်။

ခြေသည်းခုနစ်ချောင်းသိမ်းငှက်အမည်ခံ ဝါဝါဘုန်းသည် အိမ်တံခါးအား ခြေဖြင့်ဆောင့်ကန်ဖွင့်ပြီး အိမ်ထဲသို့တရှိန်ထိုးဝင်သွားလေသည်။

မူစန်းလင်တို့မှာလည်း အိမ်ကလေး၏လေးဘက်လေးတန်တွင်ဝိုင်းရံထားကြသည်။

ရုတ်တရက် အိမ်ခန်းထဲ၌ ....

"ဝုန်း" ဟူသောအသံတစ်သံထွက်ပေါ်လာပြီး ဝါဝါဘုန်း၏အသံ ဆက်၍ကြားလိုက်ရသည်။

"ဒီမှာညမွှေးပန်း၊ မင်းဘယ်ပြေးမလဲ"

ထိုအသံကြားသည်နှင့် မူစန်းလင်၊ လူကောက်၊ ရှာချောင်တို့သည် အိမ်ထဲသို့တစ်ဟုန်ထိုးစွတ်ဝင်သွားလေတော့သည်။

သို့သော် .... သူတို့အားလုံးသည် မင်တက်မိသကဲ့သို့ မလှုပ်မယှက်ဖြစ်သွားကြလေသည်။

အိမ်ခန်းတွင်း၌ လူတစ်ယောက်တည်းသာရှိသည်။

ထိုလူသည် ဝါဝါဘုန်းပင်ဖြစ်ပါသည်။

ooo



အခန်းတစ်ခုလုံး ညစ်ပတ်ပေရေနေသည်။

အိမ်ခန်း၏ထောင့်တစ်ခုတွင် ထင်းများစုပုံထားသည်။

စားပွဲပေါ်တွင် မီးအိမ်တစ်လုံးရှိနေသည်။

စားပွဲအနီးတွင် ဝါဝါဘုန်းသည် အေးဆေးစွာဖြင့် ရေစိုနေသောဆံပင်များအား အဝတ်တစ်ထည်ဖြင့်သုတ်၍နေလေသည်။

"ညမွှေးပန်းကော"

ဝမ်းဟွီးကမေးလိုက်ခြင်းဖြစ်သည်။

"မသိဘူး"

လူကောက်က ဝါဝါဘုန်းအားမျက်လုံးပြူးကာ ....

"မသိဘူးဟုတ်လား"

ဝါဝါဘုန်းကခေါင်းညိတ်လိုက်သည်။

"ကျုပ်ကဗေဒင်ဆရာမှမဟုတ်ဘဲ၊ ဘယ်သိမလဲ"

မူစန်းလင် မနေနိုင်တော့ဘဲ ....

"ဒါနဲ့ခင်ဗျားက ခြေသည်းခုနစ်ချောင်းသိမ်းငှက်ဆို"

"မ .... မ .... မဟုတ်ရပါဘူး၊ ကျုပ်က...."

ဝါဝါဘုန်း၏စကားမဆုံးမီ ဝမ်ဟွီးသည် မိမိတစ်ကိုယ်လုံးမှ ရှုံ့ဖွက်များကြည့်ပြီး ဒေါသထွက်လာကာ ....

"ဘာ ... မဟုတ်ဘူး၊ ဒါဖြင့် ကျုပ်တို့ကိုဘာဖြစ်လို့ ဒီကိုလိမ်ခေါ်လာရတာလဲ"

ဝါဝါဘုန်းက နှာခေါင်းလေးတွန့်သွားအောင် ပြုံးလိုက်ပြီး...

"ကျုပ်က ခင်ဗျားတို့ကိုစမ်းတာပါ"

မူစန်းလင်သည် ကိုယ်ပေါ်မှ ရွှံ့ဗွက်များသုတ်သင်ရှင်းလင်းလိုက်ရင်း....

"ကျုပ်တို့ကိုစမ်းတာဟုတ်လား"

"ဟုတ်တယ် .... ခင်ဗျားတို့ထဲက တစ်ယောက်ယောက်က နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးဖြစ်ရမယ်လို့ သံသယဖြစ်နေလို့ပါ"

ဝါဝါဘုန်းသည် ကိုယ်ပေါ်မှ ရွှံ့ဗွက်များသုတ်သင်ရင်း စကားဆက်လိုက်လေသည်။

"နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးကသာ ညမွှေးပန်း ဘယ်မှာရှိတယ်ဆိုတာသိတယ်၊ ကျုပ်ဒီလိုလုပ်နေတာကို သူကလိမ်နေတယ်ဆိုတာသိမှာပဲ၊ အဲဒီတော့ သူဟာအမူအရာမှာဖြစ်ဖြစ်၊ လှုပ်ရှားတဲ့နေရာမှာဖြစ်ဖြစ် သဲလွန်စပေါ်လာမှာပဲ"

မူစန်းလင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အခု ခင်ဗျားသဲလွန်စရလာပြီလား"

ဝါဝါဘုန်းကရှက်ပြုံးပြုံးလိုက်ပြီး ....

"မတွေ့ပါဘူး၊ ခင်ဗျားတို့အားလုံးဟာ လူကြီးလူကောင်းတွေဆိုတာ ကျုပ်ယုံပါပြီ၊ အခုလို ကျုပ်လိမ်မိတာကို စိတ်မရှိကြပါနဲ့နော်၊ ကျုပ်တောင်းပန်ပါတယ်"



ယောကျာ်းရင့်မာကြီးငါးယောက်သည် မိန်းကလေးတစ်ယောက်၏ပရိယာယ်မိပြီး အငတ်ခံ၊ အပင်ပန်းခံ၊ တစ်ကိုယ်လုံးလည်း ရစရာမရှိအောင် ရွှံ့ဗွက်တွေဖြင့်ဖြစ်နေသည်ကိုကြည့်ပြီး အားလုံးက ငိုအားထက် ရယ်အားသန်ဖြစ်ကုန်ကြတော့သည်။

သူတို့သည် ဝါဝါဘုန်းအားမကျေမနပ်ဖြစ်နေကြသော်လည်း လှပချောမောသောမိန်းကလေးတစ်ယောက်က တောင်းပန်နေသည့်နောက်တော့ ယောကျာ်းရင့်မာကြီးများက ခွင့်လွှတ်ရန်သာရှိသည်မဟုတ်ပါလော။

လူကောက်ကသက်ပြင်းချလိုက်ပြီး ....

"ကဲ .... မိန်းကလေး ဘာများအမိန့်ပေးဖို့ရှိသေးသလဲ"

ဝါဝါဘုန်းက မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်ပြီး....

"တစ်ခုပဲရှိတော့တယ်"

ဝါဝါဘုန်း၏စကားကြောင့် အားလုံးကသူမအားမျက်လုံးပြူး၍ကြည့်လိုက်ကြသည်။ ဤမိန်းကလေးက မည်သို့ဒုက္ခပေးဦးမည်နည်းဟုလည်း စိတ်ထဲ၌တွေးနေမိသည်။

ဝါဝါဘုန်းကရယ်မောလိုက်ပြီး ....

"ခုအချိန်ကစပြီး အားလုံးအိမ်ပြန်ကြပါ၊ ရေမိုးချိုးပြီး အိပ်ရေးဝဝအိပ်ကြပါလို့"

၀၀၀

အခန်းပြတင်းပေါက်သည် ပွင့်လျက်ပင်ရှိသေး၏။

မီးအိမ်လည်း ငြိမ်းသွားပြီဖြစ်ပါသည်။

တစ်ညလုံးရွာချသောမိုးလည်း လုံးဝရပ်သွားလေပြီ။

သူတို့သည် လှေကလေးဖြင့် ပြတင်းပေါက်ရှိရာအောက်သို့ လှော်ခတ်လာသည်။ သူတို့သည် ပြတင်းပေါက်မှအိမ်ထဲသို့ပြန်ဝင်ကြလေသည်။

သေတ္တာထဲကလုလင်သည် အခန်းပြင်ဘက်မှစားပွဲတွင်ထိုင်၍ သူတို့ကျန်ရှိခဲ့သောပေါက်စီများအား စားနေသည်ကိုတွေ့လိုက်ရလေသည်။

ထွန်းယို့ကလည်း ဗိုက်ဆာလာသဖြင့် ထိုလုလင်၏အနီးတွင် ထိုင်ချကာ ပေါက်စီယူစားလိုက်လေသည်။

ထိုလုလင်က သူ့အားပြုံးပြပြီး ....

"ပေါက်စီ မသိုးသေးဘူးဗျ"

ထွန်းယို့ကရယ်မောလိုက်ပြီး ....

"ဟုတ်တယ် ပေါက်စီကတော့မသိုးသေးဘူး၊ ကျုပ်ကတော့ သိုးနေပြီဗျ"

လုလင်က သူ့တစ်ကိုယ်လုံးကိုအကဲခတ်လိုက်ပြီး ....

"ခင်ဗျား ကန်ထဲမှာငါးသွားဖမ်းတာနဲ့တူတယ်၊ တစ်ကိုယ်လုံးရွှံ့ဗွက်တွေနဲ့ပါလား"



ထွန်းယို့ကရယ်မောလိုက်သည်။

"ကျုပ်ငါးသွားဖမ်းတာမဟုတ်ဘူးမိတ်ဆွေ၊ ကျုပ်က အလိမ်ခံလိုက်ရလို့ တစ်ကိုယ်လုံး ဝက်လိုရွှံ့လူးနေတာဟ"

လုလင်က သူ့အားမျက်လုံးပြူးကြည့်လိုက်သည်။

"ဘယ်သူက ခင်ဗျားကိုလိမ်လို့လဲ"

"ကျုပ် ...."

ဝါဝါဘုန်းက လက်နှစ်ဖက်ကိုနောက်ပစ်ကာ အခန်းထဲမှခပ်အေးအေးထွက်လာလေသည်။

"ဟုတ်တယ်၊ သူအလိမ်ခံရလို့ ရွှံ့တွေဗွက်တွေလူးနေတယ်ဆိုပါတော့၊ ဒါပေမယ့် ...."

သူမသည် ဤသို့ပြောရင်း နောက်ပစ်ထားသောလက်ကို ရှေ့သို့ဝှေ့ယမ်းလိုက်သည်။ သူမ၏လက်ထဲတွင် အစိမ်းနုရောင်အပေါ်အင်္ကျီပါလာသည်။

ထူးခြားသည်မှာ ယင်းအင်္ကျီတွင် ရွှံ့ဗွက်များဖြင့်ပေကျံ၍နေခြင်းဖြစ်လေသည်။ ဝါဝါဘုန်းသည် လုလင်အားစေ့စေ့ကြည့်လိုက်ပြီး စကားတစ်လုံးချင်းပြောချလိုက်လေသည်။

"ဒီအင်္ကျီဟာ ဒီမှာ အေးအေးဆေးဆေးအိပ်နေတယ်၊ ဘာဖြစ်လို့ ရွှံ့ဗွက်တွေပေကျံနေတာလဲ၊ သူ့မှာခြေထောက်များပေါက်နေသလားမသိဘူး၊ ဘုန်းကြီးကျောင်းတုန်းကလဲ သစ်ပင်ကြားထဲကို

ခိုးချောင်ခိုးဝှက်ရောက်သွားတယ်၊ နောက်ပြီး ကျုပ်တို့နောက်လိုက်ပြီး ရွံ့ဗွက်တွေလူးလာတယ်၊ ခင်ဗျားဘယ်လိုဖြေရှင်းမလဲ"

လုလင်၏ ဖြူဖပ်ဖြူရော်ရှိနေသောမျက်နှာတစ်ခုလုံးသည် ရုတ်တရက်နီရဲလာလေသည်။

ဝါဝါဘုန်းက အေးတိအေးစက်ဖြင့်ပြုံးလိုက်ပြီး ....

"ကျုပ်အဖြေပေးရမယ်ဆိုရင် ဒီအင်္ကျီကခြေထောက်မရှိဘူး၊ အဲဒီတော့ သူသွားလာနိုင်တာက ခင်ဗျားဆီကခြေထောက်ငှါးပြီးသွားတာဖြစ်ရမယ်"

ဝါဝါဘုန်း၏စကားကြောင့် ထွန်းယို့ကလည်း လုလင်အား သတိပြုစိုက်ကြည့်လိုက်မိလေသည်။

ဝါဝါဘုန်းကအသံကျယ်လောင်စွာဖြင့် ....

"ကျုပ်မေးစမ်းပါရစေ၊ ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့နောက်လိုက်နေရတာလဲ၊ ညမွှေးပန်းဟာ ခင်ဗျားနဲ့ဘယ်လိုပတ်သက်နေသလဲ၊ ဒီအရုပ်တော်ပုံဟာ ခင်ဗျားနဲ့ဘယ်လိုသက်ဆိုင်နေသလဲ"

ရုတ်တရက် ....

ပြတင်းပေါက်အပြင်ဘက်မှ လေ့ငယ်တစ်စင်းလှော်ခတ်သံကြားလိုက်ရသည်။ ထွန်းယို့နှင့်ဝါဝါဘုန်းတို့ ပြတင်းပေါက်ဘက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ထိုတစ်ဒင်္ဂအချိန်တွင် ....



လုလင်သည် ရုတ်တရက်ထိုင်ရာမှထပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် လေ၏အဟုန်ဖြင့် တံခါးမှအပြင်သို့ ခုန်ပျံထွက်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ....

ပြတင်းပေါက်မှ လူတစ်ယောက်သည်ပေါ့ ပါးဖျတ်လတ်စွာ ခုန်ပျံ၍ဝင်ရောက်လာလေသည်။

ဝင်လာသူမှာ လူကောက်ပင်ဖြစ်ပါသည်။

သူ၏ကိုယ်ပေါ်တွင် ရွံ့ဗွက်ပေကျံနေသောအဝတ်အစားများဝတ်လျက်ရှိနေသေးသည်။

ဝါဝါဘုန်း အံ့အားသင့်သွားသည်။

"ခင်ဗျားမပြန်သေးဘူးလား"

လူကောက်သည် ခေါင်းတစ်ချက်ခါယမ်းပြလိုက်ပြီး ....

"ကျုပ်မပြန်နိုင်သေးဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်လူသတ်ဖို့လာတာ"

ဝါဝါဘုန်း မျက်လုံးပြူးသွားသည်။

"လူသတ်ဖို့ဟုတ်လား၊ ဘယ်သူ့ကိုသတ်မလို့လဲ"

လူကောက်ကဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး ....

"မင်းတို့ကို"

ထွန်းယို့ မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

လူကောက်ကမျက်နှာတင်းတင်းထားပြီး ....

"ကျုပ်သားအတွက် ကလဲ့စားချေမလို့ပေါ့"

သူသည် ဤသို့ပြောပြီးသည်နှင့် ....

ရုတ်တရက် ထွန်းယို့အားတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သူ၏လက်ချောင်းကလေးများသည် စွန်ကုတ်ပုံသဏ္ဌာန်ဖြင့် ထွန်းယို့လည်ပင်းဆီသို့ရွယ်လိုက်၏။

ထိုစဉ်မှာပင် ....

"မှားကုန်မယ်၊ မလုပ်နဲ့"

ဟူသောအသံတစ်သံနှင့်အတူ လူရိပ်တစ်ရိပ်သည် အခန်းထဲသို့ ရုတ်တရက်ခုန်ပျံဝင်ရောက်လာလေသည်။

ဝင်လာသူမှာ ထိုလုလင်ပင်ဖြစ်နေတော့၏။

၀၀၀



ဤလုလင်သည် ဘယ်သူဖြစ်ပါသနည်း။

သူက အဘယ့်ကြောင့်ထွန်းယို့ဘက်ကဝင်ရောက်ကာကွယ်ပေးရပါသနည်း။

သူသိပါသည်။ လောကတစ်ခွင်၌ ထွန်းယို့ကလူရှောင်ယင်းကိုသတ်တဲ့တရားခံမဟုတ်ဟု သက်သေပြနိုင်သူမှာ သူတစ်ယောက်ပင်ဖြစ်ပါသည်။

အကြောင်းမှာ .... ဤလုလင်သည် လူကောက်၏သား၊ လူရှောင်ယင်းပင်ဖြစ်နေသောကြောင့်တည်း။

၀၀၀

လူရှောင်ယင်းမသေပါ။

ယခု သူသည် ဖခင်ရှေ့တွင် ဒူးတုပ်၍တောင်းပန်းတိုးလျှိုးနေလေသည်။

"ဖေဖေ သားမိုက်ကိုခွင့်လွှတ်ပါ"

လူကောက်က သားဖြစ်သူ၏ဆံကေသာကို အသာအယာပွတ်သပ်ရင်း ....

မင်း ဘာဖြစ်လို့ပုန်းရှောင်နေရတာလဲ"

"ကျွန်တော့်မှာ လုပ်စရာတွေကျန်နေသေးလို့ပါ၊ နောက်ပြီး

ဖေဖေ့ကိုလဲ တွေ့ရမှာရက်လို့ပါ"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"မင်းဟာအဖေ့သားပါ၊ သားအကြောင်းကို ဖေဖေက အသိဆုံးပါပဲ၊ နဂါးစိမ်းကိုဏ်းက တခြားလူသေအလောင်းတစ်ခုမှာ သားရဲ့အကျီဝတ်ပေးလိုက်ရုံနဲ့ ဖေဖေ့ကိုလိမ်လို့မရပါဘူး၊ ဘုန်းကြီးကျောင်းမှာ သားရဲ့သက်ပြင်းချသံကို ကြားလိုက်ရကတည်းက ငါ့သား တစ်နေရာမှာပုန်းအောင်းနေတယ်ဆိုတာ ဖေဖေတွေးမိတယ်"

လူကောက်သည် ဤသို့ပြောပြီး သူတို့သားအဖအား ငေး၍ကြည့်နေသောထွန်းယို့ဘက်သို့လှည့်ကာ ....

"ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်ဒီလိုမှဉာဏ်မဆင်ရင် ကျုပ်သားက ကျုပ်ကိုအတွေ့ခံမှာမဟုတ်လို့ပါ"

ဝါဝါဘုန်းက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ....

"ဒါဖြင့် .... စောစောက ခင်ဗျားကျုပ်တို့ကိုသတ်မယ်ဆိုတာ ဟန်လုပ်တာပေါ့"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်သားကမိုက်ပေမယ့် သူ့အဖေမှားမှားယွင်းယွင်းလုပ်မိမှာကိုတော့ အဖြစ်မခံပါဘူး"

ထွန်းယို့က နားမလည်နိုင်သောအသွင်ဖြင့် ....

"ခင်ဗျားက သူဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ"



လူကောက်ကပြုံးလိုက်ပြီး ....

"ဘုန်းကြီးကျောင်းမှာ ခင်ဗျားတို့အချင်းချင်း သေတ္တာထဲက လူအကြောင်းနဲ့ အဝတ်အစားအကြောင်း ပြောနေကြတာကြားခဲ့လို့ သိတာပေါ့"

ဝါဝါဘုန်းကရယ်မောလိုက်ပြီး ....

"ခင်ဗျားက နားအတော်ပါးသားပဲ"

လူကောက်သည် လူရှောင်ယင်းကိုစိုက်ကြည့်လိုက်ပြီး ....

"ငါ့သား မင်းဟာ ညမွှေးပန်းအပေါ် ဘယ်လောက်ချစ်နေတယ်ဆိုတာ အဖေကမှန်းဆပြီးသိပါတယ်၊ ဒါပေမယ့် ...."

လူကောက်၏စကားမဆုံးမီ လူရှောင်ယင်းက ....

"မပြောပါနဲ့ဖေဖေ၊ ကျွန်တော်နောင်တရပါပြီ"

လူကောက်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ဝါဝါဘုန်းဘက်သို့လှည့်၍ ....

"ခင်ဗျားစမ်းသပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သဲလွန်စမရခဲ့ဘူးလား"

ဝါဝါဘုန်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကျုပ်သံသယဖြစ်စရာကိုမတွေ့ခဲ့ရဘူး"

လူကောက်ကချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"ကျုပ်တော့တွေ့လိုက်တယ်"

ထွန်းယို့သည် စိတ်အားတက်ကြွလာကာ ....

"ဒါဖြင့် ဘယ်သူလဲ"

လူကောက်ကချောင်းတစ်ချက်ဟန့်လိုက်ပြန်သည်။

ပြီးမှ ....

"မှုစန်းလင်"

ဟုတုံးတိတိပြောလိုက်လေသည်။

"ဗျာ .... မှုစန်းလင်ဟုတ်လား"

ထွန်းယို့နှင့်ဝါဝါဘုန်းတို့မှာ ....

ကိုယ့်နားပင် ကိုယ်မယုံနိုင်အောင် အံ့အားသင့်သွားကြ၏။

"ဟုတ်တယ်၊ မှုစန်းလင်အကြောင်းကျုပ်အသိဆုံးပဲ၊ သူဟာ ဘယ်တော့မှအပင်ပန်းမခံဘူး၊ ဒါပေမယ့် သူတစ်ညလုံး တို့နဲ့ဒုက္ခခံခဲ့တာတောင် ဘာတစ်ခုမှညည်းညူခြင်းမရှိခဲ့ဘူး၊ အဲဒါကိုထောက်ရင် သူဟာ သံသယရှိစရာအကောင်းဆုံးဖြစ်လာတယ်"

လူကောက်သည် အတန်ကြာငြိမ်သက်နေပြီးမှ စကားဆက်လိုက်ပြန်သည်။

"သူ့ကိုမသင်္ကာမိတာတော့ကြာပါပြီ၊ ဘာဖြစ်လို့လဲဆိုရင် သူ့ထမင်းဆိုင်ကဘယ်လောက်များရောင်းရလို့လဲ၊ ဒါပေမယ့် သူ့အခန်းထဲမှာ ရွှေတွေငွေတွေဆိုတာ အိုးလိုက်ပြည့်နေတာပဲ"

ဝါဝါဘုန်းက လက်ဝါးတစ်ချက်ရိုက်လိုက်ပြီး ....



"ဟုတ်ပြီ၊ ဒါတွေကို သူဘယ်ကရလာတာလဲ"

လူရှောင်ယင်းသည် ရုတ်တရက်ခေါင်းမော့လိုက်ပြီး ....

"ကျွန်တော်တစ်ခုသတိရလာတယ်၊ ကျွန်တော်သတိလစ်နေတဲ့အချိန်မှာ လက်တစ်ဖက်ပြတ်တဲ့လူတစ်ယောက်က ညမွှေးပန်းနဲ့စကားများနေတာကိုတွေ့မိသလိုဘဲ"

ဝါဝါဘုန်း မျက်မှောင်ကုပ်လိုက်ပြီး ....

"ဟင် .... ဒီလိုဆို မှုစန်းလင်နဲ့ညမွှေးပန်းဟာ နဂါးစိမ်းဂိုဏ်းကလူတွေပေါ့"

လူကောက်ကခေါင်းညိတ်လိုက်သည်။

"ကျုပ်အထင်ကိုပြောရရင် မှုစန်းလင်ဟာ နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးဖြစ်ရမယ်"

"ဟား .... ဟား .... ဟား"

ကြောက်မက်ဖွယ်ရာ ရယ်သံတစ်သံသည် ရုတ်တရက်ပေါ်ထွက်လာလေသည်။ ရယ်သံမဆုံးမီ လူတစ်ယောက်သည် ပြတင်းပေါက်မှခုန်၍ဝင်ရောက်လာလေတော့သည်။

"အား ...."

ရုတ်တရက်ထွက်ပေါ်လာသည့် စူးရှသောအသံတစ်သံသည် အထန်းတစ်ခန်းလုံးပဲ့တင်ထပ်သွားစေလေသည်။

မှုစန်းလင်ကိုင်မြှောက်ထားသောဓားသည် ....

တဖြည်းဖြည်း အောက်သို့ကျကာ နောက်ဆုံး ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

သူ၏နောက်ကျောတွင် ဓားငယ်တစ်ချောင်းတန်းလန်းစိုက်ဝင်လျက်ရှိသည်။ သွေးများသည် ကျောပေါ်မှကြမ်းပင်ပေါ်သို့ စီးဆင်းကျလာလေသည်။

ထွန်းယို့အား အချိန်မီကယ်တင်လိုက်သူမှာ ဝါဝါဘုန်းပင်ဖြစ်ပါသည်။ ထွန်းယို့သည် မူစန်းလင်အား ဖေးမလိုက်သည်။

လူကောက်ကလည်း မူစန်းလင်သွေးများစီးမကျနိုင်ရန် သွေးကြောပိတ်ပေးထားလိုက်သည်။

လူကောက်က မူစန်းလင်အား ကရုဏာသက်သောမျက်နှာဖြင့်ကြည့်ကာ ....

"မိတ်ဆွေ .... ခင်ဗျားကနဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးလား"

ထွန်းယို့ကလည်း မူစန်းလင်အားကြည့်ကာ ....

"မိတ်ဆွေ ခင်ဗျားမသေသင့်ဘူးဗျာ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

မူစန်းလင်သည် သူတို့ကို မျက်လုံးအားယူပြီးကြည့်လိုက်၏။

"မိတ်ဆွေ ခင်ဗျားတို့ပြောခဲ့ဖူးတယ်မဟုတ်လား၊ နဂါးစိမ်းဂိုဏ်းအတွက် အလုပ်လုပ်ပေးတဲ့လူဟာ မအောင်မြင်ရင် သေရမယ်ဆိုတာလေ"



ထွန်းယို့ ခေါင်းငိုက်စိုက်ကျသွားလေသည်။

တစ်ချိန်တည်းမှာပင် မူစန်းလင်သည် ခေါင်းငိုက်စိုက်ကျကာ အသက်ထွက်သွားလေတော့သည်။

ဝါဝါဘုန်းမှာမူ ကိုယ့်လက်ကိုယ်ကြည့်ပြီးငိုင်နေသည်။

ထွန်းယို့က လူရှောင်ယင်းအားရုတ်တရက်လှည့်ကြည့်ပြီး ....

"ခင်ဗျား နောက်ဆုံး ညမွေးပန်းနဲ့တွေ့ခဲ့တဲ့အချိန်မှာ သူငါးမျှားနေသလား"

လူရှောင်ယင်းက အံ့အားသင့်စွာဖြင့် သူ့အားပြန်ကြည့်ကာ ခေါင်းညိတ်လိုက်လေသည်။ သူ၏စိတ်ထဲ၌ ထွန်းယို့ ဘာကြောင့်သိနေရသည်ဟု အံ့ဩနေမိလေသည်။

ooo

ကနေ့ နေသာသည်။

မှုစန်းလင်ထမင်းဆိုင်၏တံခါးသည် တစ်ခြမ်းဖွင့်ထား၏။

လူကောက်၊ လူရှောင်ယင်း ထွန်းယို့နှင့် ဝါဝါဘုန်းတို့သည် စားပွဲဝိုင်းတစ်ခုတွင်ထိုင်နေကြသည်။ စားပွဲထိုးလုလင်တစ်ယောက်သည် တံမြက်စည်းလှဲနေသည်။

"မင်းတို့ဆိုင်ရှင်ကော"

ထွန်းယို့ကရုတ်တရက်မေးလိုက်သည်။

"အိပ်တုန်း"

စားပွဲထိုးလုလင်၏တုံးတိတိဖြေသံ။

သူတို့သည် တိတ်ဆိတ်စွာထိုင်၍နေလေသည်။

ခင်ပွန်းသေဆုံးသွားကြောင်း ဇနီးဖြစ်သူအား လာရောက်အကြောင်းကြားရသည့်အလုပ်သည် အလွန်စိတ်ပင်ပန်းသောအလုပ်တစ်ခုဖြစ်သည်။

သူတို့သည် မုဆိုးမဖြစ်သွားရှာသော ထမင်းဆိုင်ရှင်အမျိုးသမီးအား မည်သို့ပြောရမည်ကို အတွေးကိုယ်စီဖြင့် ငြိမ်သက်၍နေကြလေသည်။

မကြာပါချေ။

ထမင်းဆိုင်ရှင်အမျိုးသမီးထွက်လာလေပြီ။ ဤမိန်းကလေးသည် အလွန်လှပချောမောပြီး ကိုယ်လုံးကိုယ်ပေါက်နှင့်လိုက်အောင်



အဝတ်အစားများလည်း ဝတ်ဆင်တတ်၏။

ကနေ့ သူမ၏မျက်နှာမှာ မကြည်လင်ပေ။

သူမသည် သူတို့ထံလျှောက်လာနေသည်။

ထွန်းယို့နှင့်လူကောက်တို့ ပြိုင်တူမတ်တတ်ရပ်လိုက်ကြ၏။

သူတို့သည် မိန်းကလေးအား မည်သို့ပြောရမည်ကိုတွေးတောနေ၏။ သူမသည် သူတို့အားပြုံး၍ ....

"စောစောစီးစီး ဘာကိစ္စများရှိလို့လဲ"

လူကောက်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"ခင်ဗျားရဲ့ခင်ပွန်း မှုစန်းလင်ဆုံးသွားပြီ"

သူ၏အသံသည် ထိန်းထားသော်လည်းတိမ်ဝင်သွားသည်။

မိန်းကလေးသည် နှုတ်ခမ်းကိုက်ထားလိုက်သည်။

အတန်ကြာမှ သူမ၏ပါးပြင်သို့ မျက်ရည်ဥကလေးများ ကျလာသည်။ သူမသည် ခေါင်းညိတ်လိုက်ပြီး ....

"အခု သူ့အလောင်းဘယ်မှာလဲ"

ဝါဝါဘုန်းက ဝမ်းနည်းသောလေသံဖြင့် ....

"ကျုပ်တို့အိမ်ခန်းမှာပါ"

သူမ၏အသံမှာတုန်ယင်စွာဖြင့် ....

"ကျွန်မ အလောင်းကိုလိုက်ယူပါ့မယ်"

သူမသည် ဤသို့ပြောပြီး အခန်းထဲဝင်ရန်လှည့်လိုက်သည်။

"နေပါဦး ခင်ဗျားကိုမေးစရာတစ်ခုရှိပါတယ်"

"ပြောပါ"

သူမသည် လှည့်ပင်မကြည့်ဘဲပြောလိုက်သည်။

"ပထမဦးဆုံး ကျုပ် ခင်ဗျားကိုလာတွေ့တုန်းက ကနေ့လိုပဲ ခင်ဗျား ရုတ်တရက်ထွက်လာတယ်"

သူမကပခုံးတစ်ချက်တွန့်လိုက်သည်။

"ရှင် .... ကျွန်မက ရုတ်တရက်ထွက်မလာလို့မောင်းတီးပြီး မှထွက်လာရမှာလား"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားထွက်လာတာမဟုတ်ဘူး၊ အပြင်ကပြန်လာတာ"

သူသည် သူမ၏ခေါက်ဂါဝန်ရှည်ကိုကြည့်ပြီး ....

"ဒီဆိုင်ထဲမှာ ရွံ့တွေဖုန်တွေ ဒါလောက်များနေတာ၊ ခင်ဗျား ရဲ့ဂါဝန်ကတော့သန့်ရှင်းနေတာပဲ"

မိန်းကလေးသည် ချာခနဲလှည့်ပြီး ထွန်းယို့အားစေ့စေ့ကြည့် လိုက်လေသည်။

"ရှင် ဘာကိုဆိုလိုတာလဲ"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"တကယ်တော့ ခင်ဗျားဟာ ညမွှေးပန်းပဲ၊ နဂါးစိမ်းဂိုဏ်းရဲ့ ဌာနခွဲမှူး သံမဏိဘုန်းကြီးသတ်တဲ့လူသတ်သမား၊ လူရှောင်ယင်းကို



လုပ်ကြံတဲ့တရားခံ"

ထွန်းယို့၏စကားကြောင့် မိန်းကလေးမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ လူရှောင်ယင်းသည် မိန်းကလေးအား မျက်လုံးပြူး၍ကြည့်လိုက်သည်။

လူကောက်နှင့်ဝါဝါဘုန်းတို့မှာလည်း ကြောင်အမ်းအမ်းဖြစ် နေပေတော့သည်။

ထွန်းယို့ကလက်ဝါးဖြန့်ပြလိုက်သည်။

လက်ဝါးထဲမှာငါးမျှားချိတ်တစ်ခု ....

"ဟောဒီမှာ ခင်ဗျားရဲ့လူသတ်လက်နက်"

မိန်းကလေးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"ရှင်က ဘာဖြစ်လို့ ကျွန်မကိုညမွှေးပန်းလို့စွပ်စွဲရတာလဲ"

ထွန်းယို့ကပခုံးတစ်ချက်တွန့်လိုက်ပြီး ....

"ကျုပ် ပထမဆုံး ခင်ဗျားကိုတွေ့မိတာနဲ့ ခင်ဗျားကိုမြင်ဖူး သလိုလိုရှိတယ်လို့ထင်ခဲ့တယ်၊ အခုလဲ ခင်ဗျားကိုသေသေချာချာကြည့် မှ ခင်ဗျားဟာ ရုပ်ဖျက်ထားတဲ့ညမွှေးပန်းဆိုတာ သေသေချာချာသိရ တော့တယ်"

မိန်းကလေးသည် တဟားဟားရယ်မောပြီး သူမ၏ခေါင်း ပေါ်မှဆံကေသာအား ဆွဲချလိုက်သည်။

ပြီးနောက် မျက်နှာဖုံးတစ်ခုအားခွါချလိုက်သည်။

"ဟာ ...."

"ဟင် ...."

လူကောက်၊ လူရောင်ယင်းနှင့်ဝါဝါဘုန်းတို့ထံမှ အာမေဍိတ်သံများပြိုင်တူထွက်ပေါ်လာလေသည်။

သူတို့ရှေ့တွင် တစ်ချိန်လုံးခြေရာပျောက်နေသော ညမွှေးပန်းပင်ဖြစ်နေပါသည်။

"ဟား .... ဟာ်း .... ဟား"

ညမွှေးပန်း၏လက်ထဲ၌ ဝါးတံတစ်ချောင်းကိုင်လျက်ရှိ၏။

ထွန်းယို့သည်ဝါးတံ၏ ထက်မြက်ပုံကိုသိရှိထားပြီးဖြစ်၍ထိုင်ရာမှထပြီး နောက်သို့ဆုတ်လိုက်သည်။

"ဗိုး...."

ရွှေရောင်သည် ဝင်းခနဲလက်သွားသည်။

ငါးမျှားချိတ်သည် လေထဲ၌ မြှားတစ်စင်းကဲ့သို့ ထွန်းယို့ထံသို့ အရှိန်ပြင်းစွာဖြင့်ပစ်လွင့်သွားလေသည်။

ရုတ်တရက် ....

မြင်းဟီသံတစ်သံသည် ဆူညံစွာထွက်ပေါ်လာပြီး မြင်းတစ်ကောင်သည် အရှိန်ပြင်းစွာဖြင့်ပြေးဝင်လာပြီး ညမွှေးပန်းအား တည့်တည့်မတ်မတ်ဆောင့်ချလိုက်လေသည်။

"ဝုန်း ...."



ဟူသောအသံထွက်ပေါ်လာပြီး ညမွှေးပန်း၏ကိုယ်ခန္ဓာတစ်ခုလုံး လေထဲသို့လွင့်တက်သွားကာ ဝါးတစ်ရိုက်အကွာသို့ဖင်ထိုင်ကျသွားလေသည်။

ထွန်းယို့မှာလည်း အသက်ဘေးအန္တရာယ်မှ သီသီလေးလွတ်မြောက်သွားတော့သည်။

ထွန်းယို့သည် မြင်းကိုပြေးဖက်လိုက်လေသည်။ သူ၏မြင်းလိမ္မာသည် အချိန်မီ သူ့အားကယ်တင်ခဲ့သည်မဟုတ်ပါလော။

သူတို့သည် ထမင်းဆိုင်မှထွက်လာသည်အထိ ညမွှေးပန်းသည် မြေပေါ်၌ထိုင်၍ငိုင်ကာကျန်ရစ်ခဲ့လေသည်။

လူကောက်ကထွန်းယို့အား ....

"မိတ်ဆွေ ညမွှေးပန်းကို ဒီအတိုင်းထားခဲ့လို့ဖြစ်ပါ့မလား"

ထွန်းယို့ကပြုံးလိုက်ပြီး ....

"သူပြေးစရာလမ်းမရှိတော့ပါဘူး၊ နဂါးစိမ်းဂိုဏ်းက သူ့ကိုအရေးယူသွားပါလိမ့်မယ်၊ တို့အရုပ်တော်ပုံလဲရှင်းသွားပါပြီ အဲဒီတော့ကျုပ်တို့လဲလမ်းခွဲကြပါစို့"

လူကောက်ကမျက်မှောင်ကုပ်သွားပြီး ....

"ဒါဖြင့် မူစန်းလင်ကော သူက ဘာဖြစ်လို့နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲမှူးလို့ဝန်ခံသွားရတာလဲ"

ထွန်းယို့သည် လူရောင်ယင်းအားတစ်ချက်ကြည့်ပြီး ....

"ယောကျ်ားတစ်ယောက်ဟာ သူအသည်းစွဲမိတဲ့လူတစ်ယောက်ဆိုရင် အရိုးကြေကြေ၊ အရေခန်းခန်း အသက်စွန့်တတ်ကြတယ်မဟုတ်လား၊ မူစန်းလင်လဲ ဒီလိုပေါ့၊ ဒါကြောင့် လူရှောင်ယင်းသတိလစ်နေတုန်းက သူတို့စကားများနေကြတာကို တွေ့ခဲ့တယ်လို့ပြောခဲ့တယ်မဟုတ်လား၊ ဒီစကားကြောင့် ကျုပ်က မူစန်းလင်ရဲ့မိန်းမကို သံသယဖြစ်လာတာဘဲဗျ"

လူရှောင်ယင်းခေါင်းငိုက်စိုက်ကျသွားလေသည်။

ဟုတ်ပါ၏။

သူတစ်ချိန်တုန်းက ညမွှေးပန်းအား အရူးအမူးချစ်ခဲ့သည်။ ညမွှေးပန်းက သူ့အား နဂါးစိမ်းဂိုဏ်းဝင်ရန်စည်းရုံးခဲ့သည်။ သို့သော် သူကငြင်းပယ်လိုက်သဖြင့် ညမွှေးပန်းက သူ့အားလုပ်ကြံခဲ့ခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်လိုက်ပြီဖြစ်ပေတော့သည်။

လရောင်သည် ကြေးမုံပြင်သဖွယ်ကြည်လင်လှပေသည်။

'အနောက်ကန်' ၏ရေပြင်သည်လည်း ကြေးမုံပြင်ပမာလှပနေလေသည်။

ဝါဝါဘုန်းသည် ကန်ဘောင်ရိုးပေါ်ထိုင်ပြီးကန်ရေထဲမှလဝန်းအား ငေး၍ကြည့်နေလေသည်။

သူ့အနားတွင် ထွန်းယို့ကထိုင်နေသည်။



သူတို့နောက်ဘက်တွင် ထွန်းယို့၏မြင်းလိမ္မာကလေးသည် မြက်စားနေသည်။

အတန်ကြာတိတ်ဆိတ်ရာမှ ဝါဝါဘုန်းကသက်ပြင်းတစ်ချက်ချလိုက်သည်။

"မနက်ဖြန် အစ်ကိုသွားတော့မယ်ဟုတ်လား"

ထွန်းယို့ကခေါင်းညိတ်လိုက်သည်။

"အစ်ကိုမသွားရင် မဖြစ်ဘူးလားဟင်"

ထွန်းယို့ကခေါင်းခါယမ်းလိုက်သည်။

ဝါဝါဘုန်းက ....

"အစ်ကိုက ကျောက်စိမ်းဓားကိုပုလဲကျေးရွာရောက်အောင်ပို့ရမယ်မဟုတ်လား"

သူကခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကျောက်စိမ်းဓားကိုကျွန်မခဏပြပါလား"

ထွန်းယို့သည် ခါး၌ချိတ်ထားသောကျောက်စိမ်းဓားကို လှမ်းပေးလိုက်၏။

သူမက ဓားကိုဓားအိမ်မှထုတ်ကြည့်၏။

"ဒီဓားဟာ အစ်ကို့မင်္ဂလာကိစ္စမှာ တင်ပြရမယ့်သက်သေပစ္စည်းဟုတ်လား"

ထွန်းယို့သည် အဝေးသို့ငေးကြည့်ရင်း ....

ခေါင်းညိတ်လိုက်ပြန်သည်။

ရုတ်တရက် ....

'ပလုံ'ဟူသော အသံတစ်သံကြားလိုက်ရသည်။

သူလှည့်ကြည့်လိုက်သည့်အခါ ဝါဝါဘုန်းက ဓားအိမ်ကိုကိုင်၍ နှုတ်ခမ်းစူထားသည်ကိုတွေ့ရလေသည်။

ထွန်းယို့ထိတ်လန့်သွားသည်။

ဤဓားသည် ဘိုးဘွားအဆက်ဆက်က အမွေအဖြစ်ရယူထားသောပစ္စည်းတစ်ခုဖြစ်သည်။

ပျောက်ဆုံး၍မဖြစ်။

ထို့ကြောင့် သူသည် ရေထဲသို့ ကပျာကယာခုန်ချလိုက်လေတော့သည်။

သူသည် ရေငုပ်၍ သူ့ဓားအား အတန်ကြာရှာဖွေသည်။

သို့သော် ဤမျှရွှံ့ဗွက်ထူထပ်သောရေကန်အောက်၌ မည်သို့ရှာဖွေတွေ့ရှိနိုင်ပါမည်နည်း။

သူသည် စိတ်ပျက်စွာဖြင့်ကုန်းပေါ်သို့ပြန်တက်လာသည်။

သူမျက်လုံးပြူးသွားသည်။

အကြောင်းမူ ...

ဝါဝါဘုန်းတစ်ယောက်သည် ထိုနေရာတွင် မရှိတော့သောကြောင့်ဖြစ်ပါသည်။



သူသည် ခေါင်းငိုက်စိုက်ချကာ မြေပေါ် ရုပ်သေးကြိုးပြတ်ထိုင်ချလိုက်လေတော့၏။

"ဝါဝါဘုန်းရယ်.... ငါမင်းကိုတကယ်ချစ်နေတယ်ဆိုတာ မင်းမသိဘူးလားကွယ်"

သူ၏စိတ်ထဲမှထွက်ပေါ်လာသော စကားသံပင်ဖြစ်ပါသည်။

ooo

## ပျောက်နေသူနှင့်မပျောက်သောသူ

ဝါဝါဘုန်း ....

ဝါဝါဘုန်းပျောက်ဆုံးသွားပြီဖြစ်ပါသည်။

ထွန်းယို့ကရေငုတ်ကာ ကျောက်စိမ်းခဲကိုရှာဖွေနေချိန်၌ သူမ ထွက်သွားခြင်းဖြစ်လေသည်။

ရေကန်ထဲ၌ ကျောက်စိမ်းခဲကိုမတွေ့ရပါ။

ဝါဝါဘုန်းထွက်သွားသကဲ့သို့ ....

ကျောက်စိမ်းခဲလည်းပျောက်ဆုံးသွားခြင်းကြောင့် ....

ထွန်းယို့စိတ်ဓာတ်ကျသွားတော့သည်။

သူမသည် အဘယ့်ကြောင့် ကျောက်စိမ်းခဲအား လွှင့်ပစ်လိုက်ရပါသနည်း။

အဘယ့်ကြောင့် ....

သူ့အား နှုတ်မဆက်ဘဲလမ်းခွဲထွက်သွားရပါသနည်း။



သူမနှင့်ပတ်သက်ပြီး ထွန်းယို့နားမလည်နိုင်တော့ပါ။

ဝါဝါဘုန်းသည် လျှို့ဝှက်ပြီးထူးဆန်းသောမိန်းကလေးတစ်ဦး မဟုတ်ပါလား။

သူမ၏လုပ်ရပ်များသည် တစ်ခါတစ်ရံ၌ အဓိပ္ပါယ်မရှိသကဲ့သို့ဖြစ်ပြီး ....

တစ်ခါတစ်ရံ၌မူ အလွန်အဓိပ္ပါယ်ရှိနေပါတော့သည်။

ယခုလည်း အကြောင်းရှိ၍ထွက်သွားခြင်းဖြစ်ရမည်ဟုသာ သဘောထားလိုက်ရလေသည်။

ထွန်းယို့သည် ဝါဝါဘုန်းပျောက်ဆုံးသွားခြင်းကြောင့် ဝမ်းနည်းနေသော်လည်း ပုလဲကျေးရွာသို့သွားရမည့်ကိစ္စကြောင့် စိတ်ရှုပ်နေပေတော့သည်။

"ကျောက်စိမ်းခဲလည်း ပျောက်ဆုံးသွားတာမို့ ဖေဖေကငါ့ကိုအပြစ်ပေးတော့မှာပဲ"

ထွန်းယို့ ဘာလုပ်ရမှန်းမသိတော့။

ထိုစဉ် .... လူတစ်ယောက်လှမ်းလာနေသည်ကိုတွေ့လိုက်ရလေသည်။ ညမွှေးပန်းဖြစ်ပါသည်။

ထွန်းယို့ မျက်မှောင်ကုပ်သွားသည်။ ညမွှေးပန်းက မလှမ်းမကမ်း၌ခြေလှမ်းရပ်တန့်ပြီး ဒူးထောက်လိုက်လေသည်။

"ဟောဗျာ"

ထွန်းယို့ ပို၍အံ့ဩသွားသည်။

ညမွှေးပန်းအား မျက်လုံးပြူးကာကြည့်လိုက်မိသည်။

ညမွှေးပန်းက ....

"ကျွန်မကိုကယ်ပါရှင်"

မျက်ရည်လည်ရွဲနှင့်တောင်းပန်လာလေသည်။

ထွန်းယို့မှာ နားမလည်နိုင်အောင်ဖြစ်သွားကာ ....

"ကျုပ် ဘာကိုကူညီရမှာလဲ"

"ကျွန်မကိုသတ်ချင်ရင် သတ်ပစ်လိုက်ပါရှင်၊ ဒါမှမဟုတ်ရင် ကျွန်မအသက်ကိုကယ်ပါရှင်"

"နေပါဦး ခင်ဗျားက ...."

"နဂါးစိမ်းဂိုဏ်းက ကျွန်မကို ချမ်းသာပေးတော့မှာမဟုတ်ပါဘူး၊ ကျွန်မကိုကယ်တင်နိုင်တဲ့လူဟာ ရှင်တစ်ယောက်ပဲရှိပါတယ်"

ထွန်းယို့ထိတ်လန့်သွားသည်။

"လက်စသတ်တော့ .... ခင်ဗျားကကျုပ်ကို နဂါးစိမ်းဂိုဏ်းနဲ့ ရင်ဆိုင်ခိုင်းနေတာကိုး"

"နဂါးစိမ်းဂိုဏ်းဟာ ဘယ်လောက်အထိ ဒုက္ခပေးနိုင်တယ်ဆိုတာ ရှင်သိပါတယ်"

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကအတွက် ခလုတ်ကန်သင်းတစ်ခုဖြစ်သည်။



သိုင်းလောကကို နှောင့်ယှက်ဖျက်ဆီးမည့်ဂိုဏ်းဖြစ်သည်။

လျှို့ဝှက်ပြီး ရက်စက်ကြမ်းကြုတ်သဖြင့် ....

သိုင်းလောကအတွက် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်၏။

နဂါးစိမ်းဂိုဏ်း၏အန္တရာယ်ကိုကာကွယ်ရန် သိုင်းလောကသားတိုင်း၌ တာဝန်ရှိသည်မဟုတ်ပါလား။

"ကျုပ်က နဂါးစိမ်းဂိုဏ်းကို ဘယ်လို လုပ်ကြံရင်ဆိုင်နိုင်မှာလဲဗျာ၊ ကျုပ်ကိုအထင်ကြီးလွန်းနေပါပြီ"

ညမွှေးပန်းက ....

"ရှင်ဟာ စိတ်ကောင်း နှလုံးကောင်းရှိတယ်၊ ဉာဏ်ကောင်းတယ်၊ သိုင်းပညာလည်း ထက်မြက်တယ်၊ ရှင့်ကို ကူညီမယ့်လူတွေလည်းရှိနေကြတော့ ရှင်သာ ကြိုးစားမယ်ဆိုရင် နဂါးစိမ်းဂိုဏ်းကို ဖော်ထုတ်ဆုံးမနိုင်မှာပါရှင်"

ထွန်းယို့ ငိုင်သွားလေသည်။

ညမွှေးပန်းက ....

"နဂါးစိမ်းဂိုဏ်းအကြောင်းကို ကျွန်မသိထားသမျှထုတ်ဖော်ပြောပါ့မယ်၊ ဒါဆိုရင် ရှင့်အတွက် အများကြီးအထောက်အကူပြုနိုင်တာပေါ့ရှင်"

ထွန်းယို့က ....

"ခင်ဗျား နဂါးစိမ်းဂိုဏ်းကိုသစ္စာဖောက်တော့မယ်ပေါ့"

ညမွှေးပန်း၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ကျွန်မဟာ ခြိမ်းခြောက်စည်းရုံးသိမ်းသွင်းခံခဲ့ရတယ်၊ သူတို့နိုင်ငံသမ္ဗုတ်သွေးမသိမ်းလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရတယ်၊ သူတို့ နိုင်းတာကိုလုပ်လို့မအောင်မြင်တဲ့အခါ ကျွန်မကိုချမ်းသာမပေးပဲ သတ်ပစ်မယ်ဆိုတာ ဘယ်လောက်ခံပြင်းစရာကောင်းသလဲ၊ ကျွန်မဆက်ပြီး သစ္စာရှိနေရမှာလားရှင်"

ထွန်းယို့သည် ညမွှေးပန်း၏ခံစားချက်ကို နားလည်သဘောပေါက်လိုက်လေသည်။

သို့သော် သူမအား ယုံကြည်စိတ်ချရပါမည်လော။

ညမွှေးပန်းကလည်း ရိပ်မိသည်။

"ကျွန်မကိုယုံကြည်ဖို့ခက်နေမယ်ဆိုတာ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်မမှာ ရွေးချယ်စရာလမ်းမရှိတော့ဘူးဆိုတာလည်း ထည့်တွက်စေချင်ပါတယ်ရှင်"

သူမသည် တည်ကြည်သောမျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"ကျွန်မဟာ နဂါးစိမ်းဂိုဏ်းက ဌာနခွဲမှူးတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတော့ နဂါးစိမ်းဂိုဏ်းအကြောင်း သိတန်သလောက်သိထားပါတယ်၊ ရှင်လည်းသိသွားမယ်ဆိုရင် နဂါးစိမ်းဂိုဏ်းကိုဖော်ထုတ်ဖို့အထောက်အကူဖြစ်မနေဘူးလားရှင်"



ထွန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဒါတော့မှန်ပါတယ်"

"ရှင်တို့ ကျူးဆင်းကိုတွေ့ခဲ့ကြသေးတယ်မဟုတ်လား"

ထွန်းယို့သည် ညလူနှစ်ယောက်ကိုပြန်လည်သတိရလာလေသည်။ တတိယလဆန်းသုံးရက်ဟူသောစကားဝှက်ပြောသွားကြသူများဖြစ်သည်။

ကျူးဆင်းသည် ဝါဝါဘုန်းအား ညမွှေးပန်းဟုထင်မှတ်ကာ ရင်းရင်းနှီးနှီးပြောဆိုသွားခဲ့ခြင်းဖြစ်လေသည်။

"ကျူးဆင်း သည်နယ်ထဲကိုရောက်လာတာဟာ သိုင်းရာဇာဝမ်းချီကြောင့်ပဲရှင့်"

ထွန်းယို့သည် သိုင်းရာဇာဝမ်းချီအား ကောင်းစွာသိထားလေသည်။ သိုင်းရာဇာဝမ်းချီသည် ဖခင်ကြီး၏ရင်းနှီးသောမိတ်ဆွေတစ်ယောက်ဖြစ်လေသည်။

သိုင်းရာဇာဝမ်းချီ ထွန်းဟွီးဟင်နှင့်ပုလဲကျေးရွာပိုင်ရှင်တို့မှာ အလွန်ရင်းနှီးသောသွေးသောက်မိတ်ဆွေများ ဖြစ်ကြလေသည်။

ထွန်းယို့က ....

"ကျူးဆင်းဟာ သိုင်းရာဇာဝမ်းချီကိုဘာလုပ်မလို့လဲ"

ညမွှေးပန်းက ....

"ကျူးဆင်းတို့ တတိယလဆန်းသုံးရက်ဌာနခွဲမှူးဟာ သိုင်း ---

ရာဇဝင်မ်းချိကိုလုပ်ကြံဖို့တာဝန်ယူထားရတယ်"

"ဩော် ...."

ထွန်းယို့ရင်ထဲ၌လေးလံလာလေသည်။

ညမွှေးပန်းက ....

"ပုလဲကျေးရွာပိုင်ရှင်ရဲ့သားမက်လောင်းရွေးချယ်ပွဲကို သိုင်းရာဇဝင်မ်းချိလာလိမ့်မယ်"

ထွန်းယို့သည် တစ်စထက်တစ်စ နားလည်သဘောပေါက်လာပြီဖြစ်လေသည်။ နဂါးစိမ်းဂိုဏ်းသည် သူတို့အားဒုက္ခပေးနိုင်သည့် သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများအား စည်းရုံးသိမ်းသွင်းကြည့်သည်။

လက်မခံလျှင် သုတ်သင်ရှင်းလင်းပစ်လေ့ရှိလေသည်။

ပုလဲကျေးရွာပိုင်ရှင်၊ သိုင်းရာဇဝင်မ်းချိနှင့် မြို့စားကြီးထွန်းဟွီးဟင်တို့သည် နဂါးစိမ်းဂိုဏ်း၏ဖိတ်ခေါ်မှုကိုငြင်းဆန်ခဲ့ကြပြီး အခွင့်အရေးရလျှင် ချေမှုန်းသုတ်သင်ပစ်ရန်ဆုံးဖြတ်ထားကြသူများဖြစ်လေသည်။

ထို့ကြောင့် နဂါးစိမ်းဂိုဏ်းသည်လည်း ထွန်းဟွီးဟင်တို့အား သုတ်သင်ပစ်ရန် ပစ်မှတ်ထားကြမည်မှာ သေချာပေသည်။

ပုလဲကျေးရွာမင်္ဂလာကိစ္စ ပေါ်ပေါက်လာသောအခါ ပုလဲကျေးရွာသို့လာကြမည်ဖြစ်၍ ....



လုပ်ကြံဖို့အခွင့်အရေးပေါ်ပေါက်လာတော့သည်။

ထွန်းယို့ကိုပင် ညမွှေးပန်းကဒုက္ခပေးခဲ့ပြီးပြီမဟုတ်ပါလား။

ညမွှေးပန်းက ....

"ကျူးဆင်းတို့ကိုခြေရာခံလိုက်မယ်ဆိုရင် နဂါးစိမ်းဂိုဏ်းအကြောင်းဖော်ထုတ်နိုင်လိမ့်မယ်"

တစ်ဖန် တည်ကြည်သောမျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"နဂါးစိမ်းဂိုဏ်းက လူတချို့ဟာ အများသူငါကြည်ညိုလေးစားနေကြတဲ့အဖြူရောင်သိုင်းသမားကြီးတွေဖြစ်နေတယ်"

ထွန်းယို့က ....

"ကျုပ်သတိထားပါ့မယ်ဗျာ"

ညမွှေးပန်းက ....

"ရှင့်ရဲ့ကျောက်စိမ်းဓားကိုလည်း ဂရုစိုက်ပါ၊ ပုလဲကျေးရွာကိုမရောက်မချင်း နဂါးစိမ်းဂိုဏ်းက လမ်းကဖြတ်လုဖို့ကြိုးစားကြဦးမှာအမှန်ပဲ"

"ကောင်းပါပြီဗျာ"

ကျောက်စိမ်းဓားမှာ ပျောက်ဆုံးသွားပြီဖြစ်ကြောင်း ဖွင့်မပြောဘဲထားလိုက်လေသည်။

ညမွှေးပန်းက ....

"ရှင် ကျူးဆင်းတို့နောက်ကိုလိုက်သွားပြီး နဂါးစိမ်းဂိုဏ်းရဲ့ အကြံအစည်ကိုဖော်ထုတ်မယ်ဆိုရင် ကျွန်မသေပျော်ပါပြီရှင်"

"ကျုပ်ကြိုးစားသွားမှာပါ"

ထွန်းယို့ ကတိပေးလိုက်လေသည်။

ညမွှေးပန်းသည် နဂါးစိမ်းဂိုဏ်းနှင့်ပတ်သက်ပြီး သူမ သိရှိထားသမျှ ပြောပြလေသည်။

ထို့နောက် .....

"ရှင်ကူညီမယ်ဆိုရင် ကျွန်မသေပျော်ပါပြီ၊ ကဲ .... ကျွန်မကို ခွင့်ပြုပါဦး"

ထွန်းယို့အား နှုတ်ဆက်ထွက်ခွာသွားလေတော့သည်။

ooo



ညမွှေးပန်းသည် ထွန်းယို့နှင့်လမ်းခွဲထွက်လာခဲ့လေသည်။

တစ်နေရာသို့အရောက်တွင် သစ်ပင်ချုံနွယ်များကြားမှ လူတစ်ယောက်တိုးထွက်လာသည်ကိုတွေ့လိုက်ရသည်။

ထိုလူသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်၍ရုပ်ဖျက်ထားသည်။ နဂါးစိမ်းဂိုဏ်းမှလူတစ်ယောက်ဖြစ်ကြောင်းသိသာပေသည်။

ညမွှေးပန်း ခြေလှမ်းရပ်သွားသည်။

သူမ၏ငါးမျှားတံလက်နက်ဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

နဂါးစိမ်းဂိုဏ်းမှလူ၏မျက်နှာဖုံးစွပ်အောက်မှ မျက်လုံးများအရောင်တဖိတ်ဖိတ်တောက်ပနေသည်။

"ညမွှေးပန်း မင်းဟာတာဝန်မကျေတဲ့အပြင် သစ္စာဖောက်တစ်ယောက်ဖြစ်နေပြီ"

ညမွှေးပန်းအံ့ကြိတ်လိုက်လေသည်။

"ကျွန်မ သစ္စာမဖောက်ရင်ကော ရှင်တို့ကချမ်းသာပေးမှာမို့လားရှင့်"

"ဩော် ...."

"ကျွန်မဟာ နဂါးစိမ်းဂိုဏ်းကပေးအပ်တဲ့ တာဝန်ဝတ္တရားတွေကို အကြိမ်ပေါင်းများစွာအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့

တယ်၊ တစ်ကြိမ်မအောင်မြင်တာနဲ့ ကျွန်မကိုအပြစ်ပေးမယ်ဆိုတာ တရားသလား"

ဒေါသကြောင့် ညမွှေးပန်း၏မျက်နှာနီမြန်းနေသည်။

နဂါးစိမ်းဂိုဏ်းမှလူက ....

"ဂိုဏ်းသားတိုင်းဟာ ပေးအပ်တဲ့တာဝန်ကိုကျေကျေပြွန်ပြွန် ထမ်းဆောင်ရမှာပဲ၊ မထမ်းဆောင်နိုင်ရင်တော့သေဒဏ်ပဲ၊ မင်းကို ဘာကြောင့် ချက်ချင်းမသတ်သေးဘဲ လွှတ်ပေးထားရသလဲဆိုတာ မင်းသိသလား"

"ရှင် .... ရှင် ...."

ညမွှေးပန်းသည် နဂါးစိမ်းဂိုဏ်း၏အကြံအစည်ကို တွေးမိလိုက်သဖြင့် ရင်ထိတ်သွားလေသည်။

နဂါးစိမ်းဂိုဏ်းမှလူက ....

"မင်းဟာ ကြံရာမရတဲ့နောက်ဆုံး သစ္စာဖောက်လိုက်မယ်၊ မင်းသိထားသမျှ ထွန်းယို့ကိုပြောပြလိုက်မယ်၊ ဒါတွေကို ကျုပ်တို့မတွေးမိဘဲနေမလား။ မင်းပြောချင်တာပြောပြလို့ရအောင် တမင်အချိန်ပေးထားလိုက်တာပဲ"

"လူယုတ်မာတွေ"

ညမွှေးပန်း အော်ငေါက်ကာ စတင်တိုက်ခိုက်လိုက်လေ၏။

"ဝိုး ...."



ငါးမျှားချိတ်သည် ထိုလူထံပစ်လွင့်သွားလေသည်။

ထိုလူက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဆန့်ထုတ်ကာ အသာအယာဖမ်းယူထားလိုက်လေသည်။

"ဖတ် ...."

ငါးမျှားချိတ်သည် ထိုလူ့လက်ထဲရောက်သွားပြီး ကြိုးလည်းတောက်ခနဲပြတ်သွားလေသည်။ ညမွှေးပန်းသည် အခြေအနေမဟန်မှန်းသိလျှင် မြေပေါ် ခြေဆောင့်ကာ နောက်ကျွမ်းပစ်ရှောင်တိမ်းသွားလိုက်လေသည်။

နဂါးစိမ်းဂိုဏ်းမှလူက ....

"မင်းပစ္စည်းမင်းပြန်ယူသွား"

လက်ဝှေ့ယမ်းလိုက်လျှင် ငါးမျှားချိတ်သည် ညမွှေးပန်း၏နောက်ကျောသို့ပစ်လွင့်သွားလေသည်။

"အမလေး"

ညမွှေးပန်းမှာ ရှူးရှစ္စာအော်ဟစ်ရင်းမြေပေါ် လဲကျသွားလေတော့သည်။

ooo

ရုတ်တရက်ထွက်ပေါ်လာသော ညမွှေးပန်း၏အော်ဟစ်သံကြောင့် ထွန်းယို့ရင်ထိတ်သွားလေသည်။

ခြေလှမ်းတို့ခနဲရပ်သွားပြီး အော်ဟစ်သံထွက်ပေါ်လာရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိလေသည်။

"ညမွှေးပန်းရဲ့အသံပဲ"

ညမွှေးပန်းကား ... နဂါးစိမ်းဂိုဏ်း၏လက်ချက်မိသွားပြီဖြစ်ကြောင်းနားလည်လိုက်သည်။ နဂါးစိမ်းဂိုဏ်း၏သြဇာသည် နေရာတိုင်း၌ လွှမ်းမိုးထားနိုင်ကြောင်းသဘောပေါက်မိသည်။

ထွန်းယို့သည် ညမွှေးပန်း၏အော်ဟစ်သံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုးပြေးသွားလိုက်လေသည်။

ထိုစဉ် ....

"ဟူး .... ဟူး .... ဟူး ...."

လေတိုးသံများနှင့်အတူ ပြေးလွှားလာနေသောလူရိပ်များကိုတွေ့လိုက်ရလေသည်။

ဝမ်ဟွီးနှင့်ရှာချောင်တို့ပင်ဖြစ်လေသည်။

သုံးယောက်သား မြေပေါ်လဲကျနေသော ညမွှေးပန်းအနီး၌ရပ်တန့်လိုက်ကြလေသည်။ ဝမ်ဟွီးက ....

"ကျုပ်တို့နည်းနည်းနောက်ကျသွားတယ်"

ထွန်းယို့က ....



"ခင်ဗျားတို့က ညမွှေးပန်းကိုစောင့်ကြည့်နေကြတာမဟုတ်လား"

ဝမ်ဟွီးခေါင်းညိတ်လိုက်သည်။

"နဂါးစိမ်းဂိုဏ်းဟာ သူတို့နဲ့ပတ်သက်တဲ့လူတွေကိုချမ်းသာပေးမှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့သတိရှိမှဖြစ်တော့မယ်"

ရှာချောင်က ....

"ကျုပ်တို့အခြေအနေက ဘယ်အချိန်ဘယ်နေရာမှာ ဘယ်သူတိုက်ခိုက်တာကို ခံရမလဲဆိုတာ တစ်ချိန်လုံးစိတ်ပူရမလိုဖြစ်နေပြီ၊ ဒါကြောင့် လက်ဦးအောင် သူတို့အကြောင်းဖော်ထုတ်ဖို့ ကြိုးစားရတော့မှာပဲမဟုတ်လားဗျာ"

ညမွှေးပန်းအား နဂါးစိမ်းဂိုဏ်းမှ မလွဲမသွေသုတ်သင်ရှင်းလင်းပစ်မည်ဖြစ်သည်။ ညမွှေးပန်းအား စောင့်ကြည့်နေမည်ဆိုလျှင် နဂါးစိမ်းဂိုဏ်းနှင့်ပတ်သက်သည့် သဲလွန်စများရရှိနိုင်သည်။

ယခုတော့ ညမွှေးပန်းအသတ်ခံလိုက်ရပြီဖြစ်သည်။ ဝမ်ဟွီးက ညမွှေးပန်း၏အလောင်းကိုစစ်ဆေးကြည့်လိုက်သည်။

"သူဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ရဲ့လက်ချက်မိသွားတာပဲ၊ ငါးမျှားချိတ်လက်နက်နဲ့တိုက်ခိုက်လိုက်တဲ့အခါ ရန်သူက ငါးမျှားချိတ်ကိုဖမ်းယူပြီး ကြိုးကိုဖြတ်ပစ်လိုက်တယ်၊ ပြီးမှ ဖမ်းယူထားတဲ့ငါးမျှားချိတ်နဲ့ပြန်တိုက်ခိုက်လိုက်တာပဲ"

ရှာချောင်က ....

“သိုင်းလောကမှာ ပြိုင်ဘက်ရဲ့လက်နက်ကိုလုယူပြီး ပြိုင်ဘက်ကို သူ့လက်နက်နဲ့သူ ပြန်အနိုင်ယူတတ်တဲ့သိုင်းသမား သိပ်များများစားစားမရှိပါဘူး”

ရန်သူ၏လက်နက်ကိုရယူပြီး ရန်သူအားပြန်လည်အနိုင်ယူတတ်သောလူစားမျိုးကား အလွန်ကြောက်စရာကောင်းလှပေသည်။

ဝမ်ဟွီးက ....

“မင်းနဲ့ညမွေးပန်း စကားပြောဖြစ်ခဲ့ကြသေးတယ်မဟုတ်လား၊ သူဘာတွေပြောသွားတာလဲပြောပါဦး”

ထွန်းယို့က ....

“သူက နဂါးစိမ်းဂိုဏ်းရဲ့တတိယလဆန်းသုံးရက်ဌာနခွဲမှူးကျူးဆင်က သိုင်းရာဇာဝမ်းချိကို ဒုက္ခပေးလိမ့်မယ်ဆိုတဲ့အကြောင်းပြောသွားတာပါ”

ဝမ်ဟွီးနှင့်ရှာချောင်တို့ အချင်းချင်းကြည့်လိုက်ကြလေ၏။

ဝမ်ဟွီးက ....

“ဒါဖြင့် သိုင်းရာဇာဝမ်းချီကိုသွားတွေ့ကြရင် ကောင်းမယ်ထင်တယ်”

ထွန်းယို့ ဝမ်းသာသွားသည်။ နဂါးစိမ်းဂိုဏ်းဒေသား ဖော်ထုတ်ချေမှုန်းမည့်သူများရှိနေပြီမဟုတ်ပါလား။



ရှာချောင်က ....

“သိုင်းရာဇာဝမ်းချီလည်း ပုလဲကျေးရွာကိုသွားမှာပဲ၊ သူဟာ မြောက်ပိုင်းလမ်းက လာလိမ့်မယ်”

ထို့နောက် သုံးယောက်သား မြောက်ပိုင်းလမ်းသို့သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

ooo

## ရန်စ

ကျားကျေးရွာသည် ပုလဲကျေးရွာသို့လာသည့် မြောက်ပိုင်းလမ်းပေါ်၌ တည်ရှိသည်။ ကျေးရွာတစ်ခုဟုဆိုသော်လည်း အိမ်ခြေတစ်ထောင်ကျော်ရှိသဖြင့် မြို့ကလေးတစ်မြို့နှင့်မခြား စည်ကားသိုက်မြိုက်မှုရှိလေသည်။

ရွာလယ်လမ်းမကြီး၏ဝဲယာတစ်ဘက်တစ်ချက်၌ ဈေးဆိုင်များ၊ စားသောက်ဆိုင်များဖြင့်စည်ကားနေသည်။

ထွန်းယို၊ ဝမ်ဟွီးနှင့် ရှာချောင်တို့သည် ကျားကျေးရွာသို့ရောက်ရှိလာကြသည်။ သုံးယောက်သား ရွာလယ်လမ်းမကြီးအတိုင်းလျှောက်လာကြရင်း တစ်နေရာသို့အရောက်တွင် လူတစ်စုက လမ်းပိတ်ဟန့်တားလိုက်ကြလေသည်။

ထိုလူများသည် ခရမ်းရောင်ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီကိုင်ဆောင်ထားကြလေသည်။ ရှာချောင်က ....

"ဒီလူတွေကိုကြည့်ရတာ ကျားကျေးရွာသိုင်းဆရာရှောင်ဖုံးရဲ့လူတွေဖြစ်နိုင်တယ်"



ဝမ်ဟွီးက ....

"သိုင်းဆရာရှောင်ဖုံးဟာ အတော်ကိုမာနကြီးတယ်၊ ကျားကျေးရွာမှာ တစ်စုံတစ်ခုဖြစ်နေပုံပဲ"

ခရမ်းရောင်ဝတ်ဆင်ထားသူများအားဦးဆောင်သူက ရှေ့သို့လှမ်းထွက်လာပြီး ထွန်းယို့တို့အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေသည်။

"ခင်ဗျားတို့သုံးယောက်ထဲက ထွန်းယို့ဆိုတာဘယ်သူလဲ"

ဟုမေးလာလေသည်။ ထွန်းယို့ အံ့သြသွားသည်။

တစ်ကြိမ်တစ်ခါမှမမြင်တွေ့ဖူးသူတစ်ယောက်က သူ့အမည်ကိုသိနေသည်မဟုတ်ပါလား"

"ထွန်းယို့ဆိုတာ ကျုပ်ပါဗျာ"

ထိုလူက ....

"ဒါဖြင့် ကျုပ်တို့နဲ့လိုက်ခဲ့ပါ"

ထွန်းယို့က ....

"ခင်ဗျားတို့ကဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်ကိုတွေ့ချင်ရတာလဲဗျ"

"ဟိုရောက်ရင်သိရမှာပေါ့"

ထိုလူကခပ်မာမာပြောသည်။

ထွန်းယို့ပြုံးလိုက်သည်။

"အင်း .... မလိုက်သွားရင် ဘယ်သိနိုင်ပ့ါမလဲ၊ ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့ပါမယ်"

ဝမ်ဟွီးနှင့်ရှာချောင်တို့ စိတ်ပူသွားကြသည်။

"မင်းလိုက်သွားလို့ဖြစ်ပ့ါမလား"

"ဖြစ်ပါတယ်ဗျာ"

ဝမ်ဟွီးက မလှမ်းမကမ်းတွင်ရှိနေသော စားသောက်ဆိုင်တစ်ဆိုင်အားညွှန်ပြလိုက်လေသည်။

"ကျုပ်တို့ အဲဒီမှာစောင့်နေမယ်"

"ကောင်းပါပြီဗျာ"

ထွန်းယို့သည် ခရမ်းရောင်ဝတ်ဆင်ထားသူနှင့်အတူ လိုက်ပါသွားလေတော့သည်။

၀၀၀



ခရမ်းရောင်ဝတ်ဆင်ထားကြသူများမှာ သိုင်းဆရာရှောင်ဖုံး၏တပည့်များဖြစ်ကြလေသည်။

သိုင်းဆရာရှောင်ဖုံးသည် ခြံဝင်းကျယ်ကြီးအတွင်းမှ ခမ်းနားထည်ဝါလှသောအဆောက်အအုံကြီးတွင် နေထိုင်လျက်ရှိသည်။

ထွန်းယို့ရောက်ရှိလာသောအခါ သိုင်းဆရာရှောင်ဖုံးသည် ကိုယ်တိုင်ကြိုဆိုဧည့်ခံလေသည်။

"မိတ်ဆွေလေးထွန်းယို့ဟာ မြို့စားကြီးထွန်းယွီးဟင်ရဲ့သားမဟုတ်လားဗျာ"

"ဟုတ်ပါတယ်"

"ပုလဲကျေးရွာပိုင်ရှင်ရဲ့မင်္ဂလာကိစ္စအတွက် သွားမလို့မဟုတ်လားဗျာ"

"ဒါလဲ မှန်ပါတယ်"

"မိတ်ဆွေလေးဟာ ပုလဲကျေးရွာပိုင်ရှင်ကိုလက်ဆောင်ပေးဖို့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ကျောက်စိမ်းစားကိုယူလာတာလို့လဲ သိရပါတယ်"

ထွန်းယို့ ရယ်မောလိုက်သည်။

သိုင်းဆရာရှောင်ဖုံးက ....

"မိတ်ဆွေလေး ဘာကိုများသဘောကျလို့လဲဗျာ"

ထွန်းယို့က ....

"ဩော် .... ဦးက ကျွန်တော့်အကြောင်းတွေအားလုံး သိနေတာကိုတွေးပြီးရယ်မိတာပါ"

သိုင်းဆရာရှောင်ဖုံးက ....

"ကျုပ်တစ်ယောက်ထဲ သိတာမဟုတ်ပါဘူး၊ အားလုံးက သိနေကြတာပါ"

"ကောင်းပါပြီခင်ဗျာ .... ကျွန်တော့်ကို ဘာကြောင့်ခေါ်လာသလဲဆိုတာ သိပါရစေလား"

သိုင်းဆရာရှောင်ဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်က မိတ်ဆွေလေးဆီက အကူအညီတောင်းချင်လို့ပါ"

"ဘယ်လိုအကူအညီများလဲခင်ဗျာ"

"ကျောက်စိမ်းဓားကို ခဏငှားချင်တာပါ"

"ဗျာ"

ကျောက်စိမ်းဓားဆိုသောစကားကြောင့် ထွန်းယို့ ရင်ထိတ်သွား၏။ ဝါဝါဘုန်းက ကျောက်စိမ်းဓားအား ရေကန်ထဲသို့ပစ်ချလိုက်ပြီမဟုတ်ပါလား။

"မိတ်ဆွေလေး ကူညီမယ်မဟုတ်လားဗျာ"

"ဝမ်းနည်းပါတယ်ဗျာ၊ ဒါကိုတော့ ကျွန်တော်ကူညီနိုင်မှာမဟုတ်ပါဘူးခင်ဗျာ"



"မိတ်ဆွေလေးက ...."

"တမင်မကူညီချင်လို့မဟုတ်ပါဘူး၊ လမ်းသွားရင်း ကျောက်စိမ်းဓား မတော်တဆပျောက်ဆုံးသွားခဲ့လို့ပါ"

သိုင်းဆရာရှောင်ဖုံး၏မျက်နှာ ရုတ်ခြည်း မည်းမှောင်သွားလေတော့သည်။

"ကျုပ်ကိုမကူညီချင်လို့ တမင်ပြောနေတာမဟုတ်လား"

ထွန်းယို့ခေါင်းကုတ်လိုက်၏။ သိုင်းဆရာရှောင်ဖုံးက .....

"ကျုပ်ကိုနဂါးစိမ်းဂိုဏ်းကနေ သူတို့ဂိုဏ်းထဲဝင်ရမယ်လို့လာပြီးစည်းရုံးသိမ်းသွင်းတာကို ကျုပ်လက်မခံခဲ့ဘူး၊ ဒါကြောင့် သူတို့ရဲ့လူသတ်သမားတစ်ယောက်စေလွှတ်ပြီး ကျုပ်ကိုလုပ်ကြံနိုင်းတယ်၊ နဂါးစိမ်းဂိုဏ်းကလူသတ်သမားမှာ ဓားကောင်းတစ်လက်ရှိနေတယ်၊ မိတ်ဆွေလေးတို့ရဲ့ ကျောက်စိမ်းဓားရှိမှ သူ့ကိုယှဉ်နိုင်လိမ့်မယ်"

ထွန်းယို့ စိတ်မကောင်းဖြစ်သွားလေသည်။

"ကျောက်စိမ်းဓားသာပျောက်ဆုံးမသွားရင် ကျွန်တော်ကူညီနိုင်မှာသေချာပါတယ်၊ ဒါပေမယ့် နဂါးစိမ်းဂိုဏ်းကလူသတ်သမားကို ကျွန်တော်လဲ ဝိုင်းဝန်းရင်ဆိုင်ပေးပါ့မယ်"

သိုင်းဆရာရှောင်ဖုံးခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ မောင်ရင်လေး ကျုပ်ကို ဘာမှကူညီစရာမလိုတော့ပါဘူး၊ ကဲ .... မောင်ရင်လေးပြန်နိုင်ပါပြီ"

"ကျွန်တော် ...."

သိုင်းဆရာရှောင်ဖုံးသည် ထွန်းယို့၏စကားကို ဆုံးအောင် နားမထောင်တော့ပါ။ ခရမ်းရောင်ဝတ်ဆင်ထားသူများအား လက်ဝှေ့ယမ်းပြလိုက်သည်။

"သူ့ကိုပြန်ပို့လိုက်တော့"

ထွန်းယို့ ဘာမှမပြောနိုင်ဘဲထွက်လာခဲ့ရလေသည်။

၀၀၀

စားသောက်ဆိုင်ကလေးထဲသို့ ထွန်းယို့ဝင်ရောက်လာသော အခါ ဝမ်ဟွီးကလှမ်းခေါ်လိုက်လေသည်။

"ကျုပ်တို့ ဒီမှာရှိတယ်"

ထွန်းယို့လည်း ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

"ရှောင်ဖုံးက ဘာကိစ္စနဲ့ မင်းကိုခေါ်တာလဲပြောစမ်းပါဦး"

ဝမ်ဟွီးကမအောင့်နိုင်ဘဲ မေးလိုက်လေသည်။ ထွန်းယို့က ရှင်းပြလိုက်၏။ ယခုမှ ကျောက်စိမ်းဓားပျောက်ဆုံးကြောင်း ဝမ်ဟွီးတို့သိသွားကြလေသည်။ ရှာချောင်က ....

"ဝါဝါဘုန်းက ဘာကြောင့် ဒီလောက်အဖိုးတန်တဲ့ဓားကို လွှင့်ပစ်လိုက်ရတာလဲ"



ထွန်းယို့ သက်ပြင်းချလိုက်လေသည်။

"ကျောက်စိမ်းဓားဟာ မင်္ဂလာလက်ဖွဲ့ပစ္စည်းတစ်ခု ဖြစ်နေလို့ပါပဲ"

ထွန်းယို့နှင့်ဝါဝါဘုန်းတို့မှာ .... တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ငြိတွယ်နေပြီဖြစ်ကြောင်း ဝမ်ဟွီးတို့ သဘောပေါက်သွားကြလေသည်။

ထွန်းယို့သည် ပုလဲကျေးရွာသို့ရောက်သွားလျှင် သားမက်ရွေးချယ်ခံရမည်မှာသေချာနေပါသည်။ ထို့ကြောင့်လည်း ဝါဝါဘုန်းက ဝမ်းနည်းကြေကွဲစွာဖြင့် ထွက်သွားခြင်းဖြစ်ကြောင်းလည်း နားလည်လိုက်ကြလေသည်။ ရှာချောင်က ....

"သိုင်းဆရာရှောင်ဖုံးဟာ အတော်ကိုမာနကြီးတယ်၊ မြောက်ပိုင်းလမ်းတစ်လျှောက်မှာ သူနဲ့ညီအစ်ကိုလိုရင်းနှီးတဲ့ မိတ်ဆွေတွေ အများကြီးရှိတယ်၊ သူ့အကူအညီတောင်းတာနဲ့ အားလုံးလာပြီး ကူညီကြမှာပဲ"

ဝမ်ဟွီးက ....

"သူက မိတ်ဆွေတွေကိုအကူအညီမတောင်းဘဲ မင်းဆီက ကျောက်စိမ်းဓားကိုငှားရမ်းဖို့မေတ္တာရပ်ခံခဲ့တာ မယုံနိုင်စရာဘဲ၊ အတော့်ကိုအခက်အခဲကြုံနေလို့ဖြစ်မယ်၊ ငှားရမ်းလို့မရနိုင်တော့ မင်းကိုအထင်လွဲသွားနိုင်တယ်"

ထွန်းယို့ သက်ပြင်းချလိုက်ပြန်၏။ သိုင်းလောကမှာ အလွန်ရှုပ်ထွေးမွေလီပြီး ပြဿနာများဖြင့်ပြည့်နှက်နေကြောင်း ကောင်းစွာသဘောပေါက်လာပြီဖြစ်ပါသည်။

သူက ပုလဲကျေးရွာသို့ ကိုယ့်ကိစ္စနှင့်ကိုယ်လာခဲ့ခြင်းဖြစ်ပြီး ပြဿနာများက သူ့အားလာပြီးပတ်သက်ခဲ့ခြင်းမဟုတ်ပါလား။

ဝမ်ဟွီးက ....

"ဘာပဲဖြစ်ဖြစ် ရှောင်ဖုံးဟာ နဂါးစိမ်းဂိုဏ်းနဲ့ ရင်ဆိုင်မယ်ဆိုတော့ ကျုပ်တို့ဝိုင်းဝန်းကူညီကြရင်ကောင်းမယ်"

ရှာချောင်ခေါင်းခါယမ်းလိုက်သည်။

"သူ လက်ခံမှာမဟုတ်ဘူး"

ထွန်းယို့က ....

"ကျုပ်တို့ တိတ်တဆိတ်ကူညီကြမယ်ဆိုရင်ကောဗျာ"

ရှာချောင်ငြိမ်သွား၏။ ဝမ်ဟွီးက ....

"ဟုတ်တယ်၊ ကျုပ်တို့တိတ်တဆိတ်ကူညီကြတာပေါ့"

ဟု ထောက်ခံလိုက်လေသည်။

ooo



ညဥ့်နက်ပြီဖြစ်သည်။

ထွန်းယို့၊ ဝမ်ဟွီးနှင့် ရှာချောင်တို့သည် သိုင်းဆရာရှောင်ဖုံး၏အိမ်နှင့်မလှမ်းမကမ်း၌ရောက်ရှိနေပါသည်။

သုံးယောက်သား အမှောင်ရိပ်ထဲမှနေ၍အကဲခတ်ကြည့်နေခဲ့ကြသည်။ သိုင်းဆရာရှောင်ဖုံးအား နဂါးစိမ်းဂိုဏ်းက ဒုက္ခပေးလိမ့်မည်ဟု သူတို့ယုံကြည်ထားသည်။

ထွန်းယို့တို့သည် နဂါးစိမ်းဂိုဏ်းအား ဖော်ထုတ်ချေမှုန်းရန်ဆုံးဖြတ်ထားကြပြီးဖြစ်ပါသည်။ ရှာချောင်က ....

"ဒီည နဂါးစိမ်းဂိုဏ်းကလူရောက်လာရင်သိပ်ကောင်းမှာပဲ"

ဝမ်ဟွီးက ....

"ဘာဖြစ်လို့လဲ"

"နဂါးစိမ်းဂိုဏ်းကလူ ဘယ်အချိန်ရောက်လာမယ်ဆိုတာ မသိဘဲ ကျုပ်တို့လာစောင့်နေကြတာမဟုတ်လား"

မှန်သည်။ နဂါးစိမ်းဂိုဏ်းမှလူသည် မည်သည့်အချိန် ရောက်ရှိလာမည်ကို တိတိကျကျသိထားကြသည်မဟုတ်ပါ။

ယနေ့ည ရောက်မလာဘဲ နောက်နေ့ညမှ ရောက်လာမည်ဆိုလျှင် သူတို့ပင်ပန်းရကျိုးနပ်တော့မည်မဟုတ်ချေ။ ဝမ်ဟွီးက ....

"ဟုတ်သားပဲ၊ ကျုပ်တို့ပြန်ကြတာပေါ့"

"ကောင်းပြီ"

ရှာချောင်နှင့်ဝမ်ဟွီးတို့ ပြန်သွားရန် ဟန်ပြင်လိုက်ကြလေသည်။ ထွန်းယို့ တုတ်တုတ်မျှမလှုပ်ပါ။

ဝမ်ဟွီးက ....

"မင်းနေခဲ့မလို့လား"

ဟုမေးလေသည်။ ထွန်းယို့ခေါင်းခါယမ်းလိုက်သည်။

"မနေခဲ့ပါဘူး၊ ကျွန်တော်သွားမှာပါ၊ ဒါပေမယ့် သိုင်းဆရာရှောင်ဖုံးဆီကိုသွားမှာပါ"

ဝမ်ဟွီးနှင့်ရှာချောင်တို့ အချင်းချင်းကြည့်လိုက်ကြလေ၏။

ထွန်းယို့က ....

"နဂါးစိမ်းဂိုဏ်းအကြောင်းကို သူကပဲ တိတိကျကျပြောပြနိုင်လိမ့်မယ်၊ ဒါကြောင့် သူနဲ့သွားတွေ့တာ အကောင်းဆုံးမဟုတ်ဘူးလားဗျာ"

ဝမ်ဟွီးတို့ သဘောတူလိုက်ကြပြီး သုံးယောက်သား သိုင်းဆရာရှောင်ဖုံးအိမ်သို့ လှမ်းသွားလိုက်ကြလေသည်။

သိုင်းဆရာရှောင်ဖုံး၌ တပည့်တပန်းများစွာရှိလေသည်။

သို့သော် .... ထွန်းယို့တို့အား ဟန့်တားမည့်သူ တစ်ယောက်တစ်လေမှထွက်လာခြင်းမရှိပေ။ ခြံဝင်းထဲ၌ တိတ်ဆိတ်ငြိမ်သက်နေသည်။ အဆောက်အဦးကြီး၌လည်း မီးရောင်ထွက်ပေါ်သောအခန်းတစ်ခုသာရှိပြီး အားလုံးမှောင်နှင့်မည်းမည်းရှိနေပါတော့သည်။



ထွန်းယို့တို့ အဆောက်အအုံနှင့် မလှမ်းမကမ်းသို့အရောက်တွင် မီးလင်းနေသောအခန်း၏ ပြတင်းပေါက်တံခါးပွင့်သွားပြီး လူတစ်ယောက်ကလှမ်းခေါ်လာလေသည်။

"ရောက်မှတော့ ဝင်ခဲ့ကြပါဗျာ"

ထွန်းယို့တို့သည် ပြတင်းပေါက်မှတစ်ဆင့်ခုန်ဝင်လိုက်ကြလေသည်။ သူတို့အားဖိတ်ခေါ်လိုက်သူမှာ ရှောင်ဖုံးဖြစ်ပါသည်။

ရှောင်ဖုံးသည် ထွန်းယို့တို့အားနေရာထိုင်ခင်းပေးကာ ဧည့်ခံလေသည်။ ယခု ရှောင်ဖုံးသည် မာန်မာနကြီးသူတစ်ယောက်အသွင်မျိုးလုံးဝမရှိဘဲ အလွန်စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်အသွင်ရှိနေပေတော့သည်။

"ကျုပ်ရဲ့ခြံဝင်းထဲကိုဝင်လာတော့ အစောင့်အကြပ်တစ်ဦးတစ်ယောက်မှမရှိကြလို့ ခင်ဗျားတို့အံ့သြနေကြသလား"

ထွန်းယို့က ....

"ဦးက သူတို့ကိုထွက်သွားခိုင်းလိုက်တာလား"

ရှောင်ဖုံးခေါင်းညိတ်လိုက်သည်။

"သူတို့ဒုက္ခရောက်သွားမှာကို ကျုပ်မလိုလားဘူးလေ၊ ဒါကြောင့် အားလုံးထွက်သွားခိုင်းလိုက်တာပဲ"

ရှာချောင်က ....

"ဒီည နဂါးစိမ်းဂိုဏ်းကလူရောက်လာမှာမို့လား"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ်မှာ မိတ်ဆွေတွေအများကြီးရှိပါတယ်၊ ဒါပေမယ့် နဂါးစိမ်းဂိုဏ်းနဲ့ရင်ဆိုင်နေရတယ်ဆိုတဲ့သတင်းလဲ ကြားရော ကျုပ်တစ်ယောက်ထဲဖြစ်သွားတယ်"

သူ၏မိတ်ဆွေများသည် နဂါးစိမ်းနှင့်ရင်ဆိုင်ဖို့ကြောက်ရွံ့ကာ ပတ်သက်ဆက်ဆံခြင်း၊ ကူညီခြင်းမပြုကြကြောင်းထင်ရှားနေတော့သည်။

"ကျုပ်ဟာ နဂါးစိမ်းဂိုဏ်းကလူနဲ့ နှစ်ကြိမ်တိုင်တိုင်ရင်ဆိုင်ပြီးပါပြီ၊ နှစ်ကြိမ်စလုံး အရေးနိမ့်ခဲ့တယ်၊ သူ့မှာ အင်မတန်ထက်မြက်တဲ့ဓားတစ်လက်ရှိနေလို့ပဲ"

ရှောင်ဖုံးသည် အင်္ကျီလက်နှစ်ဖက်ကို အပေါ်ပင့်တင်လိုက်လေသည်။ ထိုအခါ သူ၏ဝဲလက်မောင်းနှစ်ဖက်၌ ဓားဒဏ်ရာတစ်ချက်စီရထားသည်ကိုတွေ့ရလေသည်။

ဒဏ်ရာကိုကြည့်လိုက်လျှင် အလွန်ပါးလွှာထက်မြက်သောဓားတစ်လက်ဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်းသိနိုင်၏။

"သူဟာ ကျုပ်ထက်သာရင် နည်းနည်းပေါ့၊ ဒါပေမယ့် သူ့ဆီမှာဓားကောင်းတစ်လက်ရှိနေတာကြောင့် ဘယ်လိုမှမယှဉ်နိုင်အောင်ဖြစ်ခဲ့ရတာ"

ရှောင်ဖုံးကထွန်းယို့ကိုကြည့်ပြီး စကားဆက်လိုက်သည်။



"ဒါကြောင့် မင်းဆီကကျောက်စိမ်းဓားကိုငှားရမ်းဖို့ ကြိုးစားမိခဲ့တာပါပဲ"

ထွန်းယို့ ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ရဲ့ကျောက်စိမ်းဓားက အမှန်တကယ်ကို ပျောက်ဆုံးသွားလို့ပါ၊ ဒါမှမဟုတ်ရင် ဦးကိုကူညီနိုင်ပါတယ်ခင်ဗျာ"

ရှောင်ဖုံးသက်ပြင်းချလိုက်သည်။

"အင်းလေ၊ ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲထားလိုက်ပါတော့၊ မင်းတို့ဟာ နဂါးစိမ်းဂိုဏ်းကိုဖော်ထုတ်ချေမှုန်းဖို့ ကြိုးစားနေကြတယ်လို့သိရတာဝမ်းသာပါတယ်၊ ဒါပေမယ့် အန္တရာယ်သိပ်များတယ်ဆိုတာနားလည်ထားကြစေချင်တယ်"

နဂါးစိမ်းဂိုဏ်းအား ဝါရင့်သိုင်းသမားကြီးများပင်လျှင် ရင်မဆိုင်ဝံ့ကြချေ။ ထို့ကြောင့်လည်း နဂါးစိမ်းဂိုဏ်း၏အရှိန်အဝါ ပို၍ကြီးမားလာခြင်းဖြစ်လေသည်။ ထွန်းယို့က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"နဂါးစိမ်းဂိုဏ်းဆိုရင် အားလုံးကကြောက်နေကြတယ်၊ ဒါကြောင့်သူတို့ပိုပြီးခေါင်းမော့လာတယ်၊ သူတို့ကိုတစ်ယောက်ယောက်ကရင်ဆိုင်ဆုံးမလိုက်ရင် သိုင်းလောကသားတွေ အားကျအတုယူပြီးရင်ဆိုင်လာကြမှာ၊ ဒါဆို နဂါးစိမ်းဂိုဏ်းဘာမှတတ်နိုင်တော့မှာမဟုတ်ပါဘူး"

ရှောင်ဖုံးသည် ချီးကျူးသောအကြည့်ဖြင့်ကြည့်လိုက်သည်။

"မောင်ရင်လေး ပြောတာအမှန်ပါပဲ၊ တစ်ယောက်ယောက်ဟာ ရှေ့တန်းကရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်မယ်၊ အောင်မြင်မှုရယူနိုင်မယ်ဆိုရင် တခြားလူတွေလည်း ရင်ဆိုင်ဖို့ကြိုးစားလာကြမှာပါ။ ဒါကြောင့် ကျုပ်ကနဂါးစိမ်းဂိုဏ်းကိုရင်ဆိုင်ဖို့ကြိုးစားခဲ့တာပေ့ါ"

ရှာချောင်နှင့်ဝမ်ဟွီးတို့ အချင်းချင်းကြည့်လိုက်ကြလေ၏။

ရှာချောင်က ....

"နဂါးစိမ်းဂိုဏ်းနဲ့ရင်ဆိုင်ဖို့ကြိုးစားခဲ့တဲ့လူတွေ တစ်ဦးမှ အသက်မရှင်ခဲ့ကြဘူးဗျ"

ဝမ်ဟွီးက ....

"နဂါးစိမ်းဂိုဏ်းဟာ သူတို့ကိုရင်ဆိုင်မယ့်လူအကြောင်း သေသေချာချာစုံစမ်းပြီးမှ အဲဒီလူကိုဆုံးမနိုင်မယ့်လူကိုရွေးပြီး စေလွှတ်လေ့ရှိတယ်၊ ဒါကြောင့် ခင်ဗျားအခက်ကြုံနေတာပေ့ါဗျာ"

ထွန်းယို့က ....

"ဒါပေမဲ့ ဒီတစ်ခါတော့ သူတို့အတွက်မှားသွားကြတယ်"

ထိုစဉ် အပြင်ဘက်မှ အေးစက်စက်ရက်မောသံဟစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ooo



လရောင်ဖြာကျနေသည်။

လရောင်အောက်၌ အနက်ရောင်ဝတ်ကာမျက်နှာဖုံးစွပ်ထားသူတစ်ယောက်ရပ်နေသည်။

ထွန်းယို့၊ ဝမ်ဟွီး၊ ရှောင်ဖုံးနှင့်ရှာချောင်တို့သည် မျက်နှာဖုံးစွပ်ထားသူနှင့်ရင်ဆိုင်လိုက်ကြလေသည်။ မျက်နှာဖုံးစွပ်ထားသူကား နဂါးစိမ်းဂိုဏ်းမှလူတစ်ယောက်ဖြစ်နေပါသည်။ ထိုလူက ....

"မင်းတို့သုံးယောက်အကြောင်းကို နဂါးစိမ်းဂိုဏ်းကမသိဘူးထင်ရင် မှားသွားမှာပေ့ါ"

ထွန်းယို့ ရယ်မောလိုက်လေသည်။

ထိုလူက ....

"ထွန်းယို့ .... နဂါးစိမ်းဂိုဏ်းထဲဝင်မယ်ဆိုရင် မင်းအတွက်အကောင်းဆုံးဖြစ်မယ်"

ထွန်းယို့က ....

"မဆိုးဘူး၊ ကျုပ်က ဂိုဏ်းချုပ်ရာထူးရမယ်ဆိုရင် စဉ်းစားရမှာပေ့ါ"

ဝမ်ဟွီးနှင့်ရှာချောင်တို့ ရယ်မောလိုက်ကြလေသည်။

ထိုလူ ခံပြင်းသွားလေသည်။

"ကောင်းပြီ .... ဒီည မင်းတို့လေးယောက်စလုံးသေဖို့သာမြင်ထားပေတော့"

—,

ဓားတစ်လက်ဆွဲထုတ်ကာတိုက်ခိုက်လိုက်လေသည်။

"သတိထား"

ရှောင်ဖုံးကသတိပေးရင်း ဓားဖြင့်ခုခံလိုက်လေသည်။

"ခြွမ်း ...."

ဓားနှစ်လက်ထိတွေ့လိုက်သည်နှင့် ....

ရှောင်ဖုံး၏ဓား ထက်ပိုင်းကျိုးသွားတော့သည်။

"ယား ...."

ရှာချောင်က သုံးချောင်းဆက်တုတ်ဖြင့်ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ဝမ်ဟွီးနှင့်ထွန်းယို့တို့လည်း ခုန်ဝင်သွားကြလေ၏။

နဂါးစိမ်းဂိုဏ်းမှလူက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်။

"ဝုန်း ...."

ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ မီးခိုးလုံးများ ထွက်ပေါ်လာလေ၏။ ထွန်းယို့တို့ ကပျာကယာနောက်ဆုတ်လိုက်ကြလေသည်။ လေဝှေ့ယမ်းတိုက်ခတ်ပြီး မီးခိုးများပျောက်ကွယ်သွားသည့်အခါ နဂါးစိမ်းဂိုဏ်းမှလူကိုမတွေ့ရတော့ချေ။

ooo



နဂါးစိမ်းဂိုဏ်းမှလူ ထွက်ပြေးရှောင်တိမ်းသွားပြီဖြစ်သည်။

"ဟား .... ဟား .... ဟား ...."

ရှာချောင်က လှောင်ပြောင်ရယ်မောလိုက်သည်။

"နဂါးစိမ်းဂိုဏ်းဆိုရင် လူတိုင်းကြောက်ရွံ့ကြတယ်၊ ခုတော့ ကျုပ်တို့ကိုကြောက်ပြီးထွက်ပြေးသွားပြီ"

ဝမ်ဟွီးက ....

"ထွက်ပြေးသွားလဲ ဘာဖြစ်သလဲ၊ သူ့နောက်ကိုလိုက်သွားကြတာပေါ့"

"နေပါဦး ..... သူက ဘယ်ကိုထွက်ပြေးသွားတယ်ဆိုတာ ခင်ဗျားသိလို့လား"

"သူ့ရဲ့ဓားကပြောပြမှာပေါ့"

အားလုံးက ဝမ်ဟွီးအားကြည့်လိုက်ကြလေသည်။

ဝမ်ဟွီး၏မျက်နှာတည်ကြည်လေးနက်နေပါသည်။

"ညမွှေးပန်းကိုသတ်သွားတဲ့လူဟာ လက်နက်ကို လုယူပြီး ကိုယ့်လက်နက်နဲ့ကိုယ် သတ်ပစ်တတ်တဲ့လူစားမျိုးပဲ"

ရှောင်ဖုံးကိုညွှန်ပြကာ ဆက်ပြောလိုက်လေသည်။

"ဆရာရှောင်ဖုံးကိုတိုက်ခိုက်တဲ့လူရဲ့ဓားက ဘယ်လိုလက်နက်မျိုးကိုမဆို ခုတ်ဖြတ်ပစ်နိုင်တယ်"

ထွန်းယို့တို့သည် ဝမ်ဟွီး၏စကားကိုနားထောင်ရင်း ....

ထိတ်လန့်သွား၏။

ဝမ်ဟွီးက ....

"တကယ်လို့ သွေးကြောတွေကိုဖျက်ဆီးပစ်တတ်တဲ့ နဂါးစိမ်းဂိုဏ်းသားတစ်ယောက်ရှိနေဦးမယ်ဆိုရင်လည်း အံ့သြစရာမရှိတော့ပါဘူး"

သိုင်းလောက၌ ထူးခြားသောပညာရပ်များဖြင့် ထင်ရှားသော သိုင်းသမားသုံးယောက်ရှိသည်။ ထင်းစန်းတောင်သိုင်းသုံးဖော်ဖြစ်လေသည်။

ထင်းစန်းတောင်သိုင်းသုံးဖော်အနက် တစ်ယောက်မှာ ပြိုင်ဘက်၏လက်နက်ကိုလုယူကာ ထိုလက်နက်ဖြင့် ပြိုင်ဘက်အား ပြန်လည်အနိုင်ယူတတ်သူဖြစ်သည်။

အခြားတစ်ယောက်၌ အလွန်ထက်မြက်သောဓားတစ်လက်ရှိနေသည်။

နောက်ဆုံးတစ်ယောက်ကား သွေးကြောများအား ဖျက်ဆီးသောပညာရပ်၌ အထူးကျွမ်းကျင်လေသည်။

ထင်းစန်းသိုင်းသုံးဖော်သည် လူသိများထင်ရှားသောအဖြူရောင်သိုင်းသမားကြီးများဖြစ်ကြလေသည်။ ထွန်းယို့က ....

"ထင်းစန်းသိုင်းသုံးဖော်သာ နဂါးစိမ်းဂိုဏ်းဝင်တွေဖြစ်နေကြရင် အတော်ကိုဝမ်းနည်းစရာကောင်းမှာပဲ"



ထင်းစန်းသိုင်းသုံးဖော်ကိုပင် စည်းရုံးသိမ်းသွင်းထားနိုင်ပြီဆိုလျှင် နဂါးစိမ်းဂိုဏ်းသည် မည်မျှကြောက်စရာကောင်းမှန်း သိသာနိုင်ပေသည်။

ရှောင်ဖုံးက ဝမ်ဟွီးအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

"မိတ်ဆွေပြောမှပဲ ရှင်းရှင်းလင်းလင်းဖြစ်သွားတော့တယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ရင်ဆိုင်နေရတဲ့နဂါးစိမ်းဂိုဏ်းကလူဟာ ထင်းစန်းတောင်သိုင်းသုံးဖော်မှာပါဝင်တဲ့ လူတစ်ယောက်ဖြစ်ရမယ်လို့ သံသယဝင်နေတာ"

အံကြိတ်ပြီး ဆက်ပြောလိုက်လေသည်။

"ထင်းစန်းတောင်သိုင်းသုံးဖော်ဟာ သိုင်းရာဇာဝမ်းချီနဲ့အတူ စားသောက်ဖို့ ချိန်းထားတယ်ဗျ၊ သူတို့ ဘယ်မှာရှိနေကြတယ်ဆိုတာ ကျုပ်သိတယ်"

ထွန်းယို့ မျက်မှောင်ကုပ်သွားလေသည်။

"သူတို့က သိုင်းရာဇာဝမ်းချီကိုဒုက္ခပေးကြမှာလား"

ရှောင်ဖုံးက ....

"သိုင်းရာဇာဝမ်းချီသာ နဂါးစိမ်းဂိုဏ်းဝင်တစ်ယောက်ဖြစ်သွားရင် မတွေးဝံ့စရာဘဲ"

"ကျွန်တော်တို့သွားတွေ့ကြမယ်"

ဝမ်ဟွီးနှင့်ရှာချောင်တို့လည်း သဘောတူလိုက်ကြ၏။

ရှောင်ဖုံးက ....

"ထင်းစန်းသိုင်းသုံးဖော်ဟာ သိုင်းရာဇာဝမ်းချီကို ထင်ယုံဘုံကျောင်းရှေ့ကစားသောက်ဆိုင်မှာ ညှော်ခံကျွေးမွေးဖို့ စီစဉ်ထားကြတာပဲ"

ဟုပြောလေသည်။

ooo

ထင်ယုံဘုံကျောင်းသည် ဘုန်းတော်ကြီးတစ်ပါးနှင့် ကပ္ပိယကြီးတစ်ယောက်သာရှိသော ဘုံကျောင်းဖြစ်သည်။

ထင်ယုံဘုံကျောင်းရှေ့၌ ထင်ယုံစားသောက်ဆိုင်ရှိသည်။

ထင်ယုံစားသောက်ဆိုင်မှာ ဒုတိယတန်းစားဆိုင်တစ်ဆိုင်သာဖြစ်၏။ ထင်းစန်းသုံးဖော်က သိုင်းရာဇာဝမ်းချီအား ထင်ယုံစားသောက်ဆိုင်၌ ညှော်ခံကျွေးမွေးဖို့ စီစဉ်ထားကြသည်မှာ အကြောင်းရှိပါသည်။

လွန်ခဲ့သော ရှစ်နှစ်က ထင်းစန်းသုံးဖော်ခရီးထွက်လာရင်း ထင်ယုံစားသောက်ဆိုင်သို့ ရောက်ရှိလာသောအခါ ရန်သူများနှင့် ရင်ဆိုင်ခဲ့ရလေသည်။



ထင်းစန်းသုံးဖော်တို့ အခက်ကြုံနေချိန်၌ သိုင်းရာဇာဝမ်းချီရောက်ရှိလာပြီးကူညီခဲ့လေသည်။

ထို့ကြောင့် ....

ထင်းစန်းသိုင်းသုံးဖော် သည် ကျေးဇူးသိတတ်သောအားဖြင့် တစ်နှစ်လျှင်တစ်ကြိမ် သိုင်းရာဇာဝမ်းချီအားဖိတ်ခေါ်ကာ ညှော်ခံကျွေးမွေးကြလေသည်။

ယခုနှစ်တွင်လည်း သိုင်းရာဇာဝမ်းချီသည် ပုလဲကျေးရွာသို့လာရင်း လမ်းကြုံသဖြင့် ထင်ယုံစားသောက်ဆိုင်သို့ဝင်ကာ ထင်းစန်းသုံးဖော်နှင့်အတူ စားသောက်မည်ဖြစ်လေသည်။

ထွန်းယို့တို့သည် ထင်ယုံစားသောက်ဆိုင်သို့ အချိန်မီလိုက်လာခဲ့ကြလေသည်။

ooo

ယနေ့တွင် ... ထင်ယုံစားသောက်ဆိုင်၌ အလွန်သန့်ရှင်းစင်ကြယ်သောဆိုင်လုလင်များသည်လည်း ဖော်ဖော်ရွေရွေရှိနေကြလေသည်။ ထွန်းယို့တို့ရောက်ရှိလာကြသောအခါ ပျူပျူငှာငှာကြိုဆိုပြီး နေရာထိုင်ခင်းပေးကြလေသည်။

သို့သော် ဆိုင်အပေါ်ထပ်သို့မူ တက်ခွင့်မပြုပေ။

"အပေါ်ထပ်မှာ ထင်းစန်းသုံးဖော်နဲ့သိုင်းရာဇာဝမ်းချိတို့ စားသောက်နေကြပါတယ်ခင်ဗျာ၊ ဒါကြောင့် ဘယ်သူကိုမှတက်ခွင့်မပြုပါဘူးခင်ဗျာ"

ထွန်းယို့က .....

"ကျုပ်နာမည်ထွန်းယို့ပါ ... ကျုပ်ရောက်နေတဲ့အကြောင်း သိုင်းရာဇာဝမ်းချိကိုပြောပေးပါ"

"ဒါဖြင့် ခဏစောင့်ပါ"

ဆိုင်လုလင်တစ်ယောက်သည် ထွန်းယို့ပြောသည့်အတိုင်း သိုင်းရာဇာဝမ်းချိအားသွားရောက် ပြောကြားပေးလေသည်။

ထို့ကြောင့် ထွန်းယို့လည်း အပေါ်ထပ်သို့တက်ခွင့်ရခဲ့တော့သည်။ အပေါ်ထပ်၌ လူရှစ်ယောက်ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နိုင်သောစားပွဲကြီးတစ်လုံးရှိသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အရက်များအလျှံပယ်ရှိနေပါသည်။



သို့သော် ဝိုင်းဖွဲ့စားသောက်နေသူမှာ လေးယောက်သာရှိလေသည်။

ထင်းစန်းသိုင်းသုံးဖော်နှင့် သိုင်းရာဇာဝမ်းချိတို့ ဖြစ်သည်။ ဝမ်းချိသည် ထွန်းယို့အားလှမ်းပြီးနှုတ်ဆက်လိုက်လေသည်။

"ထွန်းယို့ မင်းဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ၊ ပုလဲကျေးရွာကိုတောင် မင်းရောက်နေပြီထင်တာ"

ထွန်းယို့က ....

"ကျွန်တော် အချိန်မီအရောက်သွားမှာပါခင်ဗျာ၊ အရေးကြီးတဲ့ကိစ္စတစ်ခုကို ပြီးပြတ်အောင်ဆောင်ရွက်သွားမှာမို့ပါ"

ဝမ်းချိပြုံးလိုက်သည်။

"မင်းမှာ ဘာတွေများအရေးကြီးနေလို့လဲ ပြောစမ်းပါဦး"

ထွန်းယို့က ထင်းစန်းသိုင်းသုံးဖော်အား တစ်ချက်ကြည့်ပြီးမှ ဝမ်းချိအားပြောလိုက်သည်။

"ဦးလေးဝမ်းချိ ကျွန်တော်တို့နှစ်ယောက်ချင်း စကားပြောချင်ပါတယ်ခင်ဗျာ"

"ဟော ...."

ဝမ်းချိ အံ့သြသွားလေသည်။

သို့သော် ထိုင်ခုံတစ်လုံးကိုညွှန်ပြကာပြောလိုက်လေသည်။

"ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့ကွာ၊ ကျုပ်ရဲ့မိတ်ဆွေ

ထင်း စန်းသုံးဖော်ရှေ့မှာပြောလို့လဲဖြစ်ပါတယ်"

တစ်ဆက်တည်းမှာပင် ....

ထင်းစန်းသိုင်းသုံးဖော်အား မိတ်ဆက်ပေးလိုက်လေသည်။

"ဒါဟာ မြို့စားကြီးထွန်းဟွီးဟင်ရဲ့သား ထွန်းယို့ပါ"

ပုလဲကျေးရွာပိုင်ရှင်၏ သားမက်ရွေးချယ်မည့်ကိစ္စကြောင့် ထွန်းယို့ကို အားလုံးကသိနေကြပြီဖြစ်လေသည်။

ထင်းစန်းသိုင်းသုံးဖော်တို့ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြသည်။ ထင်းအိက ....

"မြို့စားကြီးထွန်းဟွီးဟင်ရဲ့သားကိုး၊ မြို့စားကြီးအတွက် အတော်ကို အားကိုးအားထားပြုနိုင်မှာပဲ"

ထင်းအော့က ....

"ပုလဲကျေးရွာပိုင်ရှင်က သူ့ကို သားမက်လောင်းရွေးမယ်လို့ သတင်းတွေထွက်ပေါ်နေတာ"

ထင်းစန်းက ....

"မြို့စားကြီးနဲ့ ပုလဲကျေးရွာတို့ ရွှေလမ်းငွေလမ်းဖောက်ကြမယ်ဆိုတာ မင်္ဂလာသတင်းပါပဲ"

ဟူ၍ချီးကျူးပြောဆိုကြလေသည်။

ထွန်းယို့သည် သူ့အား ပိုင်းဝန်းချီးကျူးနေကြသဖြင့် မနေတတ်မထိုင်တတ်သလိုဖြစ်သွားလေသည်။



မင်္ဂလာကိစ္စအကြောင်းပြောဆိုနေကြသဖြင့် ဝါဝါဘုန်းကို သတိရကာ စိတ်မကောင်းဖြစ်သွားလေသည်။

ဝမ်းချီကမေးသည်။

"ကဲ .... မင်းမှာဘယ်လိုအရေးကြီးတဲ့ကိစ္စရှိနေတာလဲ၊ ပြောစမ်းပါဦး"

ထွန်းယို့ ပြောဖို့ခက်နေပါတော့သည်။

ထင်းစန်းသုံးဖော်ရှေ့၌ သူတို့အကြောင်းကိုထုတ်ဖော်ပြောရမည်မဟုတ်ပါလား။

ဝမ်းချီ မျက်မှောင်ကုပ်သွား၏။

"ထွန်းယို့ .... မင်းပြောဖို့အခက်အခဲရှိနေတယ်ဟုတ်လား"

ထွန်းယို့သက်ပြင်းချလိုက်လေသည်။

"ကျွန်တော်က ထင်းစန်းသိုင်းသမားသုံးယောက်အကြောင်းကိုပြောမလို့ပါခင်ဗျာ"

ဝမ်းချီက ထင်းစန်းသိုင်းသုံးဖော်ကိုကြည့်လိုက်လေသည်။

ထင်းစန်းသိုင်းသုံးဖော်ကလည်း ထွန်းယို့ကိုကြည့်လိုက်လေသည်။ ထွန်းယို့က ....

"ထင်းစန်းသိုင်းသုံးဖော်ဟာ နဂါးစိမ်းဂိုဏ်းဝင်တွေဖြစ်နေကြပါတယ်ခင်ဗျာ"

"ဟား .... ဟား .... ဟား ...."

ဝမ်းချီ ရယ်မောလိုက်လေသည်။

ထင်းစန်းသုံးဖော်လည်း ရယ်မောလိုက်ကြလေသည်။

ထွန်းယို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ဝမ်းချီက ....

"ထွန်းယို့ .... မင်းဘာတွေလာပြောနေတာလဲ"

"ကျွန်တော် ...."

"မင်းဘာတွေလာပြောနေတာလဲ၊ ပုလဲကျေးရွာကိုမသွားဘဲ ဘာတွေလျှောက်လုပ်နေတာလဲ"

ထွန်းယို့ မကျေမနပ်ဖြစ်လာလေသည်။

"ဦးလေးဝမ်းချီ၊ သူတို့ဟာ သိုင်းဆရာရှောင်ဖုံးကိုဒုက္ခပေးဖို့ ကြိုးစားခဲ့ပါတယ်၊ ကျွန်တော်သက်သေပြနိုင်ပါတယ်"

ဝမ်းချီခေါင်းကုပ်လိုက်သည်။

"မင်းဘာတွေပြောနေတယ်ဆိုတာ ငါနားမလည်နိုင်အောင် ဖြစ်နေပြီကွ"

ထင်းစန်းသိုင်းသုံးဖော်မှ အကြီးဆုံးဖြစ်သောထင်းအိက...

"ဆရာကြီးဝမ်းချီ .... သူ ဘာကြောင့် ကျုပ်တို့ကိုစွပ်စွဲပြော ဆိုနေတယ်ဆိုတာ မေးကြည့်ချင်ပါတယ်ဗျာ"

သူခွင့်တောင်းလိုက်လျှင် ဝမ်းချီခွင့်ပြုလိုက်လေသည်။

ထင်းအိက ....

"ကဲ .... မောင်ရင်လေးရှင်းပြနိုင်မလား"



ထွန်းယို့က ....

"သိုင်းဆရာရှောင်ဖုံးကို နဂါးစိမ်းဂိုဏ်းက သူတို့ဂိုဏ်းထဲဝင်ဖို့ စည်းရုံးသိမ်းသွင်းခဲ့ပါတယ်"

ဟုအစချီကာ အဖြစ်အပျက်များကိုပြောပြလိုက်လေသည်။ တင်းအိသည် ထွန်းယို့၏စကားဆုံးအောင်နားထောင်ပြီးမှ ....

"ကောင်းပြီလေ ... သိုင်းဆရာရှောင်ဖုံးပါလာတယ်မဟုတ်လား၊ သူ့ကိုခေါ်လိုက်ပါ၊ ကျုပ်တို့ မျက်နှာစုံညီရှင်းလိုက်ကြတာပေါ့"

"ကျေးဇူးပါပဲ"

ထွန်းယို့သည် ရှောင်ဖုံးတို့အားခေါ်ရန် ဆိုင်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

၀၀၀

အောက်ထပ်၌လူရှင်းနေသည်။ သန့်ရှင်းသပ်ရပ်စွာဝတ်ဆင်ထားသောဆိုင်လုလင်နှစ်ယောက်သည် လာရောက်စားသောက်မည့် ဧည့်သည်များကိုမျှော်နေကြလေသည်။

အောက်ထပ်၌ စားသောက်နေသူ တစ်ယောက်မျှမရှိပါ။ အစီအရီချထားသောစားပွဲများက သည်အတိုင်းရှိနေသည်။

ထွန်းယို့ အံ့ဩသွားလေသည်။

ရောင်ဖုံး ဝမ်ပျိုးနှင့်ရှာချောင်တို့သုံးယောက်အား မတွေ့ရချေ။ ထွန်းယို့က ဆိုင်လုလင်တစ်ယောက်အား မေးလိုက်သည်။

"ကျုပ်မိတ်ဆွေတွေ ဘယ်ရောက်ကုန်ပြီလဲ"

ဆိုင်လုလင်တစ်ယောက်က ....

"အစ်ကိုလေး ဘယ်သူ့ကိုမေးတာလဲဗျာ"

"ကျုပ်မိတ်ဆွေတွေကိုပေါ့"

"အစ်ကိုလေးတစ်ယောက်ထဲ လာခဲ့တာမဟုတ်လားဗျာ"

"ဟာ ကျုပ်တို့လေးယောက်လာခဲ့တာပါ"

"အစ်ကိုလေးမှားနေပြီထင်တယ် .... ကျွန်တော်တို့ဆိုင်ကို ဘယ်သူမှမလာပါဘူး"

ထွန်းယို့ မယုံနိုင်အောင်ဖြစ်သွားသည်။

သူနှင့်အတူလိုက်လာခဲ့ကြသော ရောင်ဖုံးတို့လူစု မည်သည့်နေရာရောက်ရှိသွားပါသနည်း။

ထိုစဉ် ....

"သိုင်းဆရာရောင်ဖုံးကဘယ်မှာလဲ"

မေးမြန်းသံနှင့်အတူ စင်းစန်းသုံးပေါ်နှင့်ဝမ်ချီတို့ အောက်ထပ်သို့ဆင်းလာကြသည်ကိုတွေ့ရလေသည်။

ထွန်းယို့ငိုင်သွားလေသည်။

ထင်းအော့က ....



"သိုင်းဆရာရောင်ဖုံးလည်းမရှိပါလား၊ ကျုပ်တို့က သူ့ကိုအကောက်ကြံတဲ့နဂါးစိမ်းဂိုဏ်းသားတွေလို့ပြောခဲ့တဲ့အတွက် သည်ကိစ္စကို မင်းပဲတာဝန်ယူဖြေရှင်းပေးရမယ်"

ထွန်းယို့အံကြိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ်ဖြေရှင်းပါ့မယ်"

ဝမ်းချီက ....

"ထွန်းယို့ မင်းမှားနေပြီ၊ သူတို့ကိုတောင်းပန်လိုက်ပါ"

ထွန်းယို့ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ ကျွန်တော်မတောင်းပန်နိုင်ပါဘူး"

"မင်း ...."

"ကျွန်တော် သိုင်းဆရာရောင်ဖုံးကိုရှာပြီး ခေါ်လာခဲ့ပါ့မယ်"

ထွန်းယို့သည် စကားဆုံးသည်နှင့် စားသောက်ဆိုင်ထဲမှ ထွက်ခဲ့လေတော့သည်။

ooo

ထွန်းယို့ခံပြင်းနေသည်။ ထောင်ချောက်တစ်ခုအတွင်းသို့ သက်ဆင်းမိခဲ့ပြန်ပြီဖြစ်ကြောင်း နားလည်မိလေသည်။

သိုင်းဆရာရောင်ဖုံးတို့သည် အဘယ့်ကြောင့် စားသောက်ဆိုင်ထဲမှ ပျောက်ဆုံးသွားခဲ့ကြပါသနည်း။

"သူတို့ သည်အတိုင်းပျောက်ဆုံးသွားစရာမရှိပါဘူး"

ရောင်ဖုံးတို့ပျောက်ဆုံးသွားကြသည်မှာ တစ်စုံတစ်ယောက်ကြောင့်ဖြစ်ကြောင်း နားလည်မိလေသည်။

ထွန်းယို့သည် စားသောက်ဆိုင်လေးသို့ တစ်ခေါက်ပြန်သွားပြီးစုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

ထင်းစန်းသိုင်းသုံးဖော်နှင့် သိုင်းရာဇဝမ်းချိတို့သည် စားသောက်ဆိုင်လေး၌ကျန်ရစ်ခဲ့ကြသဖြင့် သူတို့ထွက်သွားမှသွားရန် စိတ်ကူးလိုက်လေသည်။

ထွန်းယို့သည် ခေတ္တအချိန်ဖြုန်းရန် လမ်းမကြီးအတိုင်းထွက်လာခဲ့ရာ တစ်နေရာအရောက်တွင် ရှေ့မှသွားနေသောမိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

ထိုမိန်းကလေးကိုမြင်လိုက်ရသည့်အခါ ထွန်းယို့ဝမ်းသာသွားလေတော့သည်။

"ဝါဝါဘုန်း ...."

ထွန်းယို့ ကပျာကယာပြေးလိုက်သွားလေ၏။



မိန်းကလေးက လှည့်မကြည့်ပါ။ ထွန်းယို့သည် မိန်းကလေး၏နံဘေးမှဖြတ် ကျော်သွားပြီး ရှေ့မှလမ်းပိတ်ထားလိုက်လေသည်။

"ညီမ .... ဝါဝါ ...."

သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။ ထွန်းယို့ ကပျာကယာနောက်ဆုတ်လိုက်လေသည်။

ထိုမိန်းကလေးမှာ နောက်ကျောမှကြည့်လျှင် ဝါဝါဘုန်းနှင့်ခွဲခြားမရအောင်တူနေပါသည်။

သို့သော် .... ရှေ့မှကြည့်သောအခါ အလွန်ပင်ရုပ်ဆိုးသောမိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။

ထို့ကြောင့် ထွန်းယို့ကြောင်အမ်းအမ်းဖြစ်သွားတော့သည်။

မိန်းကလေးမှာ ကျောက်ပေါက်မာများဖြင့် အလွန်ရုပ်ဆိုးနေသည်။ သူမသည် ထွန်းယို့အားမျက်လုံးပြူး၍ကြည့်ရင်း ....

"ဒါက ဘာသဘောလဲ"

"ကျုပ် ...."

ထွန်းယို့ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။

"ရှင်က ကျွန်မကိုနှောင့်ယှက်တာပေါ့လေ"

"ဟာ .... ဒီလိုမဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာသဘောလဲ"

"လူ .... လူမှားသွားလို့ပါ"

"ဘာရှင့် ....."

မိန်းကလေးက ခါးထောက်အော်ငေါက်လိုက်ခြင်းကြောင့် ထွန်းယို့ ပို့ပြီးထိတ်လန့်သွားလေတော့သည်။

ရုပ်ဆိုးမလေးက ....

"နေပါဦး၊ ရှင်က ဘယ်သူနဲ့လူမှားရတာလဲ"

"ညီမဝါဝါဘုန်းနဲ့ပါ"

"ဒါဆို ဝါဝါဘုန်းဆိုတဲ့မိန်းကလေးဟာ အင်မတန်ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်မယ်"

ထွန်းယို့ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူး ..... အတော့်ကိုချောမောလှပတဲ့မိန်းကလေး တစ်ယောက်ပါ"

ရုပ်ဆိုးမလေးနှာခေါင်းရှုံ့လိုက်လေသည်။

"ဒါဖြင့် ရှင့်မျက်လုံးမကောင်းတော့ဘူးထင်တယ်"

"ကျုပ် ....."

"ကျွန်မလို အကျည်းတန်အရုပ်ဆိုးတဲ့မိန်းကလေးတစ်ဦးကို ချောမောလှပတဲ့မိန်းကလေးနဲ့ လူမှားတာ ရှင့်မျက်လုံးမကောင်း တော့လို့ပဲဖြစ်ရမှာပေါ့"

ထွန်းယို့စိတ်မဆိုးပါ။

"ကျုပ် တောင်းပန်ပါတယ်ဗျာ"



"ဒီလိုတောင်းပန်လို့ ဘယ်ရမလဲရှင်"

ထွန်းယို့သည် စိတ်ထဲမှဒုက္ခပဲဟု ညည်းတွားလိုက်မိသည်။

"ဒါဖြင့် ဘယ်လိုလုပ်ပေးစေချင်သလဲပြောပါဦး"

ရုပ်ဆိုးမလေးက ....

"ကျွန်မဗိုက်ဆာနေပြီ၊ ရှင် ကျွန်မကိုကျေနပ်စေချင်ရင် တစ် ခုခုလိုက်ကျွေးရလိမ့်မယ်"

"ဩော် ....."

"ကျွန်မကိုနှောင့်ယှက်ပြီးမှ ကျွန်မကျေနပ်သွားအောင် ရှင် လုပ်ပေးရမှာပေါ့"

"ကောင်းပါပြီဗျာ"

ထွန်းယို့လည်း ရုပ်ဆိုးမလေးအနေဖြင့် ကျေနပ်လျှင်ပြီးရော ဟု သဘော ထားလိုက်လေသည်။ ရုပ်ဆိုးမလေးသည် တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

"ဟိုဆိုင်မှာသွားစားကြမယ်"

သူမညွှန်ပြလိုက်သည့်နေရာ၌ ထင်းယုံစားသောက်ဆိုင်ရှိ နေသည်။ ထွန်းယို့သည် ရုပ်ဆိုးမလေးနှင့်အတူ ထင်းယုံစားသောက် ဆိုင်သို့လိုက်သွားရလေတော့သည်။

၀၀၀

ထွန်းယို့နှင့် ရုပ်ဆိုးမလေးတို့ ထင်းယုံစားသောက်ဆိုင်သို့ ရောက်ရှိသွားကြသောအခါ ထင်းစန်းသိုင်းသုံးဖော်နှင့်ဝမ်းချီတို့ထွက်သွားကြပြီဖြစ်လေသည်။

ထွန်းယို့သည် ရှောင်ဖုံးတို့သုံးယောက်ပျောက်ဆုံးသွားခြင်းကြောင့် မကျေမနပ်ဖြစ်နေပါသည်။

"တစ်ခုခုတော့မှားယွင်းနေပြီ၊ တစ်ယောက်ယောက်က အကောက်ကြံလိုက်တာပဲဖြစ်မယ်"

ထင်းစန်းသိုင်းသုံးဖော်သည် ဝမ်းချီနှင့်အတူရှိနေကြသည်။ ထို့ကြောင့် ရှောင်ဖုံးတို့အား အကောက်ကြံနိုင်မည်မဟုတ်ပါ။

သူတို့ရောက်ရှိလာချိန်၌ ဆိုင်ထဲလူရှင်းနေပါသည်။

ရှောင်ဖုံးတို့သုံးယောက်သည် စားပွဲတစ်လုံး၌ထိုင်ကာစောင့်ဆိုင်းနေခဲ့ကြခြင်းဖြစ်လေသည်။

ထွန်းယို့မှာ တွေးတောစဉ်းစားနေသဖြင့် စကားမပြောနိုင်ဘဲတိတ်ဆိတ်နေသည်။ ရုပ်ဆိုးမလေးသည် ပါးလုပ်ပါးလောင်း စားသောက်ရင်း မျက်လုံးလှန်ကြည့်လိုက်လေသည်။

သူမသည် အလွန်အစားကြူးသူဖြစ်သည်။

"ဘာလဲ .... ကျွန်မကို လိုက်ကျွေးရလို့ ရှင်မကျေမနပ်ဖြစ်နေတာလား"

ထွန်းယို့ခေါင်းခါယမ်းလိုက်လေသည်။



"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာကြောင့်ငြိမ်နေရတာလဲ"

"ကျုပ်မိတ်ဆွေတွေ ဘယ်လိုလုပ်ပြီး ပျောက်ဆုံးသွားကြတာလဲလို့တွေးနေတာပါ"

"ရှင့်မိတ်ဆွေတွေကဘယ်မှာလဲ"

"ဒီဆိုင်ထဲမှာပဲပျောက်သွားကြတာပါ"

"ဒါဖြင့် ဆိုင်ရှင်နဲ့ ဆိုင်လုလင်တွေကိုမေးကြည့်လိုက်ပေါ့ရှင်"

ထွန်းယို့က ....

"ကျုပ်မေးပြီးပါပြီ"

"သူတို့က ဘာပြောသလဲ"

"မသိဘူးလို့ပြောပါတယ်"

"မဖြစ်နိုင်တာပဲ"

ရုပ်ဆိုးမလေးက ဆိုင်လုလင်တစ်ယောက်အားလှမ်းကြည့်လိုက်လေသည်။ ထွန်းယို့၏မိတ်ဆွေများပျောက်ဆုံးသွားရသည့်ကိစ္စကို မေးမြန်းလိုက်လေသည်။

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ဟောဒီက အစ်ကိုလေးက အဖော်မပါဘဲတစ်ယောက်ထဲလာခဲ့တာပါ"

"ဩော် ...."

ရုပ်ဆိုးမလေးက ထွန်းယို့ဘက်သို့လှည့်လိုက်လေသည်။

"ရှင်က ကျွန်မကိုနှောင့်ယှက်တဲ့အပြင် အခုတစ်ခါ လိမ်ညာနေပြန်ပြီပေါ့လေ၊ ရှင်တော်တော်ဆိုးပါလား၊ ဟုတ်တယ်၊ ရှင်ဟာ လူဆိုးတစ်ယောက်ပဲဖြစ်ရမယ်"

အော်ငေါက်ကာ ပန်းကန်ခွက်ယောက်များဖြင့် ပစ်ပေါက်လိုက်လေသည်။

"ဟာ ...."

ထွန်းယို့ ကပျာယာရှောင်တိမ်းလိုက်လေသည်။

"ဝုန်း ...."

"ခွမ်း ...."

ရုပ်ဆိုးမလေးသည် ဒေါသတကြီးဖြစ်ကာ စားပွဲထိုင်ခုံများကိုပါရိုက်ချိုးပစ်လိုက်လေသည်။ တခဏအတွင်းမှာပင် တစ်ဆိုင်လုံး ပွစာကျဲသွားတော့သည်။ ဆိုင်ရှင် ကပျာကယာပြေးလွှားရောက်ရှိလာလေသည်။

"မိန်းကလေး .... ကျုပ်ဆိုင်ကိုမဖျက်ဆီးပါနဲ့ဗျာ"

ကပျာကယာတောင်းပန်လိုက်လေသည်။

ရုပ်ဆိုးမလေးက ....

"သူက သူ့အဖော်တွေနဲ့ ဒီကိုလာတယ်ဆိုပြီးမဟုတ်တာတွေပြောတာကိုး၊ ကျွန်မ စိတ်ဆိုးလာရင်မလွယ်ဘူး"



ဆိုင်ရှင်မှာ ဒေါသတကြီးဖြစ်နေသော ရုပ်ဆိုးမလေးအား ကြောက်လန့်သွားပါတော့သည်။

"ကျုပ် .... ကျုပ်အမှန်တိုင်းပြောပါ့မယ်ဗျာ၊ မိတ်ဆွေလေးရဲ့အဖော်တွေကို လူတစ်ယောက်ကဖမ်းခေါ်သွားပါတယ်"

ထွန်းယို့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ဘယ်သူလဲ"

"အစိမ်းရောင်ဝတ်ထားတဲ့လူတစ်ယောက်ပါ"

ရှောင်ဖုံး ဝမ်းဟွီးနှင့် ရှာချောင်တို့အားဖမ်းခေါ်သွားနိုင်သူမှာ ခေသူတစ်ယောက်မဟုတ်ကြောင်း ထွန်းယို့ဆင်ခြင်မိလေသည်။

ဆိုင်ရှင်က ....

"သူ့အကြောင်းဖော်မပြောရဘူးဆိုလို့ ကျုပ်တို့မပြောဝံ့တာပါ၊ ခင်ဗျားရဲ့အဖော်တွေကို မြင်းလှည်းတစ်စီးနဲ့တင်ပြီး အရှေ့ဘက်ကိုထွက်သွားပါတယ်"

ထွန်းယို့က ရုပ်ဆိုးမလေးအားဦးညွှတ်လိုက်လေသည်။

"ကျုပ်ကိုကူညီခဲ့တာကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်အဖော်တွေနောက်ကိုလိုက်သွားပါဦးမယ်"

ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ရုပ်ဆိုးမလေးက ....

"ရှင်က သူများပြောတိုင်းယုံတာပဲကိုး"

ထွန်းယို့ ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ရုပ်ဆိုးမလေးက ဆိုင်ရှင်အားတစ်ချက်လှမ်းကြည့်ပြီး အပြင်ဘက်ထွက်သွားလေသည်။

ထွန်းယို့လည်းလိုက်သွားလေသည်။

ဝဝဝ

ထွန်းယို့နှင့် ရုပ်ဆိုးမလေးတို့ ဆိုင်အပြင်ဘက်ရောက်ရှိလာကြလေသည်။ ထွန်းယို့က အရှေ့ဘက်သို့ထွက်သွားရန် ဟန်ပြင်လိုက်၏။ ရုပ်ဆိုးမလေးက ....

"ရှင်က အရှေ့ဘက်ကိုသွားပြီး ရှင့်အဖော်တွေကိုရှာမလို့လား"

ထွန်းယို့က ....

"ဟုတ်တယ်လေ"

"ဆိုင်ရှင်က လိမ်ပြောခဲ့တယ်ဆိုရင်ကော ...."

"သူက ...."

"သူဟာ ပထမတစ်ကြိမ်မှာလည်း ရှင့်ကိုလိမ်ပြောခဲ့တာပဲ မဟုတ်လား"

ထွန်းယို့ ပါးစပ်ပိတ်ထားလိုက်လေသည်။



ရုပ်ဆိုးမလေးက ....

"ခုတစ်ခါကော လိမ်မပြောဘူးလို့ ရှင်ပြောနိုင်သလား"

"မင်းက ...."

"ဆိုင်ရှင်ကိုပြန်မေးကြည့်ကြမယ်လေ၊ သုံးခါမေးရင် သုံးမျိုးမပြောလောက်ပါဘူး"

"ကောင်းပြီ"

ထွန်းယို့သည် ချာခနဲလှည့်ကာ စားသောက်ဆိုင်ဘက်သို့ ခြေဦးပြန်လှည့်လိုက်လေတော့သည်။

ဝဝဝ

ဆိုင်ထဲ၌ ရုပ်ဆိုးမလေးဖျက်ဆီးထားသဖြင့် ပွစာကျဲနေလေသည်။ ဆိုင်လုလင်များက အပျက်အဆီးများကိုရှင်းနေကြသည်။

ဆိုင်ရှင်ကား မျက်နှာကြီးရှုံ့မဲ့နေပါတော့သည်။

ထိုစဉ် ထွန်းယို့နှင့်ရုပ်ဆိုးမလေးတို့က ဆိုင်ထဲပြန်ဝင်လာကြလေသည်။

ဆိုင်ရှင်မျက်လုံးပြူးသွားလေသည်။

"မင်းတို့မသွားကြသေးဘူးလား"

ထွန်းယို့က ....

"ခင်ဗျားပြောသလို ကျုပ်မိတ်ဆွေတွေကို အရှေ့ဘက်မှာ သွားရှာမလို့ပဲ၊ ဒါပေမယ့် ခင်ဗျားရဲ့ဆိုင်ထဲမှာ ကျုပ်ရှိနေတဲ့တစ်ချိန်လုံး မြင်းလှည်းသံမကြားမိဘူးလို့တွေးမိတာနဲ့ ပြန်လာခဲ့တာဗျ"

ရုပ်ဆိုးမလေး၏ခစ်ခနဲရယ်မောသံထွက်ပေါ်လာသည်။

ဆိုင်ရှင်မျက်နှာပျက်သွားလေသည်။

ထွန်းယို့က ....

"ကျုပ်မိတ်ဆွေတွေဘယ်မှာလဲ ပြောပါ"

"သူ .... သူတို့ကို **ထင်းစန်းသုံးဖော်ကခေါ်သွားပါပြီဗျာ**"

"ဩော် ...."

ထွန်းယို့ရှေ့တိုးလိုက်လေသည်။

ဆိုင်ရှင် ကပျာကယာနောက်ဆုတ်လိုက်သည်။

"ကျုပ် .... ကျုပ်ကသူတို့နိုင်းတာမလုပ်ပေးဘဲ နေလို့မဖြစ်ပါဘူး၊ သူတို့က အရက်ထဲမှာမေ့ဆေးခတ်ခိုင်းတာပါ"

ထွန်းယို့က ....

"ထင်းစန်းသုံးဖော်ဘယ်မှာလဲ"

"သူတို့ဟာ ကျားကျေးရွာကိုသွားကြပါတယ်"

ကျားကျေးရွာသည် သိုင်းဆရာရှောင်ဖုံးနေထိုင်သောရွာဖြစ်သည်။ ထင်းစန်းသုံးဖော်သည် ကျားကျေးရွာသို့ အဘယ့်ကြောင့် သွားကြပါသနည်း။



ထွန်းယို့က ....

"ကောင်းပြီ ကျားကျေးရွာကိုကျုပ်လိုက်သွားမယ်"

ဟုပြောလိုက်သည်။

ရုပ်ဆိုးမလေးကရယ်မောလိုက်ပြီး ....

"ဒါဆိုလဲ ကောင်းတာပဲ"

ထွန်းယို့က ....

"ဘာဖြစ်လို့လဲ"

ရုပ်ဆိုးမလေးက ....

"ကျွန်မလည်း ကျားကျေးရွာကိုသွားမှာလေ၊ လမ်းကြုံတာပေါ့ရှင်"

သူမလည်းလိုက်မည်ဟုဆိုလိုက်ခြင်းကြောင့် ထွန်းယို့ခေါင်းကိုက်သွားလေတော့သည်။

ooo

## ရုပ်ဖျက်ဝိဇ္ဇာ

ကျားကျေးရွာ ....

ထွန်းယို့နှင့် ရုပ်ဆိုးမလေးတို့ ကျားကျေးရွာသို့ရောက်ရှိလာကြပြီဖြစ်လေသည်။ ရွာထဲလှမ်းဝင်လိုက်သည်နှင့်မီးခိုးရောင်ဝတ်ဆင်ထားသူများ လှုပ်ရှားသွားလာနေကြသည်ကိုတွေ့လိုက်ရသည်။

ထိုလူများမှာ သိုင်းဆရာရှောင်ဖုံး၏လူများဖြစ်ကြပေသည်။

ထွန်းယို့အံ့သြသွားလေသည်။

"ရှောင်ဖုံးရဲ့လူတွေကျားကျေးရွာကထွက်သွားကြပြီပဲ၊ ဘယ်လိုလုပ်ကပြန်ရောက်လာကြတာလဲ"

နှစ်ယောက်သား သိုင်းဆရာရှောင်ဖုံးအိမ်သို့ လှမ်းသွားကြလေသည်။ ခြံဝင်းရှေ့သို့ရောက်သွားသည့်အခါ အစောင့်တစ်ယောက်က ဟန့်တားလိုက်လေသည်။

"မင်းတို့ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

ထွန်းယို့က ....



"ကျုပ်ကထွန်းယို့ပါ၊ သိုင်းဆရာရှောင်ဖုံးနဲ့တွေ့ချင်လို့ပါ"

သိုင်းဆရာရှောင်ဖုံးမှာ ကျားကျေးရွာသို့ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်းသိထားရလေသည်။

အစောင့်က ....

"ခဏစောင့်ပါ"

ခေတ္တစောင့်ဆိုင်းခိုင်းပြီး ခြံဝင်းထဲဝင်သွားလေသည်။

မကြာပါချေ။ အစောင့်ပြန်ထွက်လာလေသည်။

"ဆရာကြီးရှောင်ဖုံး လက်ခံတွေ့ဆုံပါလိမ့်မယ်၊ အထဲကိုဝင်သွားကြပါ"

"ကောင်းပါပြီဗျာ"

ထွန်းယို့က ရုပ်ဆိုးမလေးဘက်သို့လှည့်လိုက်သည်။

"ကျုပ် ဆရာရှောင်ဖုံးနဲ့သွားတွေ့လိုက်ဦးမယ်၊ မင်းလည်းသွားစရာရှိတာသွားပေတော့"

ရုပ်ဆိုးမလေးက ....

"ကျွန်မ ကျားကျေးရွာကိုလာခဲ့တာ သိုင်းဆရာရှောင်ဖုံးနဲ့တွေ့ဖို့ရှင့်"

"ဟင် ...."

ထွန်းယို့သည် ရုပ်ဆိုးမလေးအပေါ် သင်္ကာမကင်းဖြစ်လာလေတော့သည်။ ရုပ်ဆိုးမလေးက ....

"သိုင်းဆရာရှောင်ဖုံးဟာ ကျွန်မအသက်ကို ကယ်ခဲ့ဘူးတဲ့ ကျေးဇူးရှိတယ်၊ ဒါကြောင့် ... သူ့ကိုဂါရဝပြုဖို့ ကျားကျေးရွာကိုလာခဲ့တာပါရှင်"

ထွန်းယို့ ဘာမှမပြောသာတော့ပေ။

ခြံဝင်းထဲသို့ ဝင်လာသောအခါ ရုပ်ဆိုးမလေးလည်း လိုက်ပါလာလေသည်။

နှစ်ယောက်သား ခမ်းနားထည်ဝါလှသော အဆောက်အဦးကြီးအတွင်းသို့လှမ်းဝင်လိုက်ကြရာ အသင့်စောင့်ကြိုနေသောရှောင်ဖုံးအား တွေ့လိုက်ရလေသည်။

ရှောင်ဖုံးက ....

"သခင်လေးထွန်းယို့ရောက်လာလို့ ဝမ်းသာဂုဏ်ယူပါတယ်ဗျာ၊ ကျုပ်ဘာများကူညီရမလဲပြောပါ"

ထွန်းယို့ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ရှောင်ဖုံးသည် သူ့အားတစ်ကြိမ်တစ်ခါမှ မတွေ့ဘူးမမြင်ဘူးသည့်အလား ရှိနေသည်မဟုတ်ပါလား။

"ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီကိုပြန်ရောက်နေရတာလဲဗျ"

"ကျုပ်ကဘယ်သွားလို့လဲ၊ ကျားကျေးရွာမှာကျုပ်တစ်သက်လုံးနေထိုင်ခဲ့တယ်ဆိုတာကို လူတိုင်းသိကြတာပဲဗျာ"

ထွန်းယို့ မကျေမနပ်ဖြစ်သွားလေသည်။



"ကျုပ်ဆီက ကျောက်စိမ်းဓားကိုငှားရင်း ကျုပ်တို့တွေစပြီးသိကျွမ်းခဲ့ကြတာမဟုတ်လားဗျာ၊ ခင်ဗျားကို နဂါးစိမ်းဂိုဏ်းက နှောင့်ယှက်နေတာကြောင့် ကျုပ်ရယ်၊ ဝမ်ဟွီးရယ် ရှာချောင်ရယ် ဝိုင်းဝန်းကူညီခဲ့ကြတာပဲ၊ ထင်းစန်းသိုင်းသုံးဖော်ကို မသင်္ကာလို့ ထင်ယုံစားသောက်ဆိုင်ကိုသွားခဲ့ကြတာပဲဗျာ"

ရှောင်ဖုံးခေါင်းခါယမ်းလိုက်လေသည်။

"မိတ်ဆွေပြောတာတွေကို ကျုပ်နားမလည်နိုင်အောင်ပါပဲ၊ ကျုပ်က မိတ်ဆွေကို မြို့စားကြီးထွန်းဟွီးဟင်ရဲ့သားတစ်ယောက်အဖြစ် လေးလေးစားစားဧည့်ခံကြိုဆိုတာပါ။ ခုလို ကျုပ်ကိုဘာတွေလာပြောနေမှန်းမသိတော့ သိပ်ပြီးစိတ်မရှည်ချင်တော့ဘူး၊ မိတ်ဆွေလေး ပြန်သွားရင်ကောင်းလိမ့်မယ်"

ထွန်းယို့လည်း ဒေါပွသွားလေသည်။

"ကောင်းပြီ၊ ဝမ်းဟွီးနဲ့ရှာချောင်တို့ ဘယ်မှာရှိတယ်ဆိုတာပြောပါ၊ ကျုပ်ပြန်သွားပါ့မယ်"

"ကျုပ်က သူတို့ကိုမှမသိတာ၊ ဘယ်လိုပြောရမလဲ"

"ခင်ဗျား ...."

ရှောင်ဖုံးကဖွတ်ငြင်းနေခြင်းကြောင့် ထွန်းယို့ခံပြင်းနေသော်လည်း မည်သို့ပြောရမှန်းမသိဖြစ်နေပါတော့သည်။

ရုပ်ဆိုးမလေးကကြားဝင်လိုက်လေသည်။

"ဆရာရှောင်ဖုံး ကျွန်မကိုကောသိသလားဟင်"

ရှောင်ဖုံးက ....

"မင်းကဘယ်သူလဲ"

"ကျွန်မက ရုပ်ဆိုးမလေးလေ"

"မင်းကိုကျုပ်မသိပါလား"

"ကျွန်မကိုမသိဘူးဟုတ်လား၊ ဒီလိုဆိုရင် ဆရာရှောင်ဖုံး ရူးနေပြီထင်တယ်"

"ဘာ ...."

"ဆရာရှောင်ဖုံး ကျွန်မကိုသိရမှာပေါ့၊ ကျွန်မကို ဆရာရှောင်ပဲ လူဆိုးတွေလက်ထဲကအသက်ကယ်ခဲ့တာမဟုတ်လား"

ရှောင်ဖုံး မျက်မှောင်ကုပ်သွား၏။

အတန်ကြာအောင်တွေး တောစဉ်းစားနေလိုက်လေသည်။

ပြီးမှ တဟားဟားရယ်မောလိုက်သည်။

"ဟုတ်သားပဲ၊ ကျုပ်က မင်းကို ရုတ်တရက်မမှတ်မိဘူး၊ ကဲ ကျုပ်ကိုကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိနေတာကြောင့် မင်းတို့သွားနိုင်ပါပြီ"

ထွန်းယို့က ....

"ကျုပ်တို့ ...."

သူ့စကားမဆုံးမီ ရုပ်ဆိုးမလေးကကြားဖြတ်ပြောလိုက်၏။



"ကဲ ... ဆရာရှောင်ဖုံးမအားဘူးဆိုတော့ နှောင့်ယှက်သလိုဖြစ်နေပါလိမ့်မယ်၊ ကျွန်မတို့သွားကြပါစို့ရှင်"

သူမသည် ထွန်းယို့၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။ ထွန်းယို့၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားလေသည်။

သို့သော် ဘာမှမပြောတော့ဘဲ ရုပ်ဆိုးမလေးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

ooo

ကျွားကျေးရွာအပြင်ဘက်၌ အရိပ်ကောင်းသောသစ်ပင်ကြီးတစ်ပင်ရှိလေသည်။

ထွန်းယို့နှင့် ရုပ်ဆိုးမလေးတို့သည် ထိုအရိပ်ကောင်းသောသစ်ပင်ကြီးအောက်သို့ ရောက်ရှိလာကြလေသည်။

ထွန်းယို့သည် ရှောင်ဖုံးကိုပင် မေ့သွားမတတ်ဖြစ်နေသည်။ ယခုလောလောဆယ်တွင် ရုပ်ဆိုးမလေးသည် သူ့အား ညို့ယူဖမ်းစားထားလိုက်ပြီမဟုတ်ပါလား။

ရုပ်ဆိုးမလေးက ....

"ရှောင်ဖုံးကလိမ်ပြောနေတာရှင့်"

ထွန်းယို့က ....

"ဒီလူဟာ ရှောင်ဖုံးအစစ်မဟုတ်ဘူး"

"သူဟာရုပ်ဖျက်ထားတာပဲ"

"ဟုတ်တယ်"

"ညီမကကော ရုပ်ဖျက်ထားတာပဲမဟုတ်လား"

"ရှင် ...."

"ညီမက ရုပ်ဆိုးမလေးတစ်ယောက်အသွင်ရုပ်ဖျက်ထားပေမယ့် ညီမရဲ့လက်ဖဝါးကိုကိုင်ရတဲ့အခါ ညီမဘယ်သူဘယ်ဝါဆိုတာသိလိုက်ရတာပဲ"

ရုပ်ဆိုးမလေးသည် ထွန်းယို့အား စိုက်ကြည့်လိုက်သည်။

ထွန်းယို့ ဝမ်းသာအားရဖြစ်နေသည်။

"ညီမ ဒီတစ်ခါထွက်ပြေးမသွားပါနဲ့တော့နော်"

ရုပ်ဆိုးမလေးက ....

"ရှင်ဘာတွေပြောနေတာလဲ"

"ညီမဟာ ဝါဝါဘုန်းဆိုတာကျုပ်သိလိုက်လို့ပေါ့"

"ဩော် ...."

"ညီမက ရုပ်ဆိုးမလေးအဖြစ်ရုပ်ဖျက်ထားတယ်၊ ဒီတော့ သိုင်းဆရာရှောင်ဖုံးလည်းရုပ်ဖျက်ထားတယ်ဆိုတာ တွေးမိလိုက်တာပေါ့"

ရုပ်ဆိုးမလေးက မျက်နှာကိုလက်ဖြင့် သပ်ချလိုက်သည်။



ထိုအခါ မျက်နှာဖုံးတုတစ်ခုကွာကျသွားပြီး လှပချောမောသော မျက်နှာလေးပေါ်လာလေသည်။

ဝါဝါဘုန်းပင် ဖြစ်နေပါတော့သည်။

"ညမွှေးပန်းအကြောင်း ပေါ်ပေါက်သွားပြီးတဲ့နောက် ကိစ္စအားလုံးပြီးပြတ်သွားပြီ၊ အစ်ကိုလည်း ပုလဲကျေးရွာကိုသွားရတော့မယ်ဆိုပြီး ကျွန်မထွက်သွားခဲ့တာ"

ထွန်းယို့ စိတ်မကောင်းဖြစ်သွားလေသည်။

ဝါဝါဘုန်းသည် သူ့အားပုလဲကျေးရွာပိုင်ရှင်က သားမက်အဖြစ်ရွေးချယ်လိမ့်မည်ဟု တထစ်ချတွက်ဆထားခြင်းကြောင့် ဝမ်းနည်းကြေကွဲကာ ထွက်သွားခြင်းဖြစ်လေသည်။

သူမသည် မိမိအပေါ်၌ သံယောဇဉ်ငြိတွယ်နေပြီဖြစ်သည် မဟုတ်ပါလား။

"ဒါပေမယ့် ညမွှေးပန်းနဲ့ပတ်သက်ပြီး နဂါးစိမ်းဂိုဏ်းက လှုပ်ရှားလာတော့ အခြေအနေက အတော်ရှုပ်ထွေးသွားတယ်၊ အစ်ကိုလည်း ဒီပြဿနာတွေထဲက ရုန်းမထွက်နိုင်သေးဘူးဆိုတာသိရတော့ ကျွန်မထွက်မသွားနိုင်တော့ဘူးပေါ့ရှင်"

ထွန်းယို့က ....

"ရုပ်ဆိုးမလေးအသွင်နဲ့ ညီမကိုတွေ့လိုက်ရကတည်းက ကျုပ်မှတ်မိပါတယ်၊ မျက်နှာကိုရုပ်ဖျက်လို့ရနိုင်ပေမယ့် မျက်လုံးကို

တော့ ရုပ်ဖျက်လို့မရဘူးမဟုတ်လား"

ဝါဝါဘုန်းမကျေမနပ်ဖြစ်သွားလေသည်။

"ဒါဆို ကျွန်မကိုယ်ကျွန်မ အထင်ကြီးသလိုဖြစ်နေပြီပေါ့"

"ဒီလိုလဲမဟုတ်ပါဘူး"

"ဘာကြောင့်မဟုတ်ရမှာလဲ၊ ကျွန်မကို ရုပ်ဖျက်ပေးလိုက်တဲ့လူဟာ နာမည်ကြီးရုပ်ဖျက်ဝိဇ္ဇာတစ်ယောက်ရှင့်"

ထွန်းယို့က ....

"သူက ညီမကိုတောင် ရုပ်ဖျက်ပေးနိုင်ပေးရင် ရှောင်ဖုံးကိုကော ဘာကြောင့်ရုပ်ဖျက်မပေးနိုင်ရမှာလဲ"

ဝါဝါဘုန်းက ....

"ဟုတ်တယ်၊ သူ့ဆီကိုသွားမေးရင် အကြောင်းစုံသိရမှာပဲ"

ထို့နောက် နှစ်ယောက်သား ရုပ်ဖျက်ဝိဇ္ဇာထံသို့သွားလိုက်ကြလေသည်။

ooo



ရုပ်ဖျက်ဝိဇ္ဇာ၏အိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဝါဝါဘုန်းက ....

"ရုပ်ဖျက်ဝိဇ္ဇာက လူထူးဆန်းတစ်ယောက်ရှင့်၊ သဘောလဲကောင်းတယ်၊ ပြီးတော့ သူ့ရဲ့ရုပ်ဖျက်ပညာကိုသာ အဓိကထားတာ၊ ဘယ်သူနဲ့ပဲလာလာ၊ ဘယ်လိုပုံစံရုပ်ဖျက်ခိုင်းမလဲ၊ သူက ရုပ်ဖျက်ပေးလိုက်တာပဲ"

ထွန်းယို့က ....

"ဒါဆို လူကောင်းတွေထက်လူဆိုးတွေကသူ့ကိုပိုပြီးသဘောကျမှာပေါ့"

"ဘာပဲဖြစ်ဖြစ် အခု ကျွန်မတို့ကြုံတွေ့နေရတဲ့ ကိစ္စဟာ ညမွေးပန်းကိစ္စလောက် ရှုပ်ထွေးမှုမရှိပါဘူး၊ ကျွန်မတို့ ဖြေရှင်းနိုင်ကြမှာ သေချာပါတယ်"

နှစ်ယောက်သားစကားတပြောပြောဖြင့် အိမ်ရှေ့သို့ရောက်သွားကြလေသည်။ ထွန်းယို့သည် ဝါဝါဘုန်းနှင့်ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာနေသကဲ့သို့ အားတက်နေသည်။

ကြုံတွေ့နေရသည့်အခက်အခဲပြဿနာများအား ဖြေရှင်းနိုင်လိမ့်မည်ဟုလည်းယုံကြည်ထားလေသည်။

ဝါဝါဘုန်းက တံခါးခေါက်လိုက်လေသည်။

"ဒေါက် .... ဒေါက် ...."

တံခါးခေါက်သံထွက်ပေါ်လာသော်လည်း အတွင်းဘက်မှ တုံ့ပြန်သံမကြားရပါချေ။

ဝါဝါဘုန်းက ....

"ဘယ်သူမှမရှိဘူးထင်တယ်"

ထွန်းယို့က ....

"ပြတင်းပေါက်တံခါးတွေဖွင့်ထားတော့ သူရှိမှာသေချာပါတယ်၊ ဒါဖြင့် ရှိနေတဲ့လူဟာ စကားမပြောနိုင်တော့လို့ပဲဖြစ်မယ်ထင်တယ်"

သူမ တံခါးတွန်းဖွင့်လိုက်လျှင် ကျွီခနဲမြည်သံနှင့်အတူတံခါး ပွင့်သွားလေသည်။

နှစ်ယောက်သား အိမ်ထဲလှမ်းဝင်လိုက်ကြလေသည်။

အိမ်ထဲရောက်သွားသည့်အခါ စကားမပြောနိုင်တော့မည့် လူလေးယောက်ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ooo



ဝမ်ဟွီး၊ ရှာချောင်၊ ရှောင်ဖုံးနှင့် အဘိုးအိုတစ်ယောက်တို့ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြသည်။

စားပွဲပေါ်မှောက်ကာ မလှုပ်မယှက်ရှိနေကြသည်။

စားပွဲပေါ်၌ အရက်တစ်အိုးနှင့် အရက်ခွက်လေးခွက်ရှိနေသည်။ ဝါဝါဘုန်းသည် အနီးသို့ချဉ်းကပ်သွားပြီး စစ်ဆေးကြည့်လိုက်သည်။

"သူတို့သေဆုံးသွားကြတာ မကြာသေးဘူးရှင့်"

ထွန်းယို့ စိတ်မကောင်းဖြစ်နေသည်။

သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခုချိန်မှာ တစ်ယောက်ယောက်သာရောက်လာရင် ကျုပ်တို့ကို လူသတ်သမားလို့ထင်သွားမှာသေချာတယ်"

ထိုအချိန်မှာပင် ....

"လက်စသတ်တော့ မင်းတို့လက်ချက်ကိုး"

ကျယ်လောင်သောစကားသံနှင့်အတူ လူလေးယောက်လှမ်း ဝင်လာကြသည်ကိုတွေ့လိုက်ရလေသည်။

ထင်းစန်းသိုင်းသုံးဖော်နှင့်သိုင်းရာဇာဝမ်းချီတို့ ဖြစ်ကြလေသည်။ ထင်းအိက ....

"ထွန်းယို့ .... မင်းဟာ ရှောင်ဖုံးကိုလုပ်ကြံပြီး ငါတို့အပေါ် အပြစ်ပုံချမလို့မဟုတ်လား"

ထင်းအော့က ....

"တကယ်တော့ ကရားခံအစစ်ဟာမင်းဖြစ်နေတာကိုး"

ထင်းစန်းက ....

"အေးအေးဆေးဆေးအဖမ်းခံပြီး ကျုပ်တို့နောက်ကို လိုက်ခဲ့တာ အကောင်းဆုံးဖြစ်မယ်"

သုံးယောက်သား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ဝမ်းချီက ....

"ခဏနေကြပါဦးဗျာ"

ဟန့်တားရင်း ရှေ့တိုးလာသည်။

ရုတ်တရက် မမျှော်လင့်သောဖြစ်ရပ် ပေါ်ပေါက်လာသည်။

ထင်းစန်းသိုင်းသုံးဖော်သည် ဝမ်းချီအား ဝိုင်းရံတိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

ဝမ်းချီအငိုက်မိသွားသဖြင့် မရှောင်နိုင်တော့ဘဲ ....

"အား ...."

ရူးရှစ္စာအော်ဟစ်ကာ လဲကျသွားလေတော့သည်။

ထင်းစန်းသိုင်းသုံးဖော်သည် ဝမ်းချီအား တိုက်ခိုက်ပြီးလျှင် အိမ်အပြင်ဘက်ခုန်ထွက်ကာ ရှောင်တိမ်းသွားကြလေတော့သည်။

ooo



## လျှို့ဝှက်ချက်

ဝါဝါဘုန်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။

သိုင်းရာဇာဝမ်းချီ မမျှော်လင့်ဘဲ လုပ်ကြံခံလိုက်ရသဖြင့် အခြေအနေမှန်ကို သူမနားလည်သဘောပေါက်သွားပြီဖြစ်သည်။

"နဂါးစိမ်းဂိုဏ်းဟာ ကျွန်မတို့ထင်မှတ်ထားတာထက်ပိုပြီး လျှို့ဝှက်ရှုပ်ထွေးမယ်မထင်ဘူး" 

ထွန်းယို့က သူမအားစိုက်ကြည့်လိုက်သည်။

ဝါဝါဘုန်းက ....

"ညမွှေးပန်းကိုအကြောင်းပြုပြီး နဂါးစိမ်းဂိုဏ်းအကြောင်းဖော်ထုတ်ဖို့ လမ်းစကို သူတို့တမင်အစဖော်ပေးခဲ့ကြတာ၊ ကျွန်မတို့ဟာ သူတို့ဆင်ထားတဲ့အကွက်ထဲဝင်ခဲ့မိကြတာပဲ"

ထွန်းယို့က ....

"ကျုပ်တို့က နဂါးစိမ်းဂိုဏ်းအကြောင်းဖော်ထုတ်ဖို့ကြိုးစားလာအောင် သူတို့ကပဲ တမင်ဖန်တီးပေးခဲ့တာဟုတ်လား"

"ဒါပေ့ါ"

"ဒီလိုလုပ်လို့ သူတို့အတွက် ဘာများအကျိုးရှိမှာလဲ၊ ပြော စမ်းပါဦး"

"သိုင်းဆရာရှောင်ဖုံး၊ ဝမ်ဟွီးနဲ့ ရှာချောင်တို့ကို သုတ်သင် ပစ်နိုင်မယ်၊ တကယ်တမ်း သူတို့အဓိကထားတာကတော့ သိုင်းရာဇာ ဝမ်းချိပါပဲ"

ထွန်းယို့ နားမလည်နိုင်အောင်ဖြစ်နေပါသည်။

ဝါဝါဘုန်းက ....

"သိုင်းရာဇာဝမ်းချိက ဘာကြောင့် ပုလဲကျေးရွာကိုသွားမှာ လဲဆိုတာ ရှင်သိသလား"

ထွန်းယို့က ....

"မင်္ဂလာကိစ္စကြောင့်ဖြစ်မှာပေ့ါ"

ဝါဝါဘုန်းက ....

"သိုင်းရာဇာဝမ်းချိဟာ နဂါးစိမ်းကိုဏ်းကိုချေမှုန်းဖို့ ပုလဲ ကျေးရွာပိုင်ရှင်၊ မြို့စားကြီးထွန်းဟွီးဟင်တို့နဲ့ တိုင်ပင်ဆွေးနွေးဖို့ ပုလဲ ကျေးရွာကိုသွားမှာရှင့်"

ထွန်းယို့ မျက်လုံးပြူးသွားလေသည်။

"ကျုပ်အဖေကလည်း ပုလဲကျေးရွာကိုသွားလိမ့်မယ် ဟုတ် လား"



"ဟုတ်ပါတယ်ရှင့်"

ထွန်းယို့သည် ဖခင်ကြီး၏မျက်နှာကိုမြင်ယောင်လာကာ ပို ပြီးထိတ်လန့်လာလေတော့သည်။

ဝါဝါဘုန်းက ....

"သူတို့သုံးယောက်ကဦးဆောင်ပြီး သိုင်းလောကသားတွေ ကိုစည်းရုံးသိမ်းသွင်းကြမယ်ဆိုရင် သိုင်းလောကတစ်ခုလုံးအုံကြွလာ ပြီး နဂါးစိမ်းဂိုဏ်းကိုဖော်ထုတ်ချေမှုန်းဖို့ ကြိုးစားကြတော့မှာပဲ၊ ဒီလို ဆိုရင် နဂါးစိမ်းဂိုဏ်းခံနိုင်ပါ့ဦးမလားရှင့်"

ထွန်းယို့ခေါင်းညိတ်လိုက်လေသည်။

"ဒါတော့ဟုတ်ပါတယ် ... သိုင်းလောကတစ်ခုလုံး စည်းလုံး ညီညွတ်သွားမယ်ဆိုရင် နဂါးစိမ်းဂိုဏ်းခံနိုင်တော့မှာမဟုတ်ပါဘူး"

ဝါဝါဘုန်းက ....

"ဒါကြောင့် နဂါးစိမ်းဂိုဏ်းရဲ့အဓိကပစ်မှတ်ဟာ သိုင်းရာဇာ ဝမ်းချိတို့သုံးယောက်ဖြစ်လာတယ်၊ ဝမ်းချိဟာ ပုလဲကျေးရွာကိုသွားတဲ့ လမ်းပေါ်ရောက်နေပြီဆိုတော့ သူနဲ့ပတ်သက်ခဲ့ဘူးတဲ့ ထင်းစန်းသိုင်း သုံးဖော်ကိုအသုံးချပြီးလုပ်ကြံဖို့ စီစဉ်လိုက်တာပဲ"

ထွန်းယို့ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ ရှောင်ဖုံးကိစ္စဟာ အားလုံးရှုပ်ထွေး ပြီး မျက်စိလည်ကုန်အောင် တမင်လုပ်လိုက်တာပဲကိုး"

"ရှောင်ဖုံးဟာ နဂါးစိမ်းဂိုဏ်းကို အာခံနေတဲ့လူတစ်ယောက် ဆိုတော့ သူ့ကိုအသုံးချပြီး အခြေအနေရှုပ်ထွေးသွားအောင်လုပ်လိုက် တာပဲ"

ထွန်းယို့က ....

"သူတို့ကဘယ်လိုပဲလုပ်လုပ် ကျုပ်တို့က ချက်ချင်းနားလည် နိုင်ခဲ့တာပဲ မဟုတ်လား"

"ကျွန်မတို့နားလည်နိုင်ပေမယ့် သိုင်းရာဇာဝမ်းချီက နားမ လည်နိုင်တော့ အငိုက်မိသွားတာပေါ့"

နဂါးစိမ်းဂိုဏ်းသည် သိုင်းရာဇာဝမ်းချီအား လုပ်ကြံမည့်အ ကြောင်းကို ထွန်းယို့သိခဲ့သည်။

သိုင်းရာဇာဝမ်းချီကိုပြောပြခဲ့သည်။

သို့သော် အခြေအနေရှုပ်ထွေးကုန်သဖြင့် ဝမ်းချီ ရုတ်တရက် လက်မခံနိုင်တော့ပါ။ ထင်းစန်းသိုင်းသုံးဖော်သည် ဝမ်းချီနှင့်အနီးကပ် ရှိနေကြပြီး အခွင့်အရေးရသည်နှင့် သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

ထွန်းယို့က ....

"ထင်းစန်းသိုင်းသုံးဖော်ဟာ နဂါးစိမ်းဂိုဏ်းကလူတွေပဲ၊ သူ တို့အကြောင်းကို ကျုပ်တို့သိနေပြီလေ"

ဝါဝါဘုန်းက ....



"သူတို့ဟာနဂါးစိမ်းဂိုဏ်းကလူတွေဖြစ်ပါတယ်လို့ သက်သေ အထောက်အထားမပြနိုင်ဘဲ ဘယ်သူကယုံကြည်ကြမှာလဲရှင်"

ထွန်းယို့ မဲ့ပြုံးပြုံးလိုက်သည်။

"တွေးတောစဉ်းစားတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျတော့ ဘာမှမတွေးဘဲ စိတ်ထင်ရာလုပ်တာကောင်း သလိုဖြစ်နေတတ်တာပဲ"

ဝါဝါဘုန်းက ....

"ရှင်က သူတို့ကိုစိန်ခေါ်ပြီးယှဉ်ပြိုင်မယ်ဆိုပါတော့"

"ဟုတ်တယ်"

"ထင်းစန်းသုံးဖော်ရဲ့ပညာ အတော့်ကိုထက်မြက်တာရှင့်၊ သူတို့ကို ရှင်ရင်ဆိုင်နိုင်ပါ့မလား"

ထွန်းယို့က ....

"တစ်ခါတစ်ခါ ဘာမှမတွေးဘဲ လုပ်တာမျိုးကပိုကောင်းနေ တတ်တယ်လို့ ကျုပ်ပြောပြီးပါပြီလေ"

ဝါဝါဘုန်းက ....

"ရှင်နဲ့ ကျွန်မနှစ်ယောက်ပေါင်းလိုက်ရင်တောင် သူတို့သုံး ယောက်ကို မယှဉ်နိုင်ဘူးဆိုရင်ကော ...."

ထွန်းယို့ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝါဝါဘုန်းက ....

"သူတို့ကို ယှဉ်နိုင်မယ့်နည်းလမ်းတစ်ခုပဲရှိပါတယ်"

"ဘယ်လိုနည်းလမ်းများလဲ"

ထွန်းယို့ အလောတကြီးမေးလိုက်လေ၏။ ဝါဝါဘုန်းက ....

"ကျောက်စိမ်းဓားပေ့ါရှင်"

ထွန်းယို့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"ကျောက်စိမ်းဓားမှမရှိတော့တာပဲ"

ဝါဝါဘုန်း မကြားချင်ဟန်ဆောင်ကာ ဆက်ပြောလေသည်။

"ရှင်တို့ရဲ့ဘိုးဘွားပိုင်ကျောက်စိမ်းဓားပေါ်မှာ လျှို့ဝှက်သိုင်းပညာတစ်ရပ်ရှိတယ်လို့ သိုင်းလောကသားတိုင်းသိကြတာပဲ၊ ရှင်သာ ကျောက်စိမ်းဓားပေါ်က လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်မယ်ဆိုရင် ထင်းစန်းသိုင်းသုံးဖော်မပြောနဲ့ နဂါးစိမ်းဂိုဏ်းတစ်ခုလုံးကိုပါ ချေမှုန်းပစ်နိုင်မှာသေချာတာပေ့ါ"

ထွန်းယို့ ဘာမှမပြောဘဲနေလိုက်သည်။

ဝါဝါဘုန်းက အင်္ကျီရင်ဘတ်ထဲလက်နှိုက်ကာ လက်ကို ပြန်ထုတ်လိုက်လျှင် ကျောက်စိမ်းဓားပါလာသည်ကိုတွေ့မြင်လိုက်ရလေသည်။

"ဟင် .... ဒါ .... ဒါ ...."

"ကျွန်မက မြေပေါ်က သစ်ကိုင်းခြောက်တစ်ခုကို ကောက်ပြီး ရေကန်ထဲပစ်ချလိုက်တာရှင့်"



ထွန်းယို့ ဝမ်းသာသွားလေသည်။

ဝါဝါဘုန်းက ကျောက်စိမ်းဓားကို ထွန်းယို့အားပြန်ပေးလိုက်လေသည်။ ထွန်းယို့သည် ကျောက်စိမ်းဓားကိုယူကာ သက်ပြင်းချလိုက်လေသည်။

"ကျုပ်ရဲ့အဘိုးလက်ထက်ကစပြီး ကျောက်စိမ်းဓားပေါ်က လျှို့ဝှက်ချက်ကိုရှာဖွေခဲ့ကြတယ်၊ ဒါပေမဲ့ ခုချိန်ထိမတွေ့ရသေးဘူး"

ဝါဝါဘုန်းက ....

"သိုင်းလောကမှာ လက်နက်အမျိုးမျိုးကျွမ်းကျင်တဲ့လက်နက်ပါရဂူဝူးလုံ့ဆိုတဲ့လူတစ်ယောက်ရှိတယ်၊ ရှင်ကြားဖူးတယ်မဟုတ်လား"

ထွန်းယို့ခေါင်းညိတ်လိုက်လေသည်။

"ကြားဖူးပါတယ်"

ဝါဝါဘုန်းက ....

"လက်နက်ပါရဂူဝူးလုံ့ဆီကိုသွားပြီး ကျောက်စိမ်းဓားကိုပြရင် လျှို့ဝှက်ချက်ကို သူ ဖော်ထုတ်ပေးနိုင်လောက်မယ်လို့ ကျွန်မထင်တယ်"

ထွန်းယို့ တွေဝေသွားလေသည်။ ဝါဝါဘုန်းက ....

"ဒီအကြောင်းကို ရှင့်အဖေလဲသိမှာပါ၊ ဒါပေမဲ့ ကျောက်စိမ်းဓားပေါ်ကလျှို့ဝှက်ချက်ကိုသူတစ်ပါးမသိစေချင်တာမို့ ဆရာကြီးဝူးလုံ့

နဲ့မဆက်သွယ်ဘဲနေခဲ့တာဖြစ်နိုင်ပါတယ်"

ထွန်းယို့သည် ဝါဝါဘုန်းအား စိုက်ကြည့်ကာ မေးမြန်းလိုက်လေသည်။

"ကျုပ်ကော ဆရာကြီးဝူးလုံနဲ့ဆက်သွယ်သင့်သလား၊ ညီမ ဘယ်လိုသဘောရသလဲ"

ဝါဝါဘုန်းက ....

"ကျွန်မ သဘောကတော့ ဆက်သွယ်ကြည့်ကာ မမှားဘူးလို့ထင်တာပဲ"

"ကောင်းပြီလေ၊ ကျုပ်တို့ဆက်သွယ်လိုက်ကြတာပေါ့"

၀၀၀



တောင်ကြားတစ်ခုဖြစ်သည်။

ဝါဝါဘုန်းသည် အလွန်သာယာလှပသော တောင်ကြားတစ်ခုသို့ ထွန်းယို့အားခေါ်ဆောင်သွားလေသည်။ တောင်ကြားထဲ၌ လူနေအိမ်ခြေမရှိပါချေ။

"လက်နက်ပါရဂူဝူးလုံက ဒီတောင်ကြားထဲမှာနေတာလား"

ဝါဝါဘုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက လူတစ်မျိုးရှင့်၊ သူ့ကိုတွေ့ချင်လို့လာတဲ့ လူတိုင်းကိုထွက်တွေ့တာမဟုတ်ဘူး"

"ဒါဖြင့် သူက ကျုပ်တို့ကို ထွက်မတွေ့ရင် ဘယ်လိုလုပ်ကြမလဲ"

"မပူပါနဲ့၊ ကျွန်မမှာ နည်းလမ်းရှိပါတယ်ရှင်"

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရင်း စိမ်းလန်းနေသောတောအုပ်တစ်ခုသို့ ရောက်ရှိလာကြသည်။

တောအုပ်ထဲ၌ ရေကန်တစ်ခုရှိလေသည်။

ရေကန်တစ်ဘက်၌ အိမ်ကလေးတစ်လုံးရှိနေသည်။

"အဲဒီအိမ်ကလေးမှာ ဆရာကြီးဝူးလုံနေတယ်"

ဝါဝါဘုန်းသည် ရေကန်စပ်သို့သွားကာ တေးကဗျာတစ်ပုဒ်ကို အသံကျယ်လောင်စွာဖြင့်သီဆိုလိုက်လေသည်။

သူမ၏သီချင်းသံဆုံးသွားလျှင် ကျယ်လောင်သောရယ်မော

သံကြီးထွက်ပေါ်လာလေသည်။

"မင်းရဲ့သီချင်းက သိပ်ကောင်းပါလား၊ ဒီဘက်ကိုလာခဲ့"

အိမ်ထဲမှအဘိုးအိုတစ်ယောက်ထွက်လာပြီး အော်ပြောလေသည်။ အိမ်ရှေ့ကမ်းစပ်၌ လှေကလေးတစ်စီးရပ်ထားလေသည်။

အဘိုးအိုက လက်နှစ်ဘက်ဝှေ့ယမ်းလိုက်သည်နှင့် လေတိုးသံများတဟူးဟူးမြည်ကာထွက်ပေါ်လာလေသည်။

လေပွေလှိုင်းများသည် ကမ်းစပ်မှလှေကလေးကိုတွန်းထုတ်လိုက်လေသည်။ လှေကလေးမှာ တစ်စုံတစ်ယောက်က လှော်ခတ်လိုက်သည့်အလား ထွန်းယို့တို့ရှိနေသည့်ကမ်းစပ်ဘက်သို့ရွေ့လျားလာလေတော့သည်။

ထွန်းယို့မှာ အဘိုးအို၏အတွင်းအားကောင်းပုံကို စိတ်ထဲမှချီးကျူးမိလိုက်လေသည်။

"ကျွန်မတို့ကံကောင်းတယ်၊ သူက လက်ခံတွေ့ဆုံလိမ့်မယ် ကဲ .... သွားကြစို့"

ဝါဝါဘုန်းသည် ထွန်းယို့ကိုခေါ်ကာ လှေပေါ်တက်လိုက်၏။ လှေပေါ်၌ အသင့်ပါလာသောလှော်တက်ဖြင့် လှော်ခတ်လိုက်၏။

အနည်းငယ်အားစိုက်လှော်ခတ်လိုက်ရာ မကြာမီ တစ်ဘက်ကမ်းသို့ရောက်ရှိသွားလေတော့သည်။

အဘိုးအိုကား လက်နက်ပါရဂူဝူးလုံဖြစ်လေသည်။



ဝါဝါဘုန်းက ဝူးလုံအားဦးညွှတ်လိုက်သည်။

"ဆရာကြီးကိုဂါရဝပြုပါတယ်ရှင်"

ဝူးလုံက ....

"မင်းအဖေကော နေကောင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ဖေဖေကတောင် အိမ်ကိုလာပြီးလည်ပတ်ပါဦးလို့ မှာလိုက်ပါသေးတယ်"

"ဟား .... ဟား .... ဟား.... မင်းတို့သတင်းကိုငါကြားပြီးသားပါ၊ စိတ်ချ၊ ဆက်ဆက်ရောက်အောင်လာခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ဝူးလုံနှင့်ဝါဝါဘုန်းတို့ ရင်းရင်းနှီးနှီးရှိနေကြသည်ကို မြင်လျှင်ထွန်းယို့အံ့သြသွားလေသည်။

"ဝါဝါဘုန်းရဲ့သိုင်းပညာမခေဘူး၊ ထိပ်တန်းသိုင်းသမားကြီးတွေနဲ့လဲရင်းနှီးကျွမ်းဝင်နေတယ်ဆိုတော့ သူဟာ သာမန်မိန်းကလေးတစ်ယောက်မဖြစ်နိုင်တော့ဘူး"

ဝါဝါဘုန်း၏မိဘမျိုးရိုးအကြောင်းသိလိုစိတ်များ စိတ်ထဲဖြစ်ပေါ်လာလေတော့သည်။ ဝူးလုံကမေးသည်။

"ကဲ .... ပြောစမ်းပါဦး၊ မင်းက ဘယ်လိုအကြောင်းကိစ္စနဲ့ငါ့ဆီကိုရောက်လာတာလဲ"

ဝါဝါဘုန်းက ....

"ဦးနဲ့စစ်တုရင်ထိုးချင်လို့ပါ"

"ဩော် .... ဒီလိုလား သိပ်ကောင်းတာပေ့ါ၊ တို့နှစ်ယောက် စစ်တုရင်ထိုးကြမယ်၊ အရက်သောက်မယ်၊ သီချင်းဆိုမယ်"

နှစ်ယောက်သား တဟားဟားရယ်မောလိုက်ကြသည်။

ထွန်းယို့သည် သူတို့အားကြည့်ပြီး ရယ်ရမလို ငိုရမလိုဖြစ်နေပါတော့သည်။ လက်နက်ပါရဂူဂူးလုံသည် ထွန်းယို့နှင့်ဝါဝါဘုန်းအား လက်ခံလိုက်လေသည်။

၀၀၀

သုံးရက် ....

သုံးရက်ဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်လေသည်။ ဝါဝါဘုန်းနှင့်ဂူးလုံတို့သည် စစ်တုရင်ထိုးကြ၏။ အရက်သောက်ကြ၏။ သီချင်းဆိုကြ၏။

ဘာဆိုဘာမှ ပူပင်သောကမရှိဘဲပျော်ရွှင်နေခဲ့ကြသည်။

မပျော်နိုင်သည်မှာ ထွန်းယို့ဖြစ်လေသည်။

သို့သော် ဝါဝါဘုန်းကကျောက်စိမ်းဓားနှင့်ပတ်သက်ပြီး ဂူးလုံကူညီလာစေရန် ကြိုးစားနေခြင်းဖြစ်ကြောင်းရိပ်မိသဖြင့် သည်းခံနေလိုက်လေသည်။

လေးရက်မြောက်သောနေ့တွင် ဂူးလုံက စကားစလာသည်။



"ဝါဝါဘုန်း .... မင်းက အချိန်ဖြုန်းဖို့သက်သက် ငါ့ဆီကိုလာခဲ့တာမဟုတ်ဘူးထင်တယ်၊ ကဲ .... ပြောစမ်းပါဦး၊ မင်းမှာ ဘယ်လိုအကူအညီများလိုနေလို့လဲ၊ ငါက ဘာများကူညီရမှာလဲ"

ဝါဝါဘုန်းက ....

"ဓားတစ်လက်ကိုစစ်ဆေးခိုင်းမလို့ပါ"

"ဓားတစ်လက်ဟုတ်လား"

"ကျောက်စိမ်းဓားပါရှင်"

ဂူးလုံ စိတ်ဝင်စားသွားလေသည်။

"ကျောက်စိမ်းဓား .... မြို့စားကြီးထွန်းဟွီးဟင်တို့ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့တဲ့ ကျောက်စိမ်းဓားဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"သိုင်းလောကရဲ့ အထူးခြားဆုံး လက်နက်တစ်ခုပါပဲ၊ သိပ်ပြီးစိတ်ဝင်စားစရာကောင်းတယ်"

ထွန်းယို့အားတစ်ချက်ကြည့်လိုက်သည်။

"မင်းက ...."

"ကျွန်တော်က ထွန်းယို့ပါခင်ဗျာ"

ဂူးလုံသည် လေးရက်မြောက်သောနေ့မှ ထွန်းယို့အားစတင်စကားပြောခြင်းဖြစ်သည်။ ဂူးလုံပြုံးလိုက်သည်။

"မြို့စားကြီးထွန်းဟွီးဟင်ကော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ နေကောင်းပါတယ်ခင်ဗျာ"

"ကောင်းတယ်၊ ကောင်းတယ်"

ဝါဝါဘုန်းက ကျောက်စိမ်းဓားထုတ်ပေးရန် အချက်ပြလိုက်သည်။ ထွန်းယို့သည် ကျောက်စိမ်းဓားအားထုတ်ယူကာလက်နှစ်ဖက်ဖြင့် ရိုရိုသေသေပေးလိုက်လေသည်။

ဝူးလုံသည် ကျောက်စိမ်းဓားကိုယူပြီး စစ်ဆေးကြည့်လိုက်သည်။ ကျောက်စိမ်းဓားမှာ အေးမြပြီးပေ့ါပါးထက်မြက်လှပေသည်။

အလွန်အရည်အသွေးကောင်းသောကျောက်စိမ်းဖြင့် ထုလုပ်ထားသောဓားတစ်လက်ဖြစ်လေသည်။ ဝါဝါဘုန်းက ....

"ဒီကျောက်စိမ်းဓားမှာ လျှို့ဝှက်ချက်ရှိတယ်လို့ပြောတယ်၊ အဲဒါ ဦးကဖော်ထုတ်နိုင်မလား"

ဝူးလုံ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်လာ၏။

"ဒီကျောက်စိမ်းဓားဟာ အင်မတန်ထူးခြားပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ဓားတစ်လက်ပဲ၊ ကျုပ်ကြိုးစားကြည့်မယ်၊ ဒါပေမဲ့ လျှို့ဝှက်ချက်ဖော်ထုတ်နိုင်လိမ့်မယ်လို့တော့ အာမမခံနိုင်ဘူးနော်"

"ရပါတယ်ဦးရယ်"

ဝူးလုံသည် ကျောက်စိမ်းဓားပေါ်မှလျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ရန်ကြိုးစားသွားမည်ဟု ကတိပေးလိုက်လေသည်။

ooo



ဝူးလုံသည် ကျောက်စိမ်းဓားအား သေသေချာချာစစ်ဆေးကြည့်ရှုကာ လျှို့ဝှက်ချက်ဖော်ထုတ်ခဲ့လေသည်။

သုံးရက်လုံးလုံး နေ့ကောညပါ အချိန်ပေးပြီးလေ့လာခဲ့ခြင်းဖြစ်လေသည်။ ဝူးလုံက သူ၏အခန်းတံခါးပိတ်ကာ ကျောက်စိမ်းဓားပေါ်မှလျှို့ဝှက်ချက်ကိုရှာဖွေနေခြင်းကြောင့် ထွန်းယို့နှင့်ဝါဝါဘုန်းတို့လည်း နှောင့်ယှက်ခြင်းမပြုဘဲနေခဲ့ကြလေသည်။

နှစ်ယောက်သားအနားယူရင်း နဂါးစိမ်းဂိုဏ်းအားဖော်ထုတ်ချေမှုန်းနိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြလေသည်။

ထွန်းယို့သည် ဝါဝါဘုန်း၏အကြောင်းကိုသိလိုသော်လည်း ထုတ်ဖော်မေးမြန်းခြင်းမပြုဝံ့ချေ။

သူမ စိတ်ဆိုးပြီးထွက်သွားမည်ကို စိုးရိမ်ပူပန်မိခြင်းကြောင့်ဖြစ်လေသည်။ ဝါဝါဘုန်းက ....

"သိုင်းရာဇာဝမ်းချိကို နဂါးစိမ်းဂိုဏ်းကလုပ်ကြံလိမ့်မယ်ဆိုတာ ကျွန်မတို့ရိပ်မိခဲ့ပေမယ့် သူ့ကိုအချိန်မီသတိပေးပြီး မကာကွယ်နိုင်ခဲ့ကြဘူး"

ထွန်းယို့က ....

"ကျုပ်က သူ့ကိုသွားပြောပါတယ်၊ ဒါပေမဲ့ ထင်းစန်းသုံးဖော်က သူနဲ့အတူရှိနေခဲ့ကြတာကြောင့် ကျုပ်ရဲ့စကားကို သူ မယုံကြည်ခဲ့ဘူးလေ"

ယခုတော့ ထင်းစန်းသိုင်းသုံးဖော်သည် သိုင်းရာဇာဝမ်းချို အားအကောက်ကြံလိုက်ကြပြီဖြစ်သည်။

သူတို့သည် နဂါးစိမ်းဂိုဏ်းမှလူများဖြစ်ကြောင်း ဖြောင့်ကျကျထုတ်ဖော်လိုက်ကြပြီဖြစ်လေသည်။ ထွန်းယို့နှင့်ဝါဝါဘုန်းတို့သည် ထင်းစန်းသိုင်းသုံးဖော်နောက်သို့ လိုက်သွားရန်မဆိုထားနှင့် သူတို့ပြန်ရောက်လာလျှင် အန္တရာယ်ရှိနိုင်သဖြင့် ကတိုက်ကရိုက်ရှောင်ထွက်လာခဲ့ကြခြင်းဖြစ်သည်။

ထင်းစန်းသိုင်းသုံးဖော်အား သူတို့နှစ်ယောက်တည်းဖြင့် ယှဉ်ရန်မလွယ်ကြောင်း နားလည်ထားကြလေသည်။

ဝမ်းဟွီး၊ ရုပ်ဖျက်ဝိဇ္ဇာ၊ ရှာချောင်နှင့်သိုင်းရာဇာဝမ်းချိုတို့၏ အလောင်းများကိုမြှုပ်နှံသင်္ဂြိုဟ်မပေးခဲ့ရသဖြင့် စိတ်မကောင်း ဖြစ်မိကြလေသည်။

ဝါဝါဘုန်းက ....

"ထင်းစန်းသိုင်းသုံးဖော်ကို တစ်ယောက်ချင်းရင်ဆိုင်ဖို့တောင်မလွယ်ဘူး၊ သူတို့သုံးယောက်ပေါင်းပြီးတိုက်ခိုက်လာကြမယ်ဆိုရင် အခက်အခဲပြဿနာကို ဖြေရှင်းပေးနိုင်မယ့်လူတစ်ယောက်ဆီမှာ သွားပြီးအကူအညီတောင်းကြရင် မကောင်းဘူးလားရှင်"

ထွန်းယို့က ....

"ကျောက်စိမ်းဓားပေါ်က လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ရင်



သူတို့ကိုကောင်းကောင်းကြီးယှဉ်နိုင်မယ်လို့ ညီမပဲပြောခဲ့တာမဟုတ်လား"

ဝါဝါဘုန်း သက်ပြင်းချလိုက်လေသည်။

"ကျွန်မကြည့်ရတာ ဆရာကြီးဝူးလုံဟာ ကျောက်စိမ်းဓားပေါ်ကလျှို့ဝှက်ချက်ကိုဖော်ထုတ်ဖို့ အခက်ကြုံနေတဲ့သဘောရှိနေတယ်ရှင့်"

ထွန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဒီလျှို့ဝှက်ချက်ကို ကျုပ်တို့ဘိုးစဉ်ဘောင်ဆက်ဖော်ထုတ်ဖို့ ကြိုးစားခဲ့ကြတာပါ၊ ရတ်တရက်ဖော်ထုတ်ဖို့ခက်ခဲနေမယ်ဆိုတာကျုပ်နားလည်နိုင်ပါတယ်၊ ကျုပ်တို့စောင့်ကြည့်ကြသေးတာပေါ့"

"ကောင်းပါပြီရှင်"

ထွန်းယို့နှင့် ဝါဝါဘုန်းတို့ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေလိုက်ကြလေသည်။ သို့ဖြင့် လေးရက်မြောက်သောနေ့ နံနက်ခင်းသို့ရောက်ရှိလာသောအခါ ....

၀၀၀

## အတု

ထွန်းယို့နှင့် ဝါဝါဘုန်းတို့ အိပ်ရာမှနိုးလာကြသောအခါ ဝူးလုံ၏အခန်းတံခါးပွင့်နေသည်ကိုတွေ့လိုက်ရလေသည်။

ဝါဝါဘုန်း ဝမ်းသာသွားလေသည်။

“ဆရာကြီးဝူးလုံအခန်းထဲကထွက်လာပြီဆိုရင် ကျောက်စိမ်းစားပေါ်ကလျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ပြီထင်တယ်”

ထွန်းယို့က ဘာမှမပြောဘဲနေလိုက်လေသည်။ နှစ်ယောက်သား ဝူးလုံ၏အခန်းဆီသို့ လှမ်းသွားလိုက်ကြလေသည်။ အခန်းတွင်း၌တိတ်ဆိတ်ငြိမ်သက်နေပြီး ဝူးလုံကိုမတွေ့ရချေ။

“ဆရာကြီးဝူးလုံ”

ဝါဝါဘုန်းခေါ်လိုက်သော်လည်း တုံ့ပြန်သံမကြားရပါ။

ဟိုဟိုသည်သည်ကြည့်လိုက်သောအခါ စားပွဲပေါ်၌ကျောက်စိမ်းစားနှင့်စာတစ်စောင်ရှိနေသည်ကို တွေ့လိုက်ရသည်။

ဝါဝါဘုန်းက ထွန်းယို့အားတစ်ချက်ကြည့်လိုက်သည်။



ထွန်းယို့သက်ပြင်းချလိုက်သည်။

“ကျောက်စိမ်းစားပေါ်က လျှို့ဝှက်ချက်ကိုမဖော်ထုတ်နိုင်တာကြောင့် စိတ်ပျက်ပြီးထွက်သွားပြီထင်တယ်”

ဝါဝါဘုန်းက မျက်စောင်းထိုးလိုက်သည်။ သူမသည် စားပွဲပေါ်မှစာကိုသွားယူကာဖတ်ကြည့်လိုက်သည်။ စာထဲ၌ ....

“ကျုပ် ကျောက်စိမ်းစားပေါ်ကလျှို့ဝှက်ချက်ကို ဘယ်နည်းနဲ့မှမဖော်ထုတ်နိုင်ခဲ့ပါဘူး၊ အချိန်ယူပြီး လေ့လာကြည့်လို့လဲ ရမယ်ထင်ဘူး၊ ဒီလျှို့ဝှက်ချက်ကိုကျုပ်ဘယ်နည်းနဲ့မှဖော်ထုတ်နိုင်မှာ မဟုတ်တာသေချာနေပြီ၊ ကျုပ်ဟာ လက်နက်အမျိုးမျိုးနဲ့ပတ်သက်ပြီး ပါရဂူဘွဲ့ခံယူထားသူတစ်ယောက်ပါ၊ ကျောက်စိမ်းစားရဲ့လျှို့ဝှက်ချက်ကိုမဖော်ထုတ်နိုင်တာ အတော်ရှက်ဖို့ကောင်းပါတယ်၊ ဘယ်သူ့ကိုမှလဲမျက်နှာပြရဲလောက်အောင်ပါပဲ၊ ဒါကြောင့် ကျုပ်ထွက်သွားပါပြီ”

ဟု ရေးထားသည်ကိုတွေ့ရလေသည်။

ဝါဝါဘုန်း စိတ်ပျက်သွားလေသည်။

“ဆရာကြီးဝူးလုံဟာ လွယ်လွယ်နဲ့စိတ်ဓာတ်ကျတတ်တဲ့လူတစ်ယောက်မဟုတ်ပါဘူး၊ ခုတော့ ဘယ်လိုဖြစ်သွားတာလဲ”

ထွန်းယို့က ....

“အင်း လက်နက်ပါရဂူတစ်ယောက်တောင် လျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်ရင် တခြားဘယ်သူကဖော်ထုတ်နိုင်တော့မှာလဲ”

"ဒါရင် ထင်းစန်းသိုင်းသုံးဖော်နဲ့ ရင်ဆိုင်နိုင်ဖို့ တစ်ယောက်ယောက်ကို အကူအညီတောင်းတော့မှဖြစ်မယ်ထင်တယ်"

"ညီမက ဘယ်သူ့ဆီမှာအကူအညီတောင်းစေချင်တာလဲ ပြောပါဦး"

ဝါဝါဘုန်း စဉ်းစားခြင်းမပြုဘဲပြောလေသည်။

"အကောင်းဆုံးကတော့ ရှင့်အဖေ ဒါမှမဟုတ် ပုလဲကျေးရွာပိုင်ရှင်ဆီမှာအကူအညီတောင်းတာအကောင်းဆုံးဖြစ်မယ်ထင်တယ်"

ထွန်းယို့၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်က အကူအညီတောင်းမှာမဟုတ်ပါဘူး၊ ဒီကိစ္စတွေကို ကျုပ်ဘာသာဖြေရှင်းသွားပါ့မယ်"

ပြီးနောက် ဝါဝါဘုန်းအား စိုက်ကြည့်ကာ ....

"ကျုပ် တကယ်အကူအညီတောင်းချင်တဲ့လူ တစ်ယောက်ပဲရှိပါတယ်"

"ဘယ်သူများလဲရှင်"

"ညီမပါ"

ဝါဝါဘုန်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာလေတော့သည်။

၀၀၀



ထွန်းယို့နှင့် ဝါဝါဘုန်းတို့သည် တောင်ကြားထဲမှထွက်လာခဲ့ကြပြီး တောလမ်းအတိုင်းလျှောက်လှမ်းလာခဲ့ကြလေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ သစ်ပင်များက စိမ်းလန်းနေပြီး ပန်းကလေးများဝေဝေဆာဆာဖူးပွင့်နေသည်။

ကျေးငှက်ကလေးများသည်လည်း ဘာသာဘာဝ တေးသီကျူးရင်း ဟိုမှသည်မှပျံသန်းနေကြလေသည်။

ထွန်းယို့နှင့် ဝါဝါဘုန်းတို့သည် အတူလက်တွဲကာ လျှောက်လှမ်းလာခဲ့ကြခြင်းဖြစ်လေသည်။ သူတို့၏ရင်ထဲ၌ နွေးနွေးထွေးထွေးရှိနေကြသည်။

တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချမှုရှိနေကြခြင်းဖြင့် နွေးထွေးသောခံစားချက်များဖြစ်ပေါ်လာစေနိုင်သည် မဟုတ်ပါလား။

သူတို့သည် ထင်းစန်းသိုင်းသုံးဖော်အားရင်ဆိုင်ကာနဂါးစိမ်းဂိုဏ်းအကြောင်း ဆက်လက်ဖော်ထုတ်သွားရန် ဆုံးဖြတ်ထားကြပြီးဖြစ်လေသည်။

သူတို့ စွမ်းဆောင်နိုင်စွမ်းရှိမရှိ ထည့်သွင်းမစဉ်းစားကြပါ။ သူတို့၏ဆုံးဖြတ်ချက်အတိုင်း ဆက်လက်လုပ်ဆောင်သွားကြမည်သာဖြစ်ပါသည်။

ဝါဝါဘုန်းက ....

"အခုအချိန်မှာ ကျွန်မတို့သွားသင့်တဲ့နေရာတစ်ခုတော့ရှိလိမ့်မယ်"

ထွန်းယို့ ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ အစားအသောက်ကောင်းတဲ့ဆိုင်တစ်ဆိုင်ကို သွားဖို့ပဲရှိတာပေါ့"

နှစ်ယောက်သား မြောက်ပိုင်းလမ်းပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဦးတည်သွားလိုက်ကြလေသည်။

မကြာပါချေ။ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားကြလေသည်။ ထိုဆိုင်မှာ ထင်းယုံစားသောက်ဆိုင်ဖြစ်နေပါသည်။

ဆိုင်ရှင်သည် ထွန်းယို့နှင့်ဝါဝါဘုန်းကိုမြင်သည့်အခါ ထိတ်လန့်တကြားဖြစ်သွားလေသည်။

"ကျုပ်ကို ဘာများမကျေနပ်တာရှိသေးလို့လဲဗျာ"

ဟု မျက်နှာငယ်လေးဖြင့်ကြိုမေးလာလေသည်။

ဝါဝါဘုန်းက ....

"ရှင့်ဆိုင်က အရက်နဲ့ဟင်းလျာကောင်းကောင်းမစားရသေးတာကိုသတိရလို့ ကျွန်မတို့ပြန်လာခဲ့ကြတာရှင့်"

ဆိုင်ရှင်က ....

"ဟာ .... ရပါတယ်၊ ကျုပ်အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ့မယ်"



ထို့နောက် ဆိုင်ရှင်သည် ဆိုင်လုလင်များအားခေါ်ကာ အကောင်းဆုံးအရက်၊ အကောင်းဆုံးဟင်းလျာများ ပြင်ဆက်ပေးလေသည်။ ဝါဝါဘုန်းနှင့် ထွန်းယို့တို့သည်း ဘာကိုမှတွေးတောစဉ်းစားမနေကြဘဲ အားရပါးရစားသောက်လိုက်ကြလေသည်။

ထင်ယုံစားသောက်ဆိုင်၌လည်း ပန်းတစ်ရာအရက်ရနိုင်ပေသည်။ ပန်းတစ်ရာအရက်နှင့် ဘဲကင်မှာအလွန်လိုက်ဖက်ညီလှပါတော့သည်။ ထွန်းယို့က ....

"ဒီဆိုင်က အရက်နဲ့ဘဲကင်ဟာ ကျုပ်စားသောက်ဖူးသမျှမှာ အကောင်းဆုံးပါပဲ"

ဝါဝါဘုန်းက ....

"ဒါကလဲ စေတနာပါလို့ပေါ့ရှင်"

"စေတနာ ...."

"ဟုတ်တယ်၊ ဆိုင်ရှင်ရဲ့မျက်လုံးထဲမှာ ကျွန်မတို့အပေါ် အင်မတန်စေတနာရှိနေတာမျိုးတွေ့မြင်ခဲ့ရတယ်ရှင့်"

ထွန်းယို့ ရယ်မောလိုက်လေသည်။

"ကျုပ်ကတော့ အင်မတန်စိတ်ပျက်နေမယ်လို့ထင်မိတာ"

ဝါဝါဘုန်းက ....

"တွေ့တာကစကတော့ဟုတ်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းတော့ ကျွန်မတို့ကိုစေတနာထားတဲ့ပုံမျိုးတွေ့ခဲ့ရတာ"

"ဒါဖြင့် သေကာနီးလူတွေအပေါ် စေတနာထားတာမျိုးပဲ ဖြစ်မယ်"

ဝါဝါဘုန်းကရယ်မောလိုက်လေသည်။ ထွန်းယို့က ....

"သူဟာ ကျုပ်တို့ကို သေရမယ့်လူတွေလို့ သဘောထားနေတယ်ဆိုရင်တော့ ထင်းစန်းသိုင်းသုံးဖော်နဲ့ပတ်သက်ဖူးလို့ဖြစ်မယ်"

ထိုစဉ် ဆိုင်ရှင်ကအနီးသို့ရောက်ရှိလာလေသည်။

"ဘာများအလိုရှိပါသေးသလဲခင်ဗျာ"

ဖော်ဖော်ရွေရွေမေးလာလေသည်။ ဝါဝါဘုန်းက ....

"ရှင့်ကိုမေးစရာတစ်ခုပဲကျန်တော့တယ်ရှင့်"

"မေးပါ .... မေးပါ"

"ကျွန်မတို့ကို တစ်ယောက်ယောက်ကလာရှာသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ လူတစ်ယောက်လာရှာသွားပါသေးတယ်"

ဝါဝါဘုန်းက မည်သူမည်ဝါဖြစ်ကြောင်းမမေးတော့ပါ။

အကြောင်းမှာ ဆိုင်ထဲသို့လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ooo



ဆိုင်ထဲသို့ လူတစ်ယောက်ရောက်ရှိလာလေသည်။

ထိုလူမှာ ဖာထေးရာဗလပွရှိသော အဝတ်အစားများ ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှ ဆံပင်များမှာလည်း ကျိုးကန်းသိုက်ပမာ ရှုပ်ထွေးနေသည်။ လေလွင့်ဖေဒါကြီးတစ်ယောက်ဖြစ်လေသည်။

ဖေဒါကြီးကြောင့် ဆိုင်ရှင်စိတ်ပျက်သွားလေသည်။

"ကျုပ်ဆိုင်ထဲမှာလာပြီး ...."

သူ၏စကားမဆုံးမီ ဖေဒါကြီးကကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်လေသည်။

"ဟိတ် ... ဘယ်သူက မင်းဆိုင်မှာ တောင်းရမ်းစားသောက်မှာမို့လဲ"

ငွေတုံးကလေးတစ်တုံးအား စားပွဲပေါ်ပစ်တင်ပေးလိုက်၏။ ဝါဝါဘုန်းတို့အား ညွှန်ပြကာဆက်ပြောလိုက်သည်။

"သူတို့လိုပဲ ကျုပ်ကိုအရက်နဲ့ဘဲကင်ပေး"

"ကောင်းပါပြီဗျာ"

ဆိုင်ရှင်မှာ ငွေတုံးကလေးအား တွေ့မြင်လိုက်ရခြင်းကြောင့် အမူအရာပြောင်းလဲသွားတော့သည်။

ဖေဒါကြီးအတွက် အရက်နှင့်ဘဲကင်ယူပေးလိုက်လေသည်။ ဖေဒါကြီးက အရက်ကိုအိုးလိုက်မော့သောက်သည်။ ဘဲကင်များကို ပါးလုပ်ပါးလောင်းစားပြီး အရိုးများကိုတဖွီးဖွီးထွေးထုတ်သည်။

ဆီများဟင်းရည်များ ပေကျံသွားသောလက်ကို အင်္ကျီဖြင့် သုတ်လေသည်။ ထွန်းယို့တို့သည် ဗေဒါကြီးကိုကြည့်ပြီး ထူးခြားသူ တစ်ယောက်ဖြစ်ကြောင်းသဘောပေါက်လာလေသည်။

ဗေဒါကြီးသည် ထင်ယုံစားသောက်ဆိုင်သို့ အကြောင်းမဲ့ ရောက်လာခြင်းမဟုတ်ကြောင်း နားလည်လိုက်လေသည်။ ဝါဝါဘုန်းက တီးတိုးမေးလိုက်သည်။

"သူ့ကိုကြည့်စမ်းပါ၊ ထူးခြားမနေဘူးလား"

ထွန်းယို့က ....

"ဆိုင်ဝင်ပေါက်ဝဘက်ကို မျက်နှာမူပြီးထိုင်နေကတည်းက ထူးခြားတယ်ဆိုတာသိနိုင်တာပေါ့"

ဝါဝါဘုန်းက ....

"သူက တစ်ယောက်ယောက်ကိုစောင့်နေတာလား"

ထွန်းယို့ဘာမှမပြောပါ။ ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် ဆိုင်ထဲလှမ်းဝင်လာသည်ကိုတွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထင်းအိအား ဆိုင်ရှင်ကအကြောင်းကြားလိုက်ခြင်းဖြစ်သည်ကို ထွန်းယို့နှင့်ဝါဝါဘုန်းတို့ နားလည်လိုက်၏။ သူတို့သည် ထင်းစန်းသိုင်းသုံးဖော်နှင့် ရင်ဆိုင်ရန်ဆုံးဖြတ်ထားကြပြီးပြီမဟုတ်ပါလား။

ထို့ကြောင့်လည်း ....



ထင်းစန်းသိုင်းသုံးဖော်နှင့် အဆက်အသွယ်ရှိသည့် ထင်းယုံစားသောက်ဆိုင်သို့လာခဲ့ကြခြင်းဖြစ်သည်။

ယခု ထင်းအိရောက်လာပြီဖြစ်သည်။ ထွန်းယို့နှင့် ဝါဝါဘုန်းတို့သည် အေးအေးဆေးဆေးထိုင်ကာအရက်သောက်နေကြသည်။

သို့သော် .... ထင်းအိအားရင်ဆိုင်ရန်အသင့်ပြင်ဆင်ထားကြပြီးဖြစ်လေသည်။ ထင်းအိဆိုင်ထဲရောက်လာသည်နှင့် ပထမဆုံး လှုပ်ရှားလိုက်သူမှာ ဗေဒါကြီးဖြစ်လေသည်။

"သနားကြပါ၊ သနားကြပါ"

ရုတ်တရက် ဗေဒါကြီးသည် ထင်းအိရှေ့သို့ရောက်ရှိသွားပြီး လက်ဝါးဖြန့်ကာတောင်းရမ်းလိုက်လေသည်။

ထင်းအိ မျက်နှာခက်ထန်သွားလေသည်။

"ဒီသူတောင်းစားက ဘာရှုပ်တာလဲ"

ဗေဒါကြီးက ထွန်းယို့တို့အားညွှန်ပြလိုက်သည်။

"သနားသဖြင့် သူတို့နှစ်ယောက်ရဲ့အသက်ကျုပ်ကိုပေးကမ်းစွန့်ကြပါဗျာ"

ထင်းအိ မျက်နှာပျက်သွားလေသည်။

"ကိုယ့်အသက်ကိုယ် ဂရုစိုက်ဦး"

ဟုငေါက်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

"အမလေးဗျ"

ဗေဒါကြီး အထိတ်တလန့်အော်ပြီး နောက်ဆုတ်လိုက်လေသည်။ ထင်းအိ၏ လက်ဝါးရိုက်ချက်လေထဲသို့သာ ရိုက်ချမိလိုက်လေသည်။ ထင်းအိကြောင်အမ်းအမ်းဖြစ်သွားသည်။

ဗေဒါကြီးမှာ ခေသူမဟုတ်ကြောင်းလည်း သဘောပေါက်သွားသည်။ ထို့ကြောင့် ဒေါသတကြီးအော်ငေါက်ကာ တိုက်ခိုက်လိုက်လေသည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

သူ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်ပြီး အားမာန်ပါလှ၏။ လက်ဝါးတစ်ချက်အရိုက်ခံလိုက်ရလျှင် ချက်ချင်းအသက်ပျောက်သွားမည်ဖြစ်လေသည်။

ထင်းအိ၏လက်ဝါးရိုက်ချက်များ ပလူပျံအောင်ထွက်ပေါ်လာပြီး ဗေဒါကြီးတစ်ကိုယ်လုံးလွှမ်းခြုံထားလိုက်လေသည်။

ထွန်းယို့နှင့်ဝါဝါဘုန်းတို့က တိုက်ပွဲကိုအကဲခတ်ကြည့်နေကြလေသည်။ ထင်းအိ၏တိုက်ခိုက်မှုကြောင့် ဗေဒါကြီး လဲကျသေဆုံးသွားမည်ထင်စရာရှိလေသည်။

သို့သော် ဗေဒါကြီးက ပွတ်ကာသီကာရှောင်တိမ်းသွားလေတော့သည်။ ဗေဒါကြီးသည် တဟီးဟီးတဟားဟားရယ်မောကာ ဆိုင်အပြင်ဘက်ပြေးထွက်သွားလေသည်။

"မပြေးနဲ့"



ထင်းအိက ဒေါသတကြီးအော်ငေါက်ကာ နောက်မှပြေးလိုက်သွားလေတော့သည်။

ooo

ဆိုင်ရှင်မျက်နှာလေး ငယ်နေသည်။ ထွန်းယို့နှင့် ဝါဝါဘုန်းတို့သည် ဆိုင်ရှင်အားပြုံး၍ကြည့်နေကြလေသည်။

ထိုစဉ် ဆိုင်ထဲသို့လူတစ်ယောက်ဝင်လာသည်။ ဗေဒါကြီးဖြစ်လေသည်။ ဗေဒါကြီးသည် ဗိုက်ကိုလက်ဖြင့်ပွတ်ရင်း ....

"ပြေးရလွှားရနဲ့ ဗိုက်ချောင်သွားပြီ၊ ကျုပ်ကိုအရက်နဲ့ဘဲကင်ပေးစမ်းပါဦး"

ဟုပြောရာ ဆိုင်ရှင်မှာပျာပျာသလဲယူပေးလိုက်လေသည်။ ဗေဒါကြီးသည် ဘဲကင်တစ်ခြမ်းနှင့်အရက်တစ်အိုးကို ချက်ချင်းကုန်အောင်သောက်ပစ်လိုက်လေသည်။ ထို့နောက် အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။ ဗေဒါကြီးမျက်နှာပျက်သွားလေသည်။

"ဟောဗျာ .... ကျုပ်ဆီမှာ တစ်ပြားတစ်ချပ်မှမရှိတော့ပါလား၊ ပြေးရင်းလွှားရင်း ကျပျောက်သွားပြီထင်တယ်"

ဆိုင်ရှင်က ....

"ကိစ္စမရှိပါဘူးဗျာ၊ ပေးစရာမရှိရင်လည်း မပေးပါနဲ့တော့၊ ကျုပ်အလကားကျွေးလိုက်ပါ့မယ်"

ဗေဒါကြီးရယ်မောလိုက်လေသည်။

"ခင်ဗျား ခုတော့ တော်တော်သဘောကောင်းနေပါလား၊ ကျုပ်ပေးစရာမရှိတာ အရေးမကြီးဘူး၊ နောက်ထပ် စားသောက်ချင်သေးတာကခက်တယ်"

ဝါဝါဘုန်းကလှမ်းပြောလိုက်သည်။

"ကျွန်မတို့ တကာခံပါ့ရစေချင်"

"ဟား .... ဟား .... ဟား ...."

ဗေဒါကြီးကရယ်မောကာ လှမ်းလာပြီး ဝါဝါဘုန်းတို့၏စားပွဲ၌ဝင်ထိုင်ချလိုက်လေသည်။ ဝါဝါဘုန်းသည် အရက်နှင့်ဘဲကင်များ ထပ်မံမှာကြားပေးလိုက်၏။

"ကျေးဇူးပဲ .... ကျေးဇူးပဲ"

ဗေဒါကြီးကကျေးဇူးတင်စကားပြောကာ အရက်နှင့်ဘဲကင်များစားသောက်လိုက်လေသည်။ ဗေဒါကြီးသည် မိမိတို့နှစ်ယောက်အတွက် ရောက်လာခြင်းဖြစ်ကြောင်း ထွန်းယို့တို့နားလည်ထားကြလေသည်။

ထို့အပြင် ထင်း အိနှင့် ရင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း သူတို့အား ဒုက္ခမပေးဘဲ ကူညီမည့်သူဖြစ်ကြောင်းလည်း ရိပ်မိကြလေသည်။

သူတို့သည် အကူအညီလိုနေကြသူများဖြစ်သည်။ ယခုတော့ အကူအညီတောင်းစရာမလိုဘဲ ကူညီမည့်သူတစ်ယောက် ရောက်



ရှိလာပြီဖြစ်ဓလသည်။ ဗေဒါကြီးက ....

"မောင်ရင်လေးတို့နှစ်ယောက် ထင်းစန်းသိုင်းသုံးဖော်နဲ့ ပြဿနာဖြစ်နေတယ်ဟုတ်လား"

ထွန်းယို့တို့ ဘာမှမပြောဘဲနေလိုက်လေသည်။

ဗေဒါကြီးက ....

"ထင်းစန်းသိုင်းသုံးဖော်ဟာ တစ်ယောက်ချင်းဆိုတော်သေးတယ် သုံးယောက်ပေါင်းလိုက်ရင်တော့ ထိပ်သီးသိုင်းသမားကြီးတွေတောင် ခေါင်းကိုက်ရတဲ့လူတွေပဲ"

ထွန်းယို့က ....

"သူတို့သုံးယောက်ထက် နဂါးတွေကပိုပြီးကြောက်စရာမကောင်းဘူးလားဗျာ"

"နဂါးတွေမဟုတ်ပါဘူး၊ အစိမ်းရောင်နဂါးကသာ ကြောက်စရာကောင်းတာပါ"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်ကလဲ အဲဒီအစိမ်းရောင်နဂါးကိုမှဖမ်းချင်တဲ့လူပါ"

ဗေဒါကြီးက ရယ်ရယ်မောမောပြောလေသည်။

ထွန်းယို့က ....

"နဂါးစိမ်းက သူ့ကိုဖမ်းဖို့ကြိုးစားတဲ့လူဆိုရင် ဝါးမျိုပစ်တတ်တယ်ဗျ"

ဝါဝါဘုန်းကကြားဝင်ပြောလိုက်လေသည်။

"ဒီလောက်ညစ်ပတ်ပေကျံနေတဲ့လူတစ်ယောက်ကို နဂါးက မျိုချချင်ပါ့မလားရှင်"

"ဟား .... ဟား .... ဟား ...."

သုံးသောက်သား တစ်ခဏအတွင်းမှာပင် ရင်းရင်းနှီးနှီးဖြစ်လာကြလေသည်။ ဖေဒါကြီးက ....

"မိန်းကလေးရဲ့အဖေ နေကောင်းတယ်မဟုတ်လား"

ဝါဝါဘုန်းခေါင်းညိတ်လိုက်သည်။

"နေကောင်းပါတယ်ရှင်"

ဖေဒါကြီးကထွန်းယို့ကိုမေးလေသည်။

"မင်းအဖေ မြို့စားကြီးထွန်းဟွီးဟင်ကော နေကောင်းတယ်မဟုတ်လား"

"ဗျာ ...."

ထွန်းယို့အံ့သြသွားသည်။ ဖေဒါကြီးက သူ့ဖခင်ကိုပါ ကောင်းစွာသိနေသည်မဟုတ်ပါ လား။

ထွန်းယို့သည် ဖခင်ကြီးပြောဖူးသည့်စကားတစ်ခွန်းကို အမှတ်ရလာလေသည်။ ထို့ကြောင့် ဖေဒါကြီးအားမေးလိုက်လေသည်။

"ဦးဟာ မြေလတ်ပိုင်းက ဦးစပ်စုကြီးများလားခင်ဗျာ"

မြေလတ်ပိုင်း၌ ထင်ရှားသောဖေဒါဂိုဏ်းရှိလေသည်။



ဖေ ဒါဂိုဏ်း၌ သိုင်းပညာအလွန်တော်သော ဂိုဏ်းမှူးကြီးတစ်ဦးရှိသည်။ ဖေဒါကြီးက ....

"ငါက မင်းရှေ့ကိုရောက်နေတာတောင်မှ မေးနေရသေးသလား"

ဟုပြောရာ ဦးစပ်စုကြီးဖြစ်ကြောင်း သေချာသွားလေတော့သည်။ ထွန်းယို့နှင့်ဝါဝါဘုန်းတို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

သိုင်းရာဇဝင်းချီ၊ ဦးစပ်စုကြီးစသည့်ထိပ်သီးသိုင်းသမားကြီးများပါဝင်လာကြပြီဖြစ်ရာ သိုင်းလောကမှထိပ်တန်းပုဂ္ဂိုလ်ကြီးများသည် နဂါးစိမ်းဂိုဏ်း လျှို့ဝှက်ပေါ်ပေါက်လာပြီးသြဇာလွှမ်းမိုးလာသည်ကို လက်ပိုက်ကြည့်မနေနိုင်တော့သည့်သဘော ထင်ရှားပေါ်လွင်နေလေတော့သည်။ ဖေဒါကြီးက ....

"ထင်းစန်းသိုင်းသုံးဖော်က သူတို့ဟာ နဂါးစိမ်းဂိုဏ်းနဲ့ပတ်သက်နေကြောင်း ပြောင်ကျကျထုတ်ဖော်လိုက်ကြတယ်၊ ဒါကြောင့် သူတို့ကိုအသုံးချပြီးရင် နဂါးစိမ်းဂိုဏ်းကနှုတ်ပိတ်တဲ့အနေနဲ့ သုတ်သင်ရှင်းလင်းပစ်မှာသေချာတယ်"

ထွန်းယို့က ....

"နဂါးစိမ်းဂိုဏ်းဟာသိုင်းရာဇဝင်းချီကိုလုပ်ကြံဖို့ ထင်းစန်းသိုင်းသုံးဖော်ကိုအသုံးချခဲ့တာ၊ သူတို့အကြောင်း ...."

သူ့စကားမဆုံးမီ ဖေဒါကြီးကကြားဖြတ်ပြောလိုက်သည်။

"ကျုပ်ရောက်လာတာ သိုင်းရာဇာဝမ်းချီကြောင့်ပေါ့"

ဝါဝါဘုန်းက ....

"ဦးက သိုင်းရာဇာဝမ်းချီကိုလာရှာတာလား"

"မဟုတ်ဘူး၊ သူကကျုပ်ကိုလာရှာတာ"

"သူက ...."

"သူဒဏ်ရာရထားတော့ လောလောဆယ်အနားယူနေရဦးမယ်လေ"

ထွန်းယို့တို့ဝမ်းသာသွားကြသည်။ သိုင်းရာဇာဝမ်းချီသည် ထင်းအိတို့၏အကောက်ကြံခံရသော်လည်း ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်မဟုတ်ပါလား။

ဗေဒါကြီးက ဆက်ပြောသည်။

"ထင်းစန်းသိုင်းသုံးဖော်ဟာ သည်ဆိုင်မှာ ရှောင်ဖုံးတို့ကို အကောက်ကြံပြီး မေ့ဆေးခတ်ဖမ်းဆီးသွားတယ်၊ ပြီးတော့ ရုပ်ဖျက်ဝိဇ္ဇာဆီကိုပို့လိုက်တယ်၊ ရုပ်ဖျက်ဝိဇ္ဇာက သူတို့ကိုကြောက်ပြီးခိုင်းတာ လုပ်ပေးရတယ်"

ထွန်းယို့နှင့်ဝါဝါဘုန်းတို့ စိတ်ဝင်စားစွာနားထောင်နေကြလေသည်။

"ထင်းစန်းသိုင်းသုံးဖော်ဟာ နဂါးစိမ်းဂိုဏ်းကလူတွေကို ရှောင်ဖုံး၊ ဝမ်းဟွီးနဲ့ ရှာချောင်တို့အဖြစ် ရုပ်ဖျက်ခိုင်းတယ်၊ ရုပ်ဖျက်



ဝိဇ္ဇာက နဂါးစိမ်းဂိုဏ်းသားတစ်ယောက်ကို ရှောင်ဖုံးအဖြစ်ရုပ်ဖျက်ပေးပြီး ဝမ်းဟွီးတို့ရုပ်သွင်တွေနဲ့တူအောင် ထပ်ပြီးရုပ်ဖျက်မပေးတော့ဘူး၊ သူ့ကို ထင်းစန်းသုံးဖော်က ချမ်းသာပေးမှာမဟုတ်ဘူးဆိုတော့ တစ်မျိုးကြံလိုက်တယ်"

ဝါဝါဘုန်းက ....

"ရုပ်ဖျက်ဝိဇ္ဇာက ဆေးပညာလည်းမဆိုးဘူးရှင့်၊ သူဟာ တစ်ခဏတာသေဆုံးသွားတယ်လို့ထင်ရတဲ့ အဆိပ်ဆေးတစ်မျိုးဖော်စပ်နိုင်ခဲ့တယ်လို့ ကျွန်မသတင်းကြားဘူးတယ်"

ဗေဒါကြီးခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲ၊ ရုပ်ဖျက်ဝိဇ္ဇာရဲ့ဆေးကိုသောက်လိုက်ရင် အဆိပ်မိပြီးသေသွားတယ်လို့ ထင်ရတယ်၊ ဒါပေမယ့် တစ်ရက်အတွင်းမှာပဲ လူကောင်းပကတိပြန်ဖြစ်လာနိုင်တယ်"

ထွန်းယို့က ....

"သိပ်ကောင်းတဲ့ဆေးပဲ"

ဟုချီးကျူးလိုက်သည်။

ဝါဝါဘုန်းက ....

"ဒီလိုဆေးမျိုးဟာ အစွမ်းထက်ကာမှန်ပေမယ့် ကောင်းကျိုးပေးနိုင်သလို ဆိုးကျိုးကိုလည်းပေးနိုင်လိမ့်မယ်"

ဗေဒါကြီးက ....

"အဆိပ်မိပြီး သေတယ်ထင်ရအောင် ဆေးမှာအဆိပ်ပါဝင်နေတယ်၊ ဒါကြောင့် ပြန်ကောင်းလာတာနဲ့ အချိန်မီဆေးကုရတယ်၊ ဆေးကုနေတဲ့အချိန်မှာ သိုင်းပညာအသုံးပြုလို့မရဘူး"

"ဒါဖြင့် .... သူတို့ဟာ ...."

"သူတို့ သိုင်းရာဇဝင်းချီနဲ့အတူရှိနေကြပါတယ်"

ထွန်းယို့နှင့်ဝါဝါဘုန်းတို့ ဝမ်းသာသွားကြလေသည်။ သိုင်းရာဇဝမ်းချီအပြင် ဝမ်ဟွီး၊ ရှောင်ဖုံးနှင့်ရှာချောင်တို့လည်း အသက်ရှင်နေကြသည်မဟုတ်ပါလား။ ထွန်းယို့က ....

"နဂါးစိမ်းဂိုဏ်းဟာ သိုင်းလောကသားတွေကိုဒုက္ခပေးခဲ့ကြပေမယ့် ဒုက္ခရောက်မသွားကြဘူး"

"သိုင်းလောကသားတွေ ဒုက္ခရောက်မသွားဘူးဆိုရင် သူတို့ဒုက္ခရောက်ဖို့ပဲရှိတာပေါ့ရှင်"

ဝါဝါဘုန်းကပြောလေသည်။ ဗေဒါကြီးက ....

"ဒါအမှန်ပဲ .... ရှောင်ဖုံးဟာ သိုင်းရာဇဝမ်းချီနဲ့အတူရှိနေတယ်၊ ရှောင်ဖုံးဟာကျားကျေးရွာမှာရှိနေသေးတယ်"

ရှောင်ဖုံးနှစ်ယောက်ဖြစ်နေပြီး ကျားကျေးရွာ၌ရှိနေသောရှောင်ဖုံးမှာအတု၊ နဂါးစိမ်းဂိုဏ်းမှဖြစ်ပေတော့သည်။ ဝါဝါဘုန်းက...

"ကျွန်မ အရက်နဲ့ဘဲကင် အတော်များများစားမိလိုက်တယ်ရှင့်"



ထွန်းယို့က ....

"ဟုတ်တယ်၊ ကျုပ်လဲ အစားများသွားလို့ ဗိုက်တင်းနေပြီ"

ဗေဒါကြီးထိုင်ရာမှထရပ်လိုက်သည်။

"ဗိုက်တင်းရင် နေမထိ ထိုင်မသာဖြစ်တတ်တယ်၊ အစာကြေပြီး ဗိုက်ချောင်သွားအောင် လမ်းလျှောက်လိုက်တာအကောင်းဆုံးပဲ"

ထွန်းယို့နှင့်ဝါဝါဘုန်းတို့လည်း လမ်းလျှောက်ရန်သဘောတူလိုက်ကြလေသည်။ သူတို့သည် စားသောက်ဆိုင်ထဲမှထွက်ကာ လမ်းလျှောက်လိုက်ကြသည်။ သူတို့၏ခြေလှမ်းများသည် ကျားကျေးရွာသို့ဦးတည်နေသဖြင့် အတန်ကြာလျှောက်သွားမိကြသောအခါ ကျားကျေးရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားကြလေတော့သည်။

ooo

ကျားကျေးရွာပိုင်ရှင်သိုင်းဆရာရှောင်ဖုံးသည် ထွန်းယို့တို့ရောက်ရှိလာကြသောခါ မှင်သေသေဖြင့် ဧည့်ခံကြိုဆိုလိုက်သည်။

ထွန်းယို့က ....

"ကျုပ်တို့ သည်တစ်ခေါက်ရောက်လာတာ ခင်ဗျားဆီက စကားတစ်ခွန်းမေးစရာရှိလို့ပါ'

ရှောင်ဖုံးက ....

"ခင်ဗျားရဲ့လက်မောင်းနှစ်ဘက်မှာ နဂါးစိမ်းဂိုဏ်းရဲ့အမှတ်

အသားနဂါးရုပ်ပုံကို ဆေးမှင်ကြောင်နဲ့ထိုးထားတယ်ဆိုတဲ့သတင်း ကြားခဲ့ရလို့ပါ”

ရှောင်ဖုံးရယ်မောလိုက်လေသည်။

“ကျုပ်က မြို့စားကြီးထွန်းယွီးဟင်မျက်နှာကိုထောက်ထား ပြီး မင်းကိုသည်းခံနေတာ၊ ကျုပ်ဟာ ဘယ်တုန်းကမှနဂါးစိမ်းဂိုဏ်း သားတစ်ယောက်မဟုတ်ခဲ့ဘူး၊ မင်းမယုံရင်ကြည့်ထား”

စကားဆုံးလျှင် အင်္ကျီလက်နှစ်ဖက်ကို အပေါ်ပင့်တင်လိုက် လေသည်။ သူ၏ဝဲယာလက်မောင်းနှစ်ဖက်စလုံး၌ဆေးမှင်ကြောင် ထိုးထားခြင်းမရှိပါ။

ထွန်းယို့သည် ရှောင်ဖုံး၏လက်မောင်းနှစ်ဖက်ကိုကြည့်ပြီး ကျေနပ်သွားကြလေသည်။ ရှောင်ဖုံးအစစ်၏ဝဲယာလက်နှစ်ဖက်၌ ဓားဒဏ်ရာများရှိနေခဲ့သည်။

ယခု ရှောင်ဖုံးအတု၏လက်မောင်းနှစ်ဖက်၌ မည်သည့်ဒဏ် ရာဒဏ်ချက်မှမရှိချေ။ ယခုတွေ့နေရသော ရှောင်ဖုံးကား အတုဖြစ် နေပါတော့သည်။

ဗေဒါကြီးသည် ထွန်းယို့ကိုပြောပြထားခြင်းကြောင့် ရှောင်ဖုံး ၏ လက်မောင်းမှဒဏ်ရာဒဏ်ချက်များအကြောင်း သိထားပြီးဖြစ်ပါ သည်။

ရှောင်ဖုံးက ....



“ကဲ .... ကျုပ်မှာ ဘာဆေးမှင်ကြောင်မှမရှိဘူးဆိုတာ မင်း တွေ့ပြီမဟုတ်လား”

ထွန်းယို့က ....

“ဆေးမှင်ကြောင်သာမဘူး၊ ဒဏ်ရာဒဏ်ချက်တစ်ခုမှမရှိ တာလည်း တွေ့နေရပါတယ်ဗျာ၊ ရှောင်ဖုံးဟာ နဂါးစိမ်းဂိုဏ်းကလူနဲ့ ရင်ဆိုင်ရင်း လက်မောင်းနှစ်ဖက်စလုံးမှာ ဒဏ်ရာတစ်ချက်စီရခဲ့ပါ တယ်ဗျာ”

“မင်း ....”

ရှောင်ဖုံး ကပျာကယာနောက်ဆုတ်လိုက်သည်။

ထွန်းယို့ခေါင်းခါယမ်းလိုက်လေသည်။

“ခင်ဗျား ငြင်းလို့မရတော့ပါဘူးဗျာ၊ သိုင်းဆရာရှောင်ဖုံးဟာ အခုချိန်ထိ အသက်ရှင်နေပါသေးတယ်”

ရှောင်ဖုံးသည် ထွန်းယို့နှင့်ဝါဝါဘုန်းတို့အပြင် ဗေဒါကြီးကိုပါ ကောင်းစွာသိထားပုံရှိလေသည်။ အခြေအနေမဟန်မှန်းသိလိုက်သ ဖြင့် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

ထွန်းယို့လည်းခြေဆောင့်ကာ ကိုယ်ဖော့ပညာအသုံးပြုကာ ရှောင်ဖုံးအတုနောက်သို့လိုက်သွားလေတော့သည်။

၀၀၀

## အစွယ်ကျိုးသောနဂါး

ရှောင်ဖုံးသည် အခြေအနေမဟန်မှန်းသိလျှင်ထွက်ပြေးသွားလေသည်။ ထွန်းယို့လည်းလိုက်သွား၏။ ထွန်းယို့၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်၌ရောက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့် ကျားကျေးရွာအပြင်ဘက်တောအုပ်ထဲရောက်လျှင် ရှောင်ဖုံးအား မီသွားလေတော့သည်။

"ဟူး ...."

ထွန်းယို့သည် လေထဲကျွမ်းတစ်ပတ်ပစ်ကာ ရှောင်ဖုံး၏ဦးခေါင်းပေါ်မှဖြတ်ကျော်ပြီး ရှေ့မှလမ်းပိတ်ထားလိုက်လေသည်။ ရှောင်ဖုံး ထွက်ပြေး၍မရတော့ပါချေ။ ထွန်းယို့က ....

"ခင်ဗျား ဘာကြောင့်အပင်ပန်းခံချင်ရတာလဲဗျာ"

ရှောင်ဖုံးက ....

"ထွန်းယို့ .... မင်းတို့တတွေ နဂါးစိမ်းဂိုဏ်းရဲ့လက်ထဲက မလွတ်နိုင်ဘူးဆိုတာမှတ်ထားပါ"



ပြောပြီးစတင်တိုက်ခိုက်လိုက်လေသည်။ ထွန်းယို့လည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထွန်းယို့သည် ပေ့ါပါးသောကိုယ်ဖော့ပညာကိုအသုံးပြုကာ ရှောင်ဖုံး၏တိုက်ကွက်ကို ယိမ်းနွဲ့ရှောင်တိမ်းပြီး ကျောက်စိမ်းဓားကို အသုံးပြုကာတိုက်ခိုက်လိုက်လျှင် ....

"ခြွမ်း ...."

ဓားနှစ်လက်ပြင်းထန်စွာထိတွေ့မိပြီး ရှောင်ဖုံး၏လက်ထဲမှ ဓားမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ရှောင်ဖုံးဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။ ထွန်းယို့က ဆက်၍တိုက်ခိုက်ခြင်းမပြုပါချေ။ ရှောင်ဖုံးအား စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားဟာ သုံးလပိုင်း လဆန်းသုံးရက် ကျူးဆင်ဆိုတာ ကျုပ်တို့သိထားပြီးပါပြီဗျာ"

ရှောင်ဖုံးဒေါပွသွားပြီး မျက်နှာပေါ်မှမျက်နှာဖုံးတုကို ဆွဲချွတ်လိုက်သည်။ ထိုအခါ သံမဏိဘုန်းကြီးထံသို့လာခဲ့သောကျူးဆင်ဖြစ်နေသည်ကိုတွေ့လိုက်ရလေသည်။

ရှောင်ဖုံးအဖြစ်ရုပ်ဖျက်ထားသော ကျူးဆင်က ....

"နဂါးစိမ်းဂိုဏ်းအစွန့်ရှည်ပါစေ"

ဟု ကြွေးကြော်လိုက်သည်။

ထို့နောက် ဦးခေါင်းကိုလက်ငါးချောင်းဖြင့် ပြန်လည်ကုပ်ဆွဲလိုက်လေသည်။

ထွန်းယို့ တားဆီးချိန်မရလိုက်ပါချေ။ ကျူးဆင်၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲသွားပြီး မြေပေါ် လဲကျကာ သေဆုံးသွားလေတော့သည်။

ooo

ကျူးဆင်နောက်သို့ ထွန်းယို့လိုက်သွားချိန်၌ ဝါဝါဘုန်းနှင့် ဗေဒါကြီးတို့လည်း နောက်ကလိုက်ခဲ့ကြလေသည်။

သို့သော် ရွာအပြင်ဘက်သို့ရောက်လျှင် သူတို့အားဟန့်တားထားသူသုံးယောက်ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

ထင်းစန်းသိုင်းသုံးဖော်ဖြစ်လေသည်။

ဗေဒါကြီး မျက်နှာပျက်သွားသည်။

"မိန်းကလေး .... မင်း မြန်မြန်ရှောင်ထွက်သွားပေတော့"

ဟု ဝါဝါဘုန်းအားပြောလိုက်လေသည်။

ဝါဝါဘုန်းခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသွားနိုင်ပါဘူး"

ဗေဒါကြီးက ....

"ကောင်းပြီ၊ မင်းမသွားရင် ကျုပ်သွားမယ်"



စကားဆုံးသည်နှင့် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။ သူ၏ခန္ဓာကိုယ်မှာ မီးခိုးတန်းပမာအဝေးသို့ရောက်ရှိသွားလေသည်။

"မပြေးနဲ့"

ထင်းစန်းသိုင်းသုံးဖော်က ဌာသံပေးကာ ပြေးလိုက်သွားကြလေသည်။ ဝါဝါဘုန်းကြည့်နေစဉ်မှာပင် ဗေဒါကြီးနှင့်ထင်းစန်းသိုင်းသုံးဖော်တို့မြင်ကွင်းမှပျောက်ကွယ်သွားကြလေတော့သည်။

ooo

ဝါဝါဘုန်း ကြောင်အမ်းအမ်းဖြစ်နေပြီးမှသတိပြန်ဝင်လာကာ ပြေးလိုက်သွားရန်ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ... လူတစ်ယောက်ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထွန်းယို့ဖြစ်လေသည်။

"အစ်ကို ...."

ဝါဝါဘုန်းဝမ်းသာသွားသည်။ ထင်းစန်းသိုင်းသုံးဖော်က ဗေဒါကြီးနောက်သို့လိုက်သွားကြောင်းပြောပြလိုက်၏။ ထွန်းယို့က ....

"ထင်းစန်းသိုင်းသုံးဖော်စုပေါင်းတိုက်ခိုက်ကြမယ်ဆိုရင် သိပ်ပြီးကြောက်စရာကောင်းတယ်၊ ဗေဒါကြီးတစ်ယောက်တည်း စိတ်မချရဘူး၊ သူ့နောက်ကိုလိုက်သွားပြီးကူညီကြရင်ကောင်းမယ်"

"ကောင်းသားပဲ"

ဝါဝါဘုန်းလည်း သဘောတူလေ၏။ ထို့နောက် နှစ်ယောက်သား ဗေဒါကြီးနောက်သို့လိုက်သွားကြရန်ဟန်ပြင်လိုက်ကြလသည်။

ထိုစဉ် ....

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်စုပြေးလွှားရောက်ရှိလာကြပြီး ထွန်းယို့တို့အားဟန့်တားလိုက်ကြလေသည်။

ရောင်ဖုံးဟန်ဆောင်ထားသောကျူးဆင်၏လူများ(ဝါ) နဂါးစိမ်းဂိုဏ်းသားများဖြစ်သည်။ နဂါးစိမ်းဂိုဏ်းသားများသည် ထွန်းယို့နှင့်ဝါဝါဘုန်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ထွန်းယို့နှင့် ဝါဝါဘုန်းတို့နှစ်ယောက်လည်း လက်တွဲရင်ဆိုင်လိုက်ကြလေသည်။ အေးချမ်းသာယာနေသော တောအုပ်လေးရှေ့၌ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေသည်။

"ဝုန်း ...."

"အမလေး ...."

ရူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

နဂါးစိမ်းဂိုဏ်းသားများသည် တစ်ခဏအတွင်း ဖရိုဖရဲဖြစ်ကာ ဒရောသောပါးထွက်ပြေးသွားကြလေတော့သည်။

ooo



## တရားခံ

နဂါးစိမ်းဂိုဏ်းသားများ ထွက်ပြေးသွားကြပြီဖြစ်လေသည်။ ထွန်းယို့နှင့်ဝါဝါဘုန်းတို့သည် ဗေဒါကြီးနောက်သို့လိုက်လာခဲ့ကြလေသည်။ သူတို့ တောအုပ်ထဲသို့ရောက်ရှိသွားပြီးမကြာမီ ရှေ့မှာလူတစ်ယောက်ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ဗေဒါကြီးဖြစ်သည်။ ဗေဒါကြီးသည် ထွန်းယို့တို့အားတွေ့မြင်လိုက်ရသော်လည်း ခြေလှမ်းရပ်တန့်ခြင်းမပြုဘဲ ဆက်၍ပြေးလွှားသွားလေသည်။ နှုတ်မှလည်း ....

"ငါ့နောက်လိုက်ခဲ့ကြ"

ဟုအော်ပြောသွားသေးသည်။ ထွန်းယို့တို့ ကပျာကယာလိုက်သွားကြလေသည်။ သုံးယောက်သားပြေးလွှားသွားကြရာ ....

မကြာမီ ဘုံကျောင်းပျက်တစ်ခုသို့ရောက်ရှိသွားကြသည်။

"ဝုန်း ...."

ဗေဒါကြီးလဲကျသွား၏။ ယခုမှ သူ၏တစ်ကိုယ်လုံး ဒဏ်ရာများရကာ သွေးချင်းချင်းနီရဲနေသည်ကိုတွေ့လိုက်ရတော့သည်။

ဗေဒါကြီး၏သိုင်းပညာမှာ ထိပ်တန်းအဆင့်ရှိသော်လည်းပဲ ထင်းစန်းသိုင်းသုံးဖော်၏စုပေါင်းတိုက်ခိုက်မှုကို မယှဉ်နိုင်အောင်ဖြစ်ခဲ့ကြောင်း ပေါ်လွင်နေပေတော့သည်။

ထွန်းယို့နှင့်ဝါဝါဘုန်းတို့သည် ဗေဒါကြီးအားဖေးမကာ ဘုံကျောင်းပျက်ထဲသယ်ယူသွားကြလေသည်။ ဝါဝါဘုန်းသည် အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံးအား တိုက်ကျွေးလိုက်သဖြင့် ဗေဒါကြီးမှာ တစ်ခဏအတွင်း ထူထူထောင်ထောင်ပြန်ဖြစ်လာလေသည်။

ဒဏ်ရာများမှ သွေးများလည်းတိတ်သွားလေသည်။

ဗေဒါကြီးက ....

"သူတို့သုံးယောက်ပေါင်းပြီးတိုက်ခိုက်လိုက်ရင် အတော်ကိုကြောက်စရာကောင်းတယ်ဆိုတာကျုပ်သိပေမယ့် သိပ်ပြီးမယုံချင်ဘူး၊ ခုတော့ မယုံလို့မရတော့ဘူး"

ထင်းစန်းသိုင်းသုံးဖော်မှာ ထူးခြားသောပညာရပ်တစ်ခုစီ ရှိကြသူများဖြစ်လေသည်။ ထင်းအိသည် ဓားစွမ်းအလွန်ထက်သူဖြစ်သည်။ ထင်းအော့ကား သူတစ်ပါးလက်နက်ကိုလုယူပြီး ပြန်လည်တိုက်ခိုက်သည့်ပညာထူးချွန်လေသည်။

ထင်းစန်းကား သွေးကြောဖျက်ဆီးသည့်ပညာ၌ ထိပ်တန်းဖြစ်လေသည်။



သူတို့သုံးယောက်ပေါင်းပြီး တိုက်ခိုက်လိုက်ကြသောအခါ ဗေဒါကြီးလည်းဒဏ်ရာရကာ ထွက်ပြေးလာခဲ့ရလေတော့၏။

မည်သို့ဆိုစေ ဗေဒါကြီး၏လက်ချက်ဖြင့် ထင်းစန်းသိုင်းသုံးဖော်လည်းသက်သာမည်မဟုတ်ဟု ထွန်းယို့တို့ ယုံကြည်ထားကြလေသည်။ ဗေဒါကြီးက လူးလိမ့်ထလိုက်သည်။ ထွန်းယို့က ....

"ဦး .... ဘယ်ကိုသွားမလို့လဲ"

ဗေဒါကြီးက ....

"ငါသွားမှဖြစ်မယ်၊ သူတို့လိုက်လာကြလိမ့်မယ်၊ မင်းတို့လဲ ရှောင်သွားတာအကောင်းဆုံးပဲ"

ဝါဝါဘုန်းခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့ကို လွယ်လွယ်နဲ့မရနိုင်ပါဘူးရှင်"

"မင်းက သူတို့နဲ့ရင်ဆိုင်မယ်ဟုတ်လား"

ဝါဝါဘုန်း အဖြေမပေးဘဲ ပြုံးနေလိုက်လေသည်။ ဗေဒါကြီးက ထွန်းယို့အားကြည့်လိုက်သည်။ ထွန်းယို့လည်း ပြုံးနေသည်။ ဗေဒါကြီးသက်ပြင်းချလိုက်သည်။

"မင်းတို့နှစ်ယောက် တော်တော်သတ္တိကောင်းကြတာပဲ"

စကားဆုံးလျှင် ပြန်ထိုင်ချလိုက်လေသည်။ သူလည်း ထွက်သွားတော့မည်မဟုတ်ကြောင်း ထင်ရှားနေပါတော့သည်။

ဝါဝါဘုန်းက ....

"ကဲ .... ဦးအနားယူလိုက်ပါဦး"

ဟုပြောကာ ဘုံကျောင်းအပြင်ဘက်ထွက်သွားလေသည်။

ထွန်းယို့လည်း လိုက်သွားလေတော့သည်။

ooo

ဘုံကျောင်းပျက်အပြင်ဘက်၌ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်ရှိနေသည်။

သစ်ပင်ကြီးအောက်၌ အေးမြသောမြက်ခင်းပြင်ရှိသည်။

မြက်ခင်းပင်ပေါ်၌ ထွန်းယို့နှင့်ဝါဝါဘုန်းတို့ အေးအေးဆေးဆေးထိုင်နေကြလေသည်။

လေညှင်းခံကာအနားယူနေကြသူများနှင့်ပင် တူနေပါသည်။

ထွန်းယို့က ဝါဝါဘုန်းအားကြည့်လိုက်၏။ သူမသည် တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးတောစဉ်းစားနေပုံရှိလေသည်။

သူမ သက်ပြင်းချရင်းလှည့်လိုက်သောအခါ ထွန်းယို့က ကြည့်နေသည်ကိုမြင်လျှင် မျက်မှောင်ကုပ်သွားလေသည်။

"အစ်ကိုဘာကြည့်နေတာလဲ"

ထွန်းယို့က ....

"ညီမကိုထွက်သွားစေချင်လို့ပါ"

"ရှင် ...."



"ကျုပ်နဲ့နေရင် ညီမဒုက္ခရောက်လိမ့်မယ်၊ ဒါကြောင့် ထွက်သွားတာအကောင်းဆုံးပါပဲ"

"လက်စသတ်တော့ အစ်ကိုက ကျွန်မကိုထွက်သွားခိုင်းနေတာကိုး"

"ထင်းစန်းသိုင်းသုံးဖော် ကြောက်စရာကောင်းတယ်ဆိုတာ ဗေဒါကြီးရဲ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကိုကြည့်ရင် သိနိုင်ပါတယ်"

ဝါဝါဘုန်းပြုံးလိုက်သည်။

"ကျွန်မ စဉ်းစားကြည့်တယ်၊ သူတို့ချည်းပဲ ကြောက်စရာကောင်းတာလား၊ ကျွန်မတို့ကကော ...."

ထွန်းယို့က ....

"ညီမ ဘာကြောင့် သူတို့နဲ့ ဒီလောက်တောင်ရင်ဆိုင်ချင်နေရတာလဲ"

ဝါဝါဘုန်းက ....

"အစ်ကို့ကြောင့်ပေါ့"

"ကျုပ်က ...."

"အစ်ကိုသာတစ်ခုခုဖြစ်သွားမယ်ဆိုရင် ကျွန်မတစ်ယောက်ထဲ မနေရစ်ခဲ့ချင်ဘူး"

"ညီမရယ်"

ထွန်းယို့၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များဖြစ်ပေါ်လာလေတော့သည်။ ဝါဝါဘုန်းက ....

"ဒါပေမဲ့ အစ်ကိုဟာပုလဲကျေးရွာပိုင်ရှင်ရဲ့သားမက်လောင်းဖြစ်နေပြီ၊ ပုလဲကျေးရွာကသခင်မလေးနဲ့လက်ထပ်ရတော့မှာပဲ မဟုတ်လားရှင်"

ထွန်းယို့ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို ကျုပ်လက်မထပ်ပါဘူး"

"ဘာဖြစ်လို့လဲအစ်ကို"

"ကျုပ်က သူ့ကိုမချစ်လို့ပါ"

ထွန်းယို့ ပွင့်ပွင့်လင်းလင်းပြောလိုက်လေသည်။

ဝါဝါဘုန်းရယ်မောလိုက်လေသည်။ ထွန်းယို့က ....

"ကျုပ်ပြောတဲ့စကားကို ညီမမယုံလို့လား"

ဝါဝါဘုန်းက အဖြေမပေးဘဲပြန်မေးလိုက်သည်။

"အစ်ကို ပုလဲကျေးရွာသခင်မလေးက မချောလို့လား၊ အရုပ်ဆိုးအကျည်းတန်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်သူ့ကိုမချစ်နိုင်တာလဲ"

ထွန်းယို့ကတည်ကြည်သောမျက်နှာထားဖြင့် ပြန်ပြောလိုက်လေသည်။



"ရှင်းရှင်းပြောရရင် ခုချိန်ထိ ပုလဲကျေးရွာသခင်မလေးကို မြင်တောင်မမြင်ဖူးပါဘူး၊ ဖြူတယ်၊ မည်းတယ်မသိပါဘူး"

"တစ်ခါမှမတွေ့ဘူး၊ မမြင်ဖူးဘူးပေါ့၊ ဒါနဲ့များတောင် မချစ်နိုင်ဘူးလို့ ယတိပြတ်ပြောနိုင်သေးသလား၊ သူဟာ နတ်မိမယ်လေးတစ်ယောက်လို ချောမောလှပနေမယ်ဆိုရင်ကော ...."

ထွန်းယို့ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်က သူ့ကို ဘယ်လိုမှစိတ်ဝင်စားမှာမဟုတ်ပါဘူး"

"အစ်ကို သူ့ကိုမမြင်ရသေးလို့ ခုလိုပြောနေတာတော့မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးညီမရယ်"

"ဒါဖြင့် ဘာကြောင့် ဒီလောက်တောင် ခါးခါးသီးသီးဖြစ်နေရတာလဲ၊ ဘာကြောင့် လက်မခံနိုင်ရတာလဲ"

ထွန်းယို့က သူမအား စိုက်ကြည့်လိုက်သည်။

"ကျုပ်ရဲ့ရင်ထဲမှာ ညီမတစ်ယောက်ပဲရှိနေလို့ပါ"

ဝါဝါဘုန်း၏မျက်နှာလေးနီရဲသွားပြီး ခေါင်းငုံ့ထားလိုက်လေသည်။

ooo

မေတ္တာတရားမှာ အလွန်ထူးခြားဆန်းကြယ်လှသည်မဟုတ်ပါလား။ ပုလဲကျေးရွာပိုင်ရှင်၏သားမက်လောင်းရွေးပွဲသို့သွားမည့် ထွန်းယို့သည် လမ်းခရီး၌ ပြဿနာများကြုံတွေ့ခဲ့ရပြီး ထူးခြားလှသည့်ဝါဝါဘုန်းဆိုသောမိန်းကလေးတစ်ယောက်နှင့် ပတ်သက်ခဲ့ရလေသည်။

ထွန်းယို့သည် ဝါဝါဘုန်းအား မေတ္တာသက်ဝင်နေမိပြီဖြစ်ပါသည်။ ဝါဝါဘုန်းကကော သူ့အပေါ်မည်သို့သဘောထားမည်နည်း။

ဝါဝါဘုန်းသည်လည်း ထွန်းယို့အပေါ်၌သံယောဇဉ်တွယ်နေကြောင်း ထင်ရှားပေါ်လွင်နေသည်မဟုတ်ပါလား။

လေဝှေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်ကလေးများ ကြွေကျလာလေသည်။

သို့သော် သစ်ရွက်ကလေးများမှာ အကောင်းပကတိမရှိဘဲ ထက်ပိုင်းပြတ်နေသည်။ သစ်ရွက်တစ်ရွက် နှစ်ပိုင်းပြတ်သွားအောင် အလယ်မှနေ၍ ဓားတစ်လက်ဖြင့်လှီးဖြတ်ထားသကဲ့သို့ရှိနေသည်။

ဝါဝါဘုန်းသည် သူမ၏ရှေ့သို့ကျလာသောထက်ပိုင်းပြတ်နေသည့်သစ်ရွက်ကလေးကိုကြည့်ရင်း .....

"ထင်းအိလိုက်လာပြီ"

ဟုရေရွတ်လိုက်၏။ ထွန်းယို့ ဟိုဟိုသည်သည်ကြည့်လိုက်သောအခါ ....



မလှမ်းမကမ်း၌ ဓားတစ်လက်ထောင်ထားသည့်ပမာ မလှုပ်မယှက်ရပ်နေသူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရ လေသည်။

ထွန်းယို့နှင့်ဝါဝါဘုန်းတို့ထိုင်ရာမှ ထလိုက်ကြလေသည်။

ဝါဝါဘုန်းက ....

"ထင်းအိရဲ့ဓားပညာဟာ သိပ်ကြောက်စရာကောင်းတယ်၊ အစ်ကို့ရဲ့ကျောက်စိမ်းဓားကို အသုံးပြုမှဖြစ်မယ်"

ဟုတီးတိုးသတိပေးလေသည်။

"ကောင်းပြီ"

ထွန်းယို့က ကျောက်စိမ်းဓားကိုထုတ်ကာ ရင်ဆိုင်ရန်အသင့်ပြင်ထားလိုက်လေသည်။ ထင်းအိက ....

"ဟိုသူတောင်းစားစုတ်ကော ...."

ဟုမကျေမနပ်မေးလာ၏။ ထွန်းယို့က ကျောက်စိမ်းဓားကို ညွှန်ပြလိုက်သည်။

"သိချင်ရင် ဓားကိုမေးကြည့်"

"ကောင်းပြီ"

ထင်းအိ ရိပ်ခနဲရှေ့တိုးပြီး လက်ထဲမှဓားရှည်ဖြင့် ထွန်းယို့အားတိုက်ခိုက်လိုက်သည်။

ထွန်းယို့က ကျောက်စိမ်းဓားဖြင့်ခံပေးလိုက်လေသည်။

"ခြွမ်း ...."

ကျယ်လောင်သောအသံထွက်ပေါ်လာကာ ထွန်းယို့၏လက်ထဲမှကျောက်စိမ်းဓားမှာ ထက်ပိုင်းကျိုးသွားလေတော့သည်။

ooo

ထွန်းယို့ မယုံနိုင်အောင်ဖြစ်သွားသည်။

လက်ထဲမှ ထက်ပိုင်းကျိုးသွားသောကျောက်စိမ်းဓားကို မျက်လုံးပြူးကာကြည့်မိလေသည်။

မိဘဘိုးဘွားလက်ထက်ကတည်းက ထင်ရှားကျော်ကြားခဲ့သည့်ကျောက်စိမ်းဓားမှာ ထက်ပိုင်းကျိုးသွားပြီဖြစ်သည်။

ထင်းအိ၏ဓားကထက်မြက်လှသဖြင့် ကျောက်စိမ်းဓားဖြင့်သာ ခုခံနိုင်မည်ဟုယုံကြည်ထားခဲ့သည်။

ယခုတော့ ကျောက်စိမ်းဓားလည်းခံနိုင်ရည်မရှိဘဲ ကျိုးပဲ့သွားချေပြီ။ ထွန်းယို့ ငေးငိုင်နေစဉ်မှာပင် ....

"ရှောင်နိုင်ရင် ရှောင်ပေတော့"

ထင်းအိ တစ်ဟုန်ထိုးပြေးဝင်လာပြီး ဓားဖြင့်ပိုင်းချလိုက်လေသည်။ ငေးငိုင်နေသောထွန်းယို့မှာ ထင်းအိ၏တိုက်ခိုက်မှုကို မည်သည့်နည်းနှင့်မျှ ရှောင်နိုင်တော့မည်မဟုတ်ပါချေ။

ဝါဝါဘုန်း၏ လက်တစ်ဘက်လှုပ်ရှားသွားသည်။ ကျောက်ခဲလေးတစ်လုံးပစ်လွှင့်လိုက်ရာ ....



"ဒေါက် .... "

ထွန်းယို့၏ခြေထောက်တစ်ဘက်ကို ထိမှန်သွားလေသည်။

ထွန်းယို့မှာ ခြေထောက်နာကျင်သွားသဖြင့် ယိမ်းယိုင်ကာ လဲကျမလိုဖြစ်သွား၏။ ထိုသို့ယိမ်းယိုင်သွားခြင်းကပင် ထင်းအိ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သကဲ့သို့ဖြစ်သွားလေသည်။

ဟန်ချက်ပျက်ကာ ခြေကားလျား လက်ကားလျားဖြစ်နေရာမှ လက်ထဲကိုင်ထားသောကျောက်စိမ်းဓားကျိုးဖြင့် အရှိန်လွန်ကာ ရှေ့တိုးလိုက်သလိုဖြစ်သွားပြီး ထင်းအိ၏ရင်ဝကိုထိုးစိုက်မိလိုက်တော့သည်။

"အား ...."

ထင်းအိ မြေပေါ်လဲကျသွားလေတော့သည်။

ooo

ထင်းအိသည် မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေ၏။

ထိုအချိန်မှာပင် ....

"သေပေတော့"

လူရိပ်တစ်ခုပြေးဝင်လာသည်။ ထွန်းယို့ကကျောက်စိမ်းဓားဖြင့် ဆီးကြိုတိုက်ခိုက်လိုက်၏။ သို့သော် ပြေးဝင်လာသူ၏လက်တစ်ဖက်ဆန့်ထုတ်လိုက်ရာ ထွန်းယို့ထံမှ ကျောက်စိမ်းဓားကိုလုယူပြီးသား

ဖြစ်သွားလေတော့သည်။ ထိုလူမှာ ထင်းအော့ဖြစ်လေသည်။

"ဟာ ...."

ထွန်းယို့ရင်ထိတ်ကာ ကပျာကယာနောက်ဆုတ်လိုက်လေသည်။ ထင်းအော့က အလွတ်မပေးဘဲ လုယူထားသောကျောက်စိမ်းဓားဖြင့် ထွန်းယို့၏ရင်ဝကိုထိုးစိုက်ချလိုက်လေသည်။

ထွန်းယို့ မည်သည့်နည်းနှင့်မျှမရှောင်နိုင်တော့ဘဲ သေဆုံးသွားရတော့မည်ဖြစ်ပါသည်။ သို့သော် ထွန်းယို့ကံကောင်းသွားသည်မှာ ကျောက်စိမ်းဓားကထက်ပိုင်းကျိုးနေခြင်းဖြစ်လေသည်။

ထို့ကြောင့် ထင်းအော့ကထိုးသွင်းလိုက်သောအခါ ထွန်းယို့၏ရင်ဝနှင့် ခြောက်လက်မခန့်အလိုတွင် ရပ်တန့်သွားလေသည်။

ထွန်းယို့သည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ခြေတစ်ဖက်ဆန့်ထုတ်ကန်ကျောက်ပစ်လိုက်လေသည်။

"ဝုန်း ...."

ထင်းအော့လည်း အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ooo



ထင်းအိရောထင်းအော့ပါ အရေးနိမ့်သွားကြပြီဖြစ်သည်။

ထွန်းယို့သည် မမျှော်လင့်ဘဲ ထင်းအိတို့အား အနိုင်ရလိုက်ခြင်းဖြစ်သည်။ ထွန်းယို့က ဝါဝါဘုန်းအားကျေးဇူးတင်သောအကြည့်ဖြင့်လှမ်းကြည့်လိုက်လေသည်။

ဝါဝါဘုန်းက ....

"ဗေဒါကြီးကိုကျေးဇူးတင်ရမှာရှင့်၊ သူက သုံးယောက်တစ်ယောက်အနာခံတိုက်ခိုက်ခဲ့တာကြောင့် သူဒဏ်ရာတွေရခဲ့သလို ထင်းစန်းသိုင်းသုံးဖော်လည်း မသက်သာခဲ့ဘူးလေ"

ထင်းစန်းသုံးဖော်သည်လည်း ဒဏ်ရာများရရှိထားကြသည့်အပြင် သုံးယောက်လုံးနှင့်ရင်ဆိုင်ရသည်မဟုတ်ဘဲ တစ်ယောက်ချင်းရင်ဆိုင်ရခြင်းကြောင့် ယခုကဲ့သို့ ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်ပါတော့သည်။

"မင်းတို့ကျေးဇူးထွင်နေလို့လဲ အပိုပါပဲ"

စကားသံနှင့်အတူ လူတစ်ယောက်ရောက်ရှိလာပြန်သည်။

ထင်းစန်းဖြစ်သည်။

ထင်းစန်းသိုင်းသုံးဖော်သည် လူစုခွဲကာ ဗေဒါကြီးအားလိုက်ရှာကြရင်း တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာခဲ့ကြခြင်းဖြစ်လေသည်။

သုံးယောက်သား တစ်ချိန်တည်း တစ်ပြိုင်တည်းရောက်မလာခြင်းကြောင့် ထွန်းယို့တို့ကံကောင်းသွားကြခြင်းဖြစ်လေသည်။

ထင်းစန်းရောက်လာသည်ကိုမြင်လျှင် ....

"ဒီတစ်ခါ ကျွန်မအလှည့်ပဲ"

ဝါဝါဘုန်းက ထင်းစန်းနှင့်ရင်ဆိုင်လိုက်လေသည်။

ooo

ထင်းစန်းသိုင်းသုံးဖော်တွင် တတိယညီငယ်ဖြစ်သော ထင်းစန်း၏သိုင်းပညာမှာ ကြောက်စရာကောင်းဆုံး အတော်ဆုံးဖြစ်လေသည်။

ဝါဝါဘုန်းသည် ငှက်ကလေးတစ်ကောင်ပမာရိပ်ခနဲခုန်ထွက်သွားပြီး ထင်းစန်းနှင့်ရင်ဆိုင်လိုက်သည်။

ထင်းစန်းက ....

"မင်းဘာတတ်နိုင်မှာမို့လဲ"

ဟုငေါက်ကာ လက်တစ်ဖက်ဆန့်ထုတ်ပြီး လက်ငါးချောင်းဖြင့် ဝါဝါဘုန်း၏ပခုံးကိုဖမ်းဆုပ်လိုက်လေသည်။

ဝါဝါဘုန်း အသာအယာပင် ရှောင်တိမ်းသွားနိုင်လိမ့်မည်ဟု ထွန်းယို့ယုံကြည်ထားလေသည်။ သို့သော် ဝါဝါဘုန်းရှောင်တိမ်းနိုင်ခြင်းမရှိခဲ့ချေ။

ထင်းစန်း၏လက်ငါးချောင်းသည် ဝါဝါဘုန်း၏ပခုံးကိုကုပ်ဆွဲမိလိုက်လေသည်။



သူ၏လက်ချောင်းလေးများသည် ဝါဝါဘုန်း၏ပခုံးပေါ်ရှိ မတူညီသောသွေးကြောငါးနေရာကို ထောက်ချလိုက်လေသည်။

"ဟာ ...."

ထွန်းယို့ လွှတ်ခနဲအော်လိုက်လေသည်။

ဝါဝါဘုန်း၏သွေးကြောများပျက်ဆီးကာ သိုင်းပညာအသုံးမပြုနိုင်တော့သည့်အပြင် ဒုက္ခိတဖြစ်သွားရတော့မည်ဟု တွေးကာ ထိတ်လန့်သွား၏။

ထင်းစန်းကိုလည်း ဒေါသထွက်သွားလေတော့သည်။

ထိုအချိန်မှာပင် မမျှော်လင့်သောဖြစ်ရပ်ပေါ်ပေါက်လာလေသည်။ ဝါဝါဘုန်း၏သွေးကြောကိုဖျက်ဆီးလိုက်နိုင်ပြီဟုယူဆပြီး ထင်းစန်းက လက်ကိုရုပ်သိမ်းလိုက်စဉ်မှာပင် ဝါဝါဘုန်း၏လက်တစ်ဖက်သည် အပေါ်မြောက်တက်လာပြီး ထင်းစန်းအား သွေးကြောပိတ်လိုက်လေသည်။

"အင့် ...."

ထင်းစန်း မသဲမကွဲညည်းညူရင်းမလှုပ်မယှက်ဖြစ်သွားလေတော့သည်။

ooo

ထင်းစန်းသုံးဖော် လုံးဝအရေးနိမ့်သွားကြပြီဖြစ်ပါသည်။

ဝါဝါဘုန်းနှင့်ထွန်းယို့တို့က ကံကောင်းထောက်မပြီးအနိုင်ရလိုက်သည်ဟု မယူဆကြပါ။

တရားသောသူများသာ အောင်ပန်းဆင်နိုင်ကြလိမ့်မည် မဟုတ်ပါလား။ ထွန်းယို့က ....

"ညီမက သွေးကြောနေရာပြောင်းရွှေ့တဲ့အတတ်ပညာကို တတ်မြောက်ထားတယ်ဟုတ်လား"

ဝါဝါဘုန်းပြုံးနေ၏။ ထွန်းယို့က ....

"ဒီပညာက ပုလဲကျေးရွာရဲ့မူပိုင်ပညာပဲ၊ ညီမ ပုလဲကျေးရွာနဲ့ဘယ်လိုပတ်သက်နေသလဲ"

ဝါဝါဘုန်းနှုတ်ခမ်းစူလိုက်လေသည်။

"သူက လက်ငါးချောင်းနဲ့ကုပ်ဆွဲလိုက်တော့ ကျွန်မကလဲ ကြောက်လန့်ပြီးပခုံးတွန့်လိုက်မိတာမတွေ့ဘူးလား၊ ဒါကြောင့် ကျွန်မရဲ့သွေးကြောတွေကို မိမိရရမထောက်ချနိုင်တာဖြစ်မှာပေါ့၊ ကျွန်မကိစ္စထက် အစ်ကို့ရဲ့ကျောက်စိမ်းဓားကိစ္စက ပိုအရေးမကြီးဘူးလား"

ထွန်းယို့ငိုင်သွား၏။ ရှားပါးလှသောအဖိုးတန်ဓားကောင်းတစ်လက်မှာ အဘယ်ကြောင့်ကျိုးသွားရပါသနည်း။

ဝါဝါဘုန်းက ....

"မင်္ဂလာအထိမ်းအမှတ်ဖြစ်တဲ့ ကျောက်စိမ်းဓား ကျိုးသွား



လို့ အစ်ကိုစိတ်မကောင်းဖြစ်နေတယ်မဟုတ်လား"

ထွန်းယို့ ဘာမှမပြောပါ။ ဝါဝါဘုန်းက ....

"သိပ်ပြီးစိတ်မပျက်ပါနဲ့ရှင်၊ ဒါကအတုကြီးပါ"

"ဟင် ...."

"အတုမို့ ကျိုးသွားတာပေါ့"

"ဒါ .... ဒါဆို အစစ်ကဘယ်မှာလဲ"

ဝါဝါဘုန်းခါးထောက်ကာ ရန်တွေ့လိုက်လေသည်။

"ကျောက်စိမ်းဓားအတုလုပ်ပြီး အစစ်နဲ့လဲယူထားလိုက်တာဘယ်သူဖြစ်မလဲဆိုတာတောင် အစ်ကိုမစဉ်းစားတတ်တောဘူးလား"

ဤတွင် ထွန်းယို့လည်း လူတစ်ယောက်အား သတိရလိုက်လေတော့သည်။

ooo

စားပွဲပေါ်၌ ကျောက်စိမ်းဓားရှိနေပါသည်။ လက်နက်ပါရဂူပူးလုံကသေသေချာချာစစ်ဆေးကြည့်ရှုနေသည်။ ကျောက်စိမ်းဓားပေါ်မှလျှို့ဝှက်ချက်အား ရှာဖွေခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်ပါသည်။ သို့သော် ....

ယခုတိုင်လျှို့ဝှက်ချက်ကို ဖော်ထုတ်ခြင်းမပြုနိုင်သဖြင့် စိတ်ဓာတ်ကျဆင်းလာလေတော့သည်။

"ကျောက်စိမ်းခဲးမှာလျှို့ဝှက်ချက်ရှိတယ်ဆိုတာ တကယ် မှဟုတ်ရဲ့လား"

ဝူးလုံ၏ညည်းတွားသံနှင့် မရေးမနှောင်းမှာပင် ....

"တကယ်ရှိတာပါဗျာ"

စကားသံတစ်ချက်ထွက်ပေါ်လာသည်။ ဝူးလုံကြည့်လိုက်ရာ လူနှစ်ယောက်လှမ်းဝင်လာသည်ကိုတွေ့လိုက်ရသည်။ ထွန်းယို့နှင့် ဝါဝါဘုန်းတို့ဖြစ်သည်။ ဝူးလုံသက်ပြင်းချလိုက်သည်။

"ကျုပ်က ကျောက်စိမ်းခဲးအတုလုပ်ပြီး အစစ်နဲ့လဲယူထားလိုက်တာကို မင်းတို့သိသွားပြီကိုး"

ထွန်းယို့က ....

"ခင်ဗျားဟာ နဂါးစိမ်းဂိုဏ်းမှာ အရေးပါတဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်တယ်ဆိုတာလဲ သိပြီးပါပြီဗျာ"

"ဩော် ...."

ဝူးလုံ၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

ထွန်းယို့က ....

"ခင်ဗျားတို့ဟာ သိုင်းရာဇဝမ်းချီကိုလုပ်ကြံပြီး ကျုပ်အဖေနဲ့ပုလဲကျေးရွာပိုင်ရှင်တို့ကိုပါ လုပ်ကြံဖို့စီစဉ်ထားကြတယ်ဆိုတာလဲ သိပြီးပါပြီဗျာ"

ဝူးလုံက ....



"မင်းမဆိုးဘူး .... ဒါပေမဲ့ ကျုပ်အကြောင်းကို မင်းတို့ထုတ်ဖော်ခွင့်ရမယ်လို့များထင်နေသလား"

ထွန်းယို့ရယ်မောလိုက်သည်။

"ကျုပ်တို့သာမကဘူး၊ အားလုံးသိနေကြပါပြီဗျာ"

သူ၏စကားသံနှင့်မရေးမနှောင်းမှာပင် လူတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်။

"သူပြောတာအမှန်ပဲ"

ဝူးလုံကြည့်လိုက်သောအခါ သိုင်းရာဇာဝမ်းချီနှင့်ဗေဒါကြီးတို့ လှမ်းဝင်လာကြသည်ကိုတွေ့လိုက်ရ၏။ ဝူးလုံ ဘာမှမတတ်နိုင်တော့ဘဲခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

၀၀၀

လက်နက်ပါရဂူဝူးလုံ၏အိမ်လေးမှာ အနောက်ဘက်၌ ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ဝူးလုံသည် နဂါးစိမ်းဂိုဏ်းမှအရေးပါသောခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ ဝူးလုံထံမှ နဂါးစိမ်းဂိုဏ်းအကြောင်းကိုဖော်ထုတ်နိုင်တော့ည်ဖြစ်ပါသည်။

နဂါးစိမ်းဂိုဏ်းသည် များမကြာမီ သိုင်းလောကသားများ၏ ဖော်ထုတ်ချေမှုန်းဖျက်ဆီးခြင်းခံရတော့မည်ဟု ထွန်းယို့နှင့်ဝါဝါဘုန်း

တို့ ယုံကြည်ထားကြလေသည်။ ထွန်းယို့က လှေကလေးကိုလှော်ခတ်နေ၏။ ဝါဝါဘုန်းကလှေဦး၌ရပ်နေ၏။ သူမ၏လက်ထဲ၌ ကျောက်စိမ်းဓားရှိနေပါသည်။

သူမသည် ကျောက်စိမ်းဓားကိုအလွန်စိတ်ဝင်စားနေသည်။ ထွန်းယို့အား လှမ်းမေးလိုက်လေသည်။

"မင်္ဂလာလက်ဖွဲ့ပစ္စည်းဖြစ်တဲ့ဒီကျောက်စိမ်းဓားကို ဒီတစ်ခါ ကျွန်မတကယ်လွှင့်ပစ်လိုက်မယ်ဆိုရင်ကော ...."

ထွန်းယို့ခေါင်းညိတ်လိုက်လေသည်။

"ညီမ သဘောပါပဲ"

ဝါဝါဘုန်းသည် ချက်ချင်းပင် ကျောက်စိမ်းဓားကို ရေကန်ထဲပစ်ချလိုက်လေသည်။

"ပလုံ ...."

ကျောက်စိမ်းဓားသည် ရေကန်ထဲကျသွားပြီး စုံးစုံးမြုပ်သွားလေသည်။ ထွန်းယို့က ကျောက်စိမ်းဓားကိုလှမ်းကြည့်နေစဉ်မှာပင် ....

"ဟူး ...."

လှေကလေး လှုပ်ယမ်းသွားလေသည်။

ဝါဝါဘုန်းသည် လှေပေါ်မှခုန်ထွက်သွားလေသည်။

သူမ၏ခန္ဓာကိုယ်သည် ပေ့ါပါးစွာဖြင့် လေထဲရောက်ရှိသွားပြီး ကျွမ်းတစ်ပတ်ပစ်လိုက်လျှင် ကမ်းပေါ်သို့ရောက်သွားလေသည်။



"ညီမ ...."

ထွန်းယို့အော်ခေါ်လိုက်သော်လည်း ဝါဝါဘုန်းကလုံးဝလှည့်မကြည့်တော့ချေ။ သူမ လျင်မြန်စွာပြေးသွားပြီး တစ်ခဏတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

၀၀၀

မင်္ဂလာလက်ဖွဲ့ပစ္စည်းဖြစ်သော ကျောက်စိမ်းဓား ဆုံးရှုံးသွားပြီဖြစ်ပါသည်။ သို့သော် ထွန်းယို့ဝမ်းမနည်းပါချေ။ ဝါဝါဘုန်းနှင့် ဆုံတွေ့ပြီးနောက် ပုလဲကျေးရွာ၏သားမက်မဖြစ်လိုတော့ပါ။

ဝါဝါဘုန်းက သူ၏အသည်းနှလုံးကို ပိုင်စိုးသွားပြီမဟုတ်ပါလား။ ထို့အတူ ဝါဝါဘုန်းသည်လည်း သူ့အပေါ်မေတ္တာသက်ဝင်နေပြီဖြစ်ကြောင်းထင်ရှားလေသည်။

သူမသည် ပုလဲကျေးရွာမှ မင်္ဂလာကိစ္စရှိနေသဖြင့် ဝမ်းနည်းစွာလမ်းခွဲသွားခြင်းဖြစ်ကြောင်း ထွန်းယိုနားလည်မိလေသည်။

သူ့အတွက် အနစ်နာခံသွားခြင်းဟုလည်း ဆိုနိုင်ပါသည်။

သူက ပုလဲကျေးရွာသို့မသွားဘဲ ဝါဝါဘုန်းနောက်သို့ လိုက်သွားမည်လော။

ထွန်းယို့သည် ဖခင်ကြီး၏မျက်နှာကိုမြင်ယောင်လာ၏။

ဖခင်ကြီးသည်လည်းကောင်း ....

သူကိုယ်တိုင်သည်လည်းကောင်း ....

မည်သည့်ကိစ္စမဆို ပြီးပြတ်အောင်လုပ်ကိုင်ဆောင်ရွက်တတ်သူများဖြစ်လေသည်။

သိုင်းလောကပြဿနာများပြီးဆုံးသွားပြီးနောက် ပုလဲကျေးရွာနှင့်ပတ်သက်သောကိစ္စများကို ပြီးပြတ်အောင်ဖြေရှင်းသွားရမည်ဖြစ်ပါသည်။ ထွန်းယို့သက်ပြင်းချလိုက်လေသည်။

"ပုလဲကျေးရွာကို အရင်ဆုံးသွားရတော့မှာပဲ"

ပုလဲကျေးရွာသို့ဦးဆုံးသွားပြီးဖြေရှင်းရန် ဆုံးဖြတ်ကာ လှေကလေးကို ကမ်းစပ်ဆီသို့ဦးတည်လှော်ခတ်လိုက်လေတော့၏။

ooo

ပုလဲကျေးရွာသည် သာယာလှပနေသည်။

ပုလဲကျေးရွာပိုင်ရှင်ကျုံခွမ်း၏အိမ်ဂေဟာကလည်း ခမ်းနားကြီးကျယ်လှ၏။

ထွန်းယို့သည် အဆောက်အအုံရှေ့တွင် မြင်းကိုချည်နှောင်ထားပြီးဧည့်ခန်းထဲသို့ဝင်လာသည်။ သူ၏ဖခင်ထွန်းဟွီးဟင်သည် သူ့အား သုန်သုန်မှုန်မှုန်မျက်နှာထားဖြင့် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ပုလဲကျေးရွာပိုင်ရှင်ကျုံခွမ်းသည် ထွန်ဟွီးဟင်နှင့် ပခုံးချင်းယှဉ်၍ထိုင်နေ၏။



"မင်းကို ကျောက်စိမ်းဓားယူပြီး ပုလဲကျေးရွာလာဖို့ ငါခိုင်းလိုက်တယ်မဟုတ်လား"

သူ့ဖခင်၏မျက်နှာသည် ခက်ထန်မာကျောနေ၏။

"ဟုတ်ပါတယ်ဖေဖေ"

သူ့ကျောကုန်းတစ်ခုလုံး ဇောချွေးများပင်စီးကျနေသည်။

"ဒါဖြင့် ဓားကော"

ထွန်းယို့၏မျက်နှာတစ်ခုလုံး သွေးရောင်ပင်မရှိတော့ချေ။

"ကျ .... ကျွန်တော် ....ပျောက်သွားပြီ"

"ဘာ ...."

သူ့ဖခင်အသံသည် ဧည့်ခန်းတစ်ခုလုံးဟိန်းထွက်သွား၏။

"မင်းအိမ်ကမထွက်မီ ငါဘာတွေမှာခဲ့သလဲ၊ အခုမင်းကတို့ဘိုးဘွားပိုင်ဓားပါဖျောက်ပစ်လိုက်တယ်၊ ဒီဓားကိုမင်းဘယ်လိုလုပ်ဖျောက်ပစ်လိုက်သလဲ၊ ပြောစမ်း"

"ကျွန် .... ကျွန်တော်သတိမထားမိလို့ ပျောက်သွားတာပါ"

"မင်းဟာမင်းပျောက်သွားတာလား၊ ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကြောင့်ပျောက်သွားတာလား"

"ကျွန်တော့်ကြောင့် ပျောက်သွားတာပါ"

ကျုံခွမ်းသည်ပြုံးပြီး ထွန်းဟွီးဟင်ဘက်သို့လှည့်ကာ ....

"ယောကျ်ားတစ်ယောက်ဟာ သူ့အသည်းစွဲချစ်သူအတွက်

ဆိုရင် အရိုးကြေကြေအရေခန်းခန်း အသက်စွန့်ပုံတာပဲ၊ ချစ်သူ့အတွက်ရှိသမျှအပြစ်ကို ကိုယ်ကပဲခံယူတတ်ကြတယ်လို့ ခင်ဗျား ကြားခဲ့တယ်မဟုတ်လား"

ထွန်းယို့သည် ကျူးခွမ်း၏စကားကြောင့် စိတ်ထဲ၌ထူးဆန်းသကဲ့သို့ရှိသည်ဟုထင်မိလေသည်။

ထွန်းဟွီးဟင်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး ....

"ကဲ .... ထားပါလေ၊ အခု မင်းနဲ့ငါ့မိတ်ဆွေကျူးခွမ်းရဲ့သမီးနဲ့လက်ဆက်ဖို့ တို့လူကြီးတွေတိုင်ပင်ထားပြီးပြီ၊ မင်းဘယ်လိုသဘောထားသလဲ"

ထွန်းယို့သည် ခေါင်းငိုက်စိုက်ချကာ မည်သို့ပြောရမည်ကို စဉ်းစားနေလေသည်။

"ဟေ့ကောင် .... ငါမေးနေတာမကြားဘူးလား"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ကျူးခွမ်းအား တစ်ချက်မော့ကြည့်လိုက်ပြီး ....

"ကျွန် .... ကျွန်တော်လက်မခံပါရစေနဲ့"

"ဘာ .... မင်းက လမ်းမှာချစ်သူနဲ့များတွေ့ခဲ့သလား"

ထွန်းဟွီးဟင်၏အသံသည် ဟိန်း၍ထွက်လာ၏။

သူသည် ထွန်းယို့အား မကျေမနပ်လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး ....



"မင်းတကယ်ပြောနေတာလား၊ ကျူးခွမ်းရဲ့သမီးဟာ တော်ရုံတန်ရုံလူနဲ့များ ပေးစားမယ်လို့ မင်းထင်နေသလား၊ ကဲ .... ကျုပ်နောက်ဆုံးတစ်ခွန်းပဲမေးမယ်၊ မင်းသဘောတူလား၊ မတူဘူးလား"

ထွန်းယို့ကခေါင်းခါယမ်းလိုက်ပြီး ....

"ကျွန်တော်ဆုံးဖြတ်ပြီးပါပြီဖေဖေ၊ ကျွန်တော် သဘောမတူနိုင်ဘူး"

ကျူးခွမ်းသည် အားရပါးရရယ်မောလိုက်ပြီး ....

"ကဲ .... ဒါတွေနောက်မှပြောပါ၊ မင်းလဲ ခရီးပန်းလာတယ်၊ ထမင်းစား အနားယူပြီးမှထပ်ဆွေးနွေးကြတာပေါ့"

ooo

ကြီးမားသောစားပွဲပေါ်၌ ဟင်းလျာများစုံလင်လှသည်။

စားပွဲကိုဝိုင်းရံ၍ ကျူးခွမ်းနှင့်ဇနီး၊ ထွန်းဟွီးဟင်၊ ထွန်းယို့တို့လေးယောက်ထိုင်ကြလေသည်။

ထွန်းဟွီးဟင်သည် ကျူးခွမ်းဘက်သို့လှည့်လိုက်ပြီး ....

"သူငယ်ချင်း .... ခင်ဗျားသမီးပုလဲကို တစ်ခါထည်းစားနိုင်းလိုက်ပါ၊ နောက်ပြီး ငါ့သားနဲ့လဲ တစ်ခါထဲမိတ်ဆက်ပေးရအောင်"

ကျူးခွမ်းကခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်သားပဲ၊ မေ့နေလိုက်တာ"

သူသည် ဤသို့ပြောပြီး အနားတွင်ရပ်နေသောအိမ်ဖော်တစ်ယောက်အားလှမ်း၍ ....

"ဟေ့ .... သမီးပုလဲကိုခေါ်လိုက်စမ်းပါကွယ်၊ ဧည့်သည်က တွေ့ချင်လို့တဲ့"

အိမ်ဖော်သည် အရိုအသေပြုလိုက်ပြီး ....

"ဟုတ်ကဲ့ဘဘ"

ဟုပြောပြီးထွက်သွားလေတော့သည်။ မကြာပါချေ။ တံခါးတွင်ချိတ်ထားသောဝါးယင်းတစ်ချက်လှုပ်ခါသွားသည်။

အစိမ်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးသည် မျက်နှာထားတည်တည်ဖြင့် ထွက်လာလေတော့သည်။

ထွန်းယို့ခေါင်းမော့ကြည့်လိုက်သောအခါ သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏။ သူသည် နေမထိ ထိုင်မရဖြစ်သွားလေသည်။

မိန်းကလေးက သူ့အားတစ်ချက်ပြုံးပြလိုက်ပြီး စားပွဲရှိရာသို့ လျှောက်လာလေသည်။

ထွန်းယို့သည် သူ၏ဖခင်ဘက်သို့လှည့်လိုက်သည်။

"ဖေဖေ ...."

ထွန်းဟွီးဟင်သည် သူ့အားခပ်တည်တည်ဖြင့်ကြည့်ကာ ....

"ဘာလဲကွ"

ထွန်းယို့က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ....



"ကျွန်တော် ဖေဖေ့စကားကိုနားထောင်ပါ့မယ်"

ထွန်းဟွီးဟင်က သူ့အားမျက်မှောင်ကုပ်ကြည့်လိုက်ပြီး ....

"မင်းက ငါပေးထားတဲ့စည်းကမ်းချက်ခုနစ်ချက်စလုံးကို ဖောက်ဖျက်ကျူးလွန်ပြီးမှ ဘာတွေနာခံမှာလဲကွ"

ထွန်းယို့က မိန်းကလေးအားတစ်ချက်ကြည့်လိုက်ပြီး ....

"ဖေဖေပေးစားတဲ့မိန်းကလေးကို သဘောတူပါတယ်လို့ ပြောမလို့ပါ"

ထွန်းဟွီးဟင်ကမျက်မှောင်ကုပ်လိုက်ပြီး ....

"ဒါနဲ့ မင်းမှာချစ်သူရှိတယ်ဆိုကွာ"

ထွန်းယို့က မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကျွန်တော့်ချစ်သူဆိုတာ သူပါပဲ"

ဟုတ်ပါ၏။ ကျူခွမ်း၏သမီးဖြစ်သူ ပုလဲတစ်ဖြစ်လဲဝါဝါဘုန်းပင်ဖြစ်ပါသည်။ သူမသည် မိဘပေးစားလိုသောထွန်းယို့နှင့် လူရှောက်ယင်းအား အကဲခတ်ရန် ရုပ်ဖျက်၍လိုက်လံစုံစမ်းခဲ့ခြင်းဖြစ်ပါသည်။

ဝါဝါဘုန်းတစ်ဖြစ်လဲ ပုလဲသည်ပြုံး၍ သူ့လက်ထဲမှကျောက်စိမ်းဓားအား ထွန်းယို့အားပြန်ပေးလိုက်လေသည်။

"ဟင် .... ဒီကျောက်စိမ်းဓား ...."

ထွန်းယို့၏စကားမဆုံးမီ ပုလဲကပြုံးလိုက်ပြီး ....

"ကျွန်မ ရေကန်ထဲလွှင့်ပစ်လိုက်တာ တခြားဓားပါရှင်"

ထွန်းယို့သည် ထိုကျောက်စိမ်းခေါးအား လက်နှစ်ဖက်ဖြင့် ကိုင်လျက် ကျူခွမ်းရှေ့သို့ ရှိသေစွာလှမ်းပေးလိုက်ရင်း ....

"ကျွန်တော်ထွန်းယို့က ဖခင်ထွန်းဟွီးဟင်ကိုယ်စား ဒီဘိုးဘွားပိုင်ကျောက်စိမ်းခေါးကို လေးစားစွာအပ်နှင်းပါတယ်ခင်ဗျာ"

ကျူခွမ်းနှင့်ဇနီး၊ ထွန်းဟွီးဟင်တို့သည် တဟားဟားရယ်မောလိုက်လေသည်။ ထွန်းယို့သည် ဝါဝါဘုန်းတစ်ဖြစ်လဲ ပုလဲအား စိုက်ကြည့်နေသည်။ ဝါဝါဘုန်းမှာမူ ခေါင်းငုံ့လိုက်လေသည်။

သူမ၏မျက်နှာတစ်ခုလုံးမှာလည်း ရှက်သွေးဖြန်းကာ နီမြန်းလာလေတော့သည်။

ပြီး၏။

မိုးကျော်သူ